ခုနစ်ရက်၊ တလ၊ ရဟန်းဘောင်သို့
တက်ကြွသော အမျိုးကောင်းသားတို့သည်
မိမိတို့ သီလသိက္ခာပုဒ်တို့ကို
အလွယ်တကူ သိရှိနားလည်စေရန်အတွက်
ကျီ ဏ စံ ဦး အာ ဂ စ ရ
ရေး သား သော

# ဒုလ္လဘရဟန်း

ဖြန့် မ ခ ပြန့်

# ဝိနည်းကျမ်း

---

ဒုတိယ နှိပ်ခြင်း

ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၅၂-၂၅-လမ်း
ထဆိုတန်း-ရန်ကုန်မြို့၊

၁၃၁၀-ခု၊ ဝါခေါင်လ

အဘိုး ၆-၅၀-ပြားသာ

ရန်ကုန်မြို့

ကျိုက္ကစံ အသျှင် - အာစာရမဟာထေရ်သည်

ခုနှစ်ရက်-ဘာလ-ပဋ္ဌင်းခံကြသော

အပျိုး သား များ နှင့် ဝိနယာဓိက

စာမေးပွဲဝင် စာသင် သောတာဘုဇနတို့ အတွက်

သဒ္ဒါပုဒ်အင်္ဂါပါ ထည့်ဖွင့်၍

ရေး သား အပ် သော

# ဒုလ္လဘရယာနိုး

# မြန်မာပြန် - ဝိနည်းကျမ်း

---

ပါဠိဆရာ ဦးဝင်းမောင် အမှူးရှိသော

စာပြင်ဆရာအဖွဲ့မှ တည်းပြင်ပုံနှိပ်သည်

---

ဒုတိယ နှိပ်ခြင်း

ပြည်ကြီးမဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်

၁၃၁၈-ခု၊ ဝါခေါင်လ

# အလွယ်ကြည့်ရှုရန် မာတိကာစဉ်


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း .... .... | ၁ |
| | ခုနစ်ရက် ရဟန်းခံ၍၊ စကြာမင်းခုနစ်ကြိမ် ဖြစ်ပြီး ရဟန္တာ ဖြစ်သွားသော သဏ္ဍာဟ ထေရ်ဝတ္ထု .... .... | ၃ |
| | ပဏာမ .... .... | ၇ |
| ၁ | ပဌမ ပါရာဇိက သိက္ခာပုဒ်နှင့် ပုဒ်ခွဲ အဓိပ္ပါယ် .... .... | ၉ |
| | သိက္ခာသုံးပါး ရှင်းလင်းချက် .... | ၁၀ |
| | မဂ်-၃၀ ရေတွက်ပုံ .... .... | ၁၃ |
| | ဥဘတောဗျည်း ပဏ္ဍုက် ရှင်းလင်းချက် | ၁၄ |
| ၂ | ဒုတိယပါရာဇိကသိက္ခာပုဒ်နှင့် ပုဒ်ခွဲအဓိပ္ပါယ် | ၁၆ |
| ၃ | တတိယပါရာဇိကသိက္ခာပုဒ်နှင့်ပုဒ်ခွဲအဓိပ္ပါယ် | ၂၀ |
| ၄ | စတုတ္ထပါရာဇိကသိက္ခာပုဒ်နှင့်ပုဒ်ခွဲအဓိပ္ပါယ် | ၂၅ |


## သံဃာဒိသိသ် သိက္ခာပုဒ် ၁၃-ပါး


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | သုက်လွှတ်စေသော သိက္ခာပုဒ်နှင့် ပုဒ်ခွဲ အဓိပ္ပါယ် .... ...... | ၃၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂ ကိုယ်လက်နှိုးနှောခြင်း သိက္ခာပုဒ်နှင့် ပုဒ်ခွဲ
အဓိပ္ပါယ် .... .... ၃၄
၃ ရုန့်ရင်းသောစကားဆိုခြင်း သိက္ခာပုဒ်နှင့်
ပုဒ်ခွဲအဓိပ္ပါယ် .... .... ၃၇
၄ မေထုန်နှင့်စပ်သော စကားပြောခြင်းသိက္ခာပုဒ်နှင့်
ပုဒ်ခွဲ အဓိပ္ပါယ် .... .... ၃၈
၅ အောင်တမန်သွားခြင်း သိက္ခာပုဒ်နှင့် ပုဒ်ခွဲ
အဓိပ္ပါယ် .... ...... ၄၂
၆ ကိုယ်တိုင်ကျောင်းဆောက်ခြင်း သိက္ခာပုဒ်နှင့်
ပုဒ်ခွဲအဓိပ္ပါယ် .... .... ၄၄
၇ ကြီးစွာသောကျောင်းဆောက်ခြင်းသိက္ခာပုဒ် ၄၅
၈ တပါးသောရဟန်းကို ပါရာဇိကအာပတ်ဖြင့်
စွပ်စွဲခြင်း သိက္ခာပုဒ်နှင့် ပုဒ်ခွဲအဓိပ္ပါယ် ၄၆
၉ ပါရာဇိကဖြင့် ဒုတိယစွပ်စွဲသော သိက္ခာပုဒ်နှင့်
ပုဒ်ခွဲအဓိပ္ပါယ် .... ...... ၄၈
၁၀ သံဃာကွဲပြားအောင်ပြုသောသိက္ခာပုဒ် ၅၀
၁၁ သံဃာကွဲပြားအောင် အတုလိုက်သော
သိက္ခာပုဒ် .... .... ၅၂
၁၂ ဆိုဆုံးမခက်သော သိက္ခာပုဒ် .... ၅၄
၁၃ တကာ တကာမတို့ကို သစ်သီးပေးခြင်း၊
ပန်းပေးခြင်းသိက္ခာပုဒ်.... .... ၅၅

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


အနိယတ သိက္ခာပုဒ် ၂-ပါး

၁ မာတုဂါမနှင့် ဆိတ်ကွယ်ရာ၌နေသော သိက္ခာပုဒ်နှင့် ပုဒ်ခွဲအဓိပ္ပါယ် .... ၅၇

၂ မာတုဂါမနှင့် မဖုံးကွယ်သော အရပ်၌နေသော သိက္ခာပုဒ်နှင့် ပုဒ်ခွဲအဓိပ္ပါယ် .... ၆၀

နိဿဂ္ဂိပါစိတ် ၃၀-ပြခြင်း

၁ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သင်္ကန်းကို သုံးဆောင်ခြင်းသိက္ခာပုဒ် .... ၆၄

၂ တိစီဝရိက် သင်္ကန်းနှင့် တညဉ့်မျှ မကင်းရသော သိက္ခာပုဒ် .... .... ၆၅

၃ တလထက်အလွန် သင်္ကန်းလျာပုဆိုးထားခြင်း သိက္ခာပုဒ် .... .... ၆၆

၄ အမျိုးမတော်သော ရဟန်း မိန်းမအား သင်္ကန်းဟောင်းဖွပ်လျှော်စေသောသိက္ခာပုဒ် ၆၇

၅ အမျိုးမတော်သော ရဟန်းမ–သင်္ကန်းကို ခံယူသောသိက္ခာပုဒ် .... .... ၆၇

၆ အမျိုးမတော်သော ဒါယကာ ဒါယိကာမ တို့ထံ သင်္ကန်းကိုနှုတ်ဖြင့်တောင်းသောသိက္ခာပုဒ် ၆၈

၇ သင်္ကန်းကို ခိုးသူလုယက်သောရဟန်းသည် သင်္ကန်းများစွာ လှူသော်လည်း သင်းပိုင်၊ ကိုယ်ဝတ်သာ ခံယူရခြင်းသိက္ခာပုဒ် .... ၆၈

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈ | ဒါယကာဇနိမ်သို့ သွား၍ သင်္ကန်းစီရင်သော သိက္ခာပုဒ် .... .... | ၆၉ |
| ၉ | ဒါယကာတို့သို့သွား၍ သင်္ကန်းကောင်းကို ဝယ်ရန် ပြောဆိုသော သိက္ခာပုဒ် | ၇၀ |
| ၁၀ | ဒါယကာဘို့က သင်္ကန်းဘိုး လှူသော ဝတ္ထုကို ကပ္ပိယက မပေးသောသိက္ခာပုဒ် | ၇၁ |

## ဒွေက-သောဓမဝဂ်

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပိုးချည်နှင့် ရောသော သိုးမွေးအခင်း ပြုသော သိက္ခာပုဒ် .... .... | ၇၄ |
| ၂ | အမည်းသက်သက် သိုးမွေးအခင်းပြုသော သိက္ခာပုဒ် .... .... | ၇၄ |
| ၃ | အသစ်ဖြစ်သောအခင်းကို အမည်းသိုးမွေး အဖြူသိုးမွေး ရောစပ်ပြုသောသိက္ခာပုဒ် | ၇၅ |
| ၄ | အသစ်သိုးမွေးအခင်းကို ခြောက်နှစ်ဆောင် ရသောသိက္ခာပုဒ် .... .... | ၇၆ |
| ၅ | ပမာဏထက် လွန်သော နိသီဒိုင်အခင်း သိက္ခာပုဒ် .... .... | ၇၆ |
| ၆ | သုံးယူဇနာထက် လွန်၍ သိုးမွေးဆောင် သော သိက္ခာပုဒ် .... .... | ၇၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၇ အမျိုးမတော်သော ရဟန်းမိန်းမကို သိုးမွေး ဖွပ်စေသောသိက္ခာပုဒ် .... .... ၇၈
၈ ရွှေ-ငွေကိုကိုင်ခံ သော သိက္ခာပုဒ် .... ၇၈
၉ ရွှေ-ငွေကိုဖလှယ်သောသိက္ခာပုဒ် .... ၇၉
၁၀ ဝယ်ခြင်း ရောင်းခြင်း သိက္ခာပုဒ် .... ၇၉

## ပဉ္စမဝဂ်

၁ ၁၀-ရက် အတွင်း သပိတ်ကို အဓိဋ္ဌာန် ဝိကပ္ပနာပြုသောသိက္ခာပုဒ် .... ၈၀
၂ သပိတ်သစ် တောင်းသောသိက္ခာပုဒ် ၈၀
၃ ဖျားနာသောရဟန်း ဆေးကိုသုံးဆောင်ခြင်း ပြုသော သိက္ခာပုဒ် .... .... ၈၁
၄ မိုးသည်းရေခံသင်္ကန်း ရှာမှီးခြင်း သိက္ခာပုဒ် ၈၂
၅ သင်္ကန်းပေးပြီးမှ ပြန်လုယူသောသိက္ခာပုဒ် ၈၃
၆ ချည်ကို တောင်း၍ သင်္ကန်း ယက်သော သိက္ခာပုဒ် .... .... ၈၃
၇ ယက်ကန်းသည်တို့ထံကပ်၍ သင်္ကန်းစီရင် သောသိက္ခာပုဒ် .... .... ၈၄
၈ သင်္ကန်း ကာလထက် လွန်၍ သင်္ကန်းထား ခြင်းသိက္ခာပုဒ် .... .... ၈၅

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | ရွာတွင်း၌ထားသော သင်္ကန်းနှင့် ခြောက်ညဉ့်ကင်းသော သိက္ခာပုဒ် .... .... | ၈၆ |
| ၁၀ | သံဃာကို ညွတ်ပြီးသော သင်္ကန်းကို မိမိသို့ ညွတ်စေသော သိက္ခာပုဒ် .... | ၈၇ |

## သုဒ္ဓပါစိတ် ၉၂-ပါး

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မုသားစကား ပြောဆိုခြင်းမှစ၍ သိက္ခာပုဒ် ၁၀-ပါး ပြခြင်း .... .... | ၈၇ |
| ၂ | မြက်သစ်ပင်ဖျက်ဆီးခြင်းမှစ၍ သိက္ခာပုဒ် ၁၀-ပါးပြခြင်း .... .... | ၉၃ |
| ၃ | ရဟန်းမိန်းမတို့ကို ဆုံးမခြင်းမှစ၍သိက္ခာပုဒ် ၁၀-ပါး ပြခြင်း .... .... | ၉၉ |
| ၄ | ဧည့်သည်တို့အတွက် ထားသော ဆွမ်းကို တကြိမ်ထက် ပိုစားခြင်းမှစ၍ သိက္ခာပုဒ် ၁၀-ပါး ပြခြင်း .... .... | ၁၀၄ |
| ၅ | ပရိဗိုဇ်မအား ဘောဇဉ် ပေးခြင်းမှ စ၍ သိက္ခာပုဒ် ၁၀-ပါး ပြခြင်း .... | ၁၁၀ |
| ၆ | သေ အရက်သောက်ခြင်းမှစ၍ သိက္ခာပုဒ် ၁၀-ပါးပြခြင်း .... .... | ၁၁၆ |
| ၇ | တိရစ္ဆာန်ကို သတ်ခြင်းမှစ၍ သိက္ခာပုဒ် ၁၀-ပါး ပြခြင်း .... .... | ၁၂၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | ဝိနည်းသိက္ခာပုဒ်ဖြင့် ဆုံးမ၍ မရခြင်းမှစ၍ သိက္ခာပုဒ် ၁၂-ပါး ပြခြင်း .... | ၁၂၉ |
| ၉ | မိဖုရားရှိသော တိုက်ခန်းသို့ ဝင်ခြင်းမှစ၍ သိက္ခာပုဒ် ၁၀-ပါး ပြခြင်း .... | ၁၃၇ |

**ပါဋိဒေသနီယလေးပါး**

| | | |
|---|---|---|
| | ပါဋိဒေသနီယလေးပါးကိုပြခြင်း .... | ၁၄၃ |

**သေခိယ ၇၅-ပါး**

| | | |
|---|---|---|
| ၁ | အဝန်းညီညွတ်စွာ သင်းပိုင် ကိုယ်ဝတ်ကို ဝတ်ရုံခြင်းမှစ၍သိက္ခာပုဒ် ၁၀-ပါး ပြခြင်း | ၁၄၆ |
| ၂ | ပြင်းစွာရယ်လျက် ရွာတွင်း၌မသွားခြင်းမှ စ၍ သိက္ခာပုဒ် ၁၀-ပါး ပြခြင်း .... | ၁၄၇ |
| ၃ | ခါးကိုထောက်လျက် ရွာတွင်း၌ မသွား ခြင်းမှစ၍ သိက္ခာပုဒ် ၁၀-ပါး ပြခြင်း | ၁၄၈ |
| ၄ | ရိုသေစွာဆွမ်းကို စားခြင်းမှစ၍ သိက္ခာပုဒ် ၁၀-ပါး ပြခြင်း .... .... | ၁၄၉ |
| ၅ | ဆွမ်းလုပ် ခံတွင်းသို့ မရောက်မီ ခံတွင်း ကို မဖွင့်ခြင်းမှစ၍သိက္ခာပုဒ် ၁၀-ပါးပြခြင်း | ၁၅၀ |
| ၆ | ရှပ်ရှပ် အသံကို ပြု၍ မစားခြင်းမှ စ၍ သိက္ခာပုဒ် ၁၀-ပါးပြခြင်း .... | ၁၅၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇ | ခြေနင်းစီးသော မနာမဖျားသူအား တရား မဟောအပ်မှစ၍ သိက္ခာပုဒ် ၁၀-ပါးပြခြင်း | ၁၅၂ |
| | ဒေသနာကြားပုံပြခြင်း .... | ၁၅၅ |
| | **ပုတီးစိတ်ဆေးခုနှ** | |
| ၁ | သက်န်း၌ ဆင်ခြင်ရန်ပြခြင်း .... | ၁၅၈ |
| ၂ | ဆွမ်း၌ ဆင်ခြင်ရန်ပြခြင်း .... | ၁၅၉ |
| ၃ | ကျောင်း၌ ဆင်ခြင်ရန်ပြခြင်း .... | ၁၅၉ |
| ၄ | ဆေး၌ ဆင်ခြင်ရန်ပြခြင်း .... | ၁၆၀ |
| ၅ | ဒုလ္လဘရဟန်း မှတ်ဘွယ်ကိုပြခြင်း | ၁၆၀ |
| ၆ | ဆွမ်းစားသောအခါ ကျင့်ဝတ်ပြခြင်း | ၁၆၁ |
| ၇ | သက်န်းအရောင်အဆင်းပြခြင်း .... | ၁၆၁ |
| ၈ | ကျင်ကြီးအိမ်တက်ရန် ကျင့်ဝတ်ပြခြင်း | ၁၆၂ |
| ၉ | သင်္ကန်းအဓိဋ္ဌာန်တင်ပုံမှစ၍ပြခြင်း | ၁၆၃ |

# နိဒါန်း

သဗ္ဗညုတ-- ဉာဏ်တော်သခင်၊ ဘုရားရှင် တို့သည်၊ ကမ္ဘာ အစဉ်အဆက်၊ ပွင့်ထွန်း ပေါ်ထွက်တော် မူကြ ကုန်သည်မဟုတ်၊ ရံခါ ရံခါမှသာလျှင် ပွင့်တော်မူကြ ကုန်၏၊ ထိုဘုရားရှင်တို့ ပွင့်တော်မူသော-အချိန်ကာလ၌ သာလျှင် သာသနာဝန်ထမ်း-ရဟန်း၏အဖြစ် သာမဏေ၏ အဖြစ်ကို၊ စင်စစ်ရနိုင်ကြကုန်၏။ ဘုရားရှင်တို့ မပွင့်သော အချိန်ကာလတို့၌၊ ရဟန်းအဖြစ် – သာမဏေ– အဖြစ်ကို စင်စစ် မရနိုင်သဖြင့် ရဟန်း၏အဖြစ်သည် အလွန်ရခဲ၏။

ဤလူ့ပြည်မှတပါး အခြားသော နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ အနာဂါမ်ရဟန္တာတို့၏ တည်ရာ စင်ကြယ် စွာသော၊ သုဒ္ဓါဝါသ ဗြဟ္မာဘုံ ဌာနတို့၌ သော်လည်း၊ ရဟန်းအဖြစ်ရောက်အောင် ကျက်ဆောင်ခြင်း တံခါး ပိတ်ကွယ်၍ထားသဖြင့်၊ ရဟန်းအဖြစ် အလွန်ရခဲ ကြောင်း ကောင်းစွာသိရတော့၏။

အကြင်ပုဂ္ဂိုလ်သည်၊ လူ့ပြည်ဌာန-လူ့ဘဝကိုပင် ရ သော်လည်း၊ ရဟန်းအဖြစ်ကို တားမြစ်သော အဖြစ် ခပ်သိမ်းတို့မှ လွတ်ကင်းခြင်း၊ ရှေးရှေးသော ဘဝတို့က ပြုခဲ့ဘူးသော ကောင်းမှုရှိခြင်း၊ ဒွိဟိတ်-တိဟိတ်-ပဋိသန္ဓေ ကောင်းစွာစွဲနေခြင်း၊ ထိုပုဂ္ဂိုလ်တို့မှ သာလျှင်၊ ရဟန်း

အဖြစ်ကို စင်စစ်ရနိုင် ရောက်နိုင်ကြကုန်၏။ ထိုကြောင့် ရဟန်းအဖြစ်သည် အလွန်ရခဲ၏။

တန်ခိုးကြီးသော နဂါးမင်း–ဂဠုန်မင်း–နတ်မင်း–သိကြားမင်း–ဗြဟ္မာမင်းတို့သည် သဒ္ဓါစေတ်ခံရင့်သန်၍၊ သာသနာဝန်ဆောင် ရဟန်းဘောင်သို့ ဝင်ရောက်လိုငြားသော်လည်း၊ တိရစ္ဆာန်နယ်တွင်းသို့ သွတ်သွင်းသော ဥပဒေ တရပ် ဘုရားရှင်မိန့်မှတ်တော်မူထားသဖြင့်၊ ရဟန်းခံခြင်း တံခါး ပိတ်ကာ၍ ထားပြန်၏။ ထိုကြောင့် ရဟန်းဘဝ ရခဲကြောင်း ကောင်းစွာသိရတော့၏။

ဘုရားရှင်ပွင့်တော်မမူသော သာသနာပ–အချိန်ကာလ ၌၊ ရသေ့တို့သည်၊ မိမိတို့ကိုယ်တိုင် ရသေ့အသွင် ဝတ်ဆင်နိုင်၏။ ထိုရသေ့ကဲ့သို့ ရဟန်းအဖြစ် သာမဏေ အဖြစ်သို့ ရောက်အောင်၊ မိမိတို့ကိုယ်တိုင် ပြုလုပ်ခြင်းငှါ မရ၊ လူယောကျ်ား–ရဟန်းလောင်း–သာမဏေလောင်းကို ရဟန်း ယောကျ်ားတို့က ရဟန်းဘဝ၊ သာမဏေ ဘဝ ရအောင် ပြုလုပ်ပေးရ၏။

လူမိန်းမကိုး၊ ရဟန်းမိန်းမကာ၊ သာမဏေ–ပြုလုပ်မပေးရ။ သိကြားမင်း ဗြဟ္မာမင်းကြီးပင်ဖြစ်စေကာမူ၊ ရဟန်းအဖြစ် ကို ပြုပေးခြင်းငှါ မထွမ်းနိုင်ကြကုန်။ ထိုကြောင့်–ရဟန်း– သာမဏေအဖြစ်ကို၊ အလွန်ရခဲကြောင်းသိရ၏။

ထိုသို့–အလွန်ရခဲလှစွာသော၊ ပဗ္ဗဇိတဒုလ္လဘ–အောင် ပန်းကို ဆင်မြန်း လိုကြကုန်သော အမျိုးသားတို့အတွက်၊

အားတက်ဖွယ်ကောင်းသော၊ သဗ္ဗာဟ–ထေရ်အကြောင်း
ကို အကျဉ်းချုပ်ဖေါ် ပြပါအံ့။——

## ဒုလ္လဘရဟန်းခံသော အကျိုးဝတ္ထု၊

ဤဘဒ္ဒကပ္ပါမှ-ပြန်၍ ရေတွက်လျှင်၊ (၉၁) ကပ္ပါထက်၌၊ ဝိပဿီ-ဘုရား ထင်ရှားပွင့်တော်မူ၏။ ထိုဘုရားသခင် ရွှေလက်ထက်တော်၌၊ အမျိုးသားတယောက်သည်၊ မိမိ မှီခို အားထားရသော ဆွေမျိုး သားချင်း တို့လည်း သေဆုံးပျက်စီး ပစ္စည်းဥစ္စာတို့လည်း ပြုန်းတီးကုန်သဖြင့်၊ ကြီးစွာသော သောကဘေးကြီးနှင့် တွေ့ကြုံနေရတော့၏။ ထိုစိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းရခြင်း ဆင်းရဲဒုက္ခမှငြိမ်းအေးစေခြင်းငှါ ထိုဝိပဿီမြတ်စွာဘုရားအဆုံးအမသာသနာတော်တွင်းသို့ဝင်၍၊ ခုနစ်ရက်ရဟန်းပြု၏၊ ရဟန်းပြုသော ခုနစ်ရက် အတွင်း အကုသိုလ်စိတ်ကင်းအောင် သီလသိက္ခာ လုံခြုံစွာနေထိုင်ခဲ့ဘူးသော ကောင်းမှုကြောင့်၊ သံသရာ၌ ကျင်လည်ရငြားသော်လည်း ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသုရကာယ်ဟု ဆိုအပ်သော အပါယ်လေးပါးသို့ ကျရောက်ခြင်းမှ လွတ်ကင်းရ၏။ ဤကဲ့သို့ လွတ်ကင်းရခြင်းသည်၊ ဒုလ္လဘရဟန်းခုနစ်ရက်မျှ-ပြုခဲ့ဘူးသော အကျိုးဖြစ်၏။ ထို့မျှမကသေး၊ (၆၇) ကပ္ပါထက်၌၊ သုနိက္ခမအမည်ရသော စကြာမင်း ခုနစ်ကြိမ်ဖြစ်ခဲ့ဘူး၏။ ။

နောက်ဆုံးဘဝ၊ ငါတို့ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌၊ ရှေး-ဝိပဿီဘုရား လက်ထက်က၊ ခုနစ်

ရက်မျှ ရဟန်းပြုခဲ့ဘူးသော အထုံဝါသနာ အဆက်-နွှဲးဆော် ချက်ကြောင့်၊ ရဟန်းဘောင်သို့ တက်ခဲ့ပြန်၏။ မကြာမီ ရဟန္တာဖြစ်၍၊ နိဗ္ဗာန်အောင်ပန်း ဆွတ်လှမ်း တော်မူသော သဏ္ဍာဘာ ထေရ်ဝတ္ထုကား။—

(သေရာအပဒါန်ပါဠိတော်)

(၁) ဝိပဿိဿ ဘဂဝတော၊ သံဃော သက္ကဘမာနိတော။
ဗျသနံ မေ အနုပ္ပတ္တံ၊ ဉာတိဘေဒေါ ပုရေ အဟု။ ။

(၂) ပဗ္ဗဇ္ဇံ ဥဂ္ဂတံ ဂတ္တာန၊ ဗျသနူပ သမာယဟံ။
သဏ္ဍာဘာဒုတိရတောတပ္ပ၊ သဏ္ဍုသာသာသနကမျတာ။

(၃) ဧကနဝုတိတော ကပ္ပေ၊ ယမဟံ ပဗ္ဗဇိံ တဒါ။
ဒုဂ္ဂတိံ နာဘိ ဇာနာမိ၊ ပဗ္ဗဇ္ဇာယ ဣဒံ ဖလံ။ ။

(၄) သတ္တ သဋ္ဌိမှိတော ကပ္ပေ၊ သတ္တ အာသုံ မဟီပတိ။
သုနက္ခမာတိ ဉာယန္တိ၊ စက္ကဝတ္တိ မဟဗ္ဗလာ။ ။

(၅) ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။

(၆) ဣတ္ထံ သုဒမာယသ္မာ သဏ္ဍာဘာ ပဗ္ဗဇိတော ထေရော။
ဣမာ ဂါထာယော အဘာသိတ္ထာတိ။ ။

(အနက်ပြန်)

(၁) သံဃော၊ သံဃာတော်အပေါင်းသည်။ ဝါ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းသည်။ သက္ကဘမာနိတော၊ ပူဇော်အပ်-မြတ်နိုးအပ်ထသော။ ဝိပဿိဿ၊ ဝိပဿီဟု-

အမည်ရှိသော၊ ဘဂဝတော၊ မြတ်စွာဘုရား သခင်၏၊ ကာလေ၊ ထက်ထက်တော်၌၊ မေ-မယာ၊ ငါသည်၊ ဗျသန်၊ ပျက်စီးခြင်းသို့။ အနုပ္ပတ္တော၊ အစဉ်ရောက်ခဲ့ပြီ။ ပုရေ၊ ရဟန်း ဖြစ်သည်မှ ရှေး၌။ ဉာတိဗျသနေ၊ ဆွေမျိုးသားချင်း၏ ပျက်စီးခြင်းသည်။ အဟု၊ ဖြစ်ခဲ့လေပြီ။

(၂) အဟံ၊ ငါသည်၊ ဗျသနူပသမာယ၊ ဆွေမျိုးတို့၏ ပျက်စီးခြင်းကြောင့်ဖြစ်သော စိုးရိမ်ခြင်းမှ ငြိမ်းအေးစေခြင်းငှါ၊ ပဗ္ဗဇ္ဇံ၊ ရဟန်း၏အဖြစ်ကို။ ဥပဂစ္ဆိံ၊ ကပ်ရောက်၍။ သတ္ထု၊ ဗိပဿီ မြတ်စွာဘုရား သခင်၏။ သာသနကမျှတော၊ အဆုံးအမကို အလိုရှိသည်၏ အဖြစ်ကြောင့်။တတ္ထ၊ထိုဗိပဿီမြတ်စွာဘုရားသခင်၏ သာသနာတော်၌။ သတ္ထာဟာဘိရတော၊ ခုနစ်ရက်မျှ သာသနာတော်၌ မွေ့လျော်သော သူသည်။ အာသိံ၊ ဖြစ်ဘူးခဲ့ပြီ။

(၃) အဟံ၊ ငါသည်။ ဣတော၊ ဤဘဒ္ဒကပ္ပါမှ။ ဧကနဝုတိ ကပ္ပေ၊ ကိုးဆယ့်တကပ္ပါထက်၌။ တဒါ၊ ထိုဗိပဿီဘုရား ထင်ရှား ပွင့်တော်မူသောအခါ၌။ ယံပဗ္ဗဇိံ၊ အကြင် ခုနစ်ရက်မျှ ရဟန်းပြုဘူးပြီ၊ တာယ၊ ထိုရဟန်း ပြုဘူးခြင်းကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးလားရခြင်းကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤအကျိုးသည်။ ပဗ္ဗဇ္ဇာယ၊ ခုနစ်ရက်မျှ ရဟန်းပြုခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

(၄) ဣတော၊ ဤဘဒ္ဒ ကပ္ပါမှ။ သတ္တသဋ္ဌိမှိ ကပ္ပေ၊ ခြောက်ဆယ့်ခုနစ်ကပ္ပါထက်၌။ သုနိက္ခမာတိ၊ သုနိက္ခမ

ဟူ၍၊ ဉာယန္တို့၊ ထင်ရှားကျော်စောသော၊ မဟာဗ္ဗထာ၊ များသော စစ်သည်ဗိုလ်ပါရှိသော၊ မဟီပတိ၊ မြေကြီးကို အစိုးရသော၊ စက္ကဝတ္တိ၊ စကြဝတေးမင်းသည်၊ သတ္တ၊ ခုနစ်ကြိမ်တိုင်တိုင်၊ အသုံ၊ ဖြစ်ဘူးခဲ့လေပြီ။

(၅) မေ-မယာ၊ ငါသည်၊ စတသော၊ လေးပါးကုန်သော၊ ပဋိသမ္ဘိဒါစ၊ ပဋိသမ္ဘိဒါတို့ကိုရင်း၊ အဋ္ဌ၊ ရှစ်ပါးကုန်သော၊ ဣမေဝိမောက္ခာပိစ၊ ဤသမာပတ်တို့ကိုရင်း၊ ဆဠ္ဌာဘိညာစ၊ ခြောက်ပါးသောအဘိညာဉ်တို့ကိုရင်း၊သစ္ဆိကတာ၊ မျက်မှောက် ပြုအပ်လေကုန်ပြီ၊ဗုဒ္ဓသာ၊ မြတ်စွာဘုရား၏၊ သာသနံ၊ အဆုံးအမတော်ကို၊ ကတံ၊ လိုက်နာ ပြုကျင့်အပ်လေပြီ။

(၆) ဣတ္ထံ-ဤမိန့်ခဲ့ ဝုတ္တပကာရေန၊ ဤဆိုအပ် ခဲ့ပြီးသော အပြားအားဖြင့်၊ (သုဒ်-ကား အနက်မရှိ နိပါတ်မျှသာ)အာယသ္မာ၊ရှည်သော သက်တော်ရှိသော၊သတ္တဟာ ပဗ္ဗဇိတော၊ ခုနစ်ရက်မျှ ရဟန်းခံဘူးသည်၏အဖြစ်ကြောင့် သတ္တာဟ ပဗ္ဗဇိတ-အမည်ရှိသော၊ထေရော၊ ထေရ်သည်၊ ဣမာဂါထာယော၊ ဤဂါထာတို့ကို၊ အဘာသိတ္ထ၊ ကိုယ်တော်တိုင် ဟောကြားအပ်လေပြီ။ (ဣတိကား၊ ပရိသမာပနတ္ထ-မျှသာ)

ခုနစ်ရက်-ရဟန်းခံဘူးသော-သတ္တာဟထေရ်
အကြောင်း ပြီး၏။

# ဒုဿဘရဟန်း

## မြန်မာပြန်——ဝိနည်းကျမ်း

——X——

### ပဏာမ

ကျိုက္ကစံ အာစရဟု ဘွဲ့သတွင်ဆန်း၊ ငါရဟန်းသည်၊ အထူးသဖြင့် ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး ဖြူစင်သော သီလရှိတော်မူထသော၊ ပြတ်စဲသော အဝိဇ္ဇာ၊ နှစ်သက်ဘွယ်သော အရိယာတို့၏ ဂုဏ်ရှိသော မြတ်စွာ ဘုရားကိုရင်း၊ ။ကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်သော တရားတော်မြတ်ကိုရင်း။ ။မြတ်စွာဘုရား၏ သားတော် သာဝက — သံဃာတော်မြတ်ကိုရင်း။ ။ဆုံးမ — ပြုပြင်၊ သွန်သင်ပြသသော ကျေးဇူးရှင်ဆရာမြတ်ကိုရင်း၊ရှိသေစွာ

## ပဌမ

ရှိခိုးပါ၏။ ။ရတနာသုံးပါး ဆရာသွားအား ရှိခိုးပြီးလျှင် ခုနစ်ရက် တလ ပဉ္စင်း ခံကြသော ဒုလ္လဘ ရဟန်းများ အတွက်၊ ချည်မှန်းချက်ဖြင့်။ သီလ သိက္ခာပုဒ် တို့ကို၊ အလွယ် တကူ ကြည့်ရှု နိုင်စေခြင်းငှါ၊ ဒုလ္လဘ ရဟန်း မြန်မာပြန် ဝိနည်းကျမ်းကို ရေးသားပါအံ့သတည်း။

ပဌမ-ပြီး၏။

## ပါရာဇိက ၄-ပါးပြခြင်း

### (၁) ပဌမ ပါရာဇိက သိက္ခာပုဒ်

အကြင် ရဟန်းသည်၊ ဘုရားညွှန်ကြားတော်မူအပ်သော သိက္ခာ သာဇီဝသို့ ရောက်သည် ဖြစ်၍။ သိက္ခာကို မချမူ၍၊ အားနည်းသည့် အဖြစ်ကို ထင်ရှား မပြုမူ၍။ မေထုန် အကျင့်ကို မှီဝဲငြားအံ့၊ ယုတ်စွအဆုံး တိရစ္ဆာန်မဖြစ်သော်လည်း မှီဝဲငြားအံ့။ ထို ရဟန်း သည် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်သည်၊ ရဟန်း ကောင်းတို့နှင့်အတူတကွပေါင်းသော်ခြင်း မရှိသည်ဖြစ်၏။

---

### ပုဒ်ခွဲအဖွင့်ပါဠိ ယင်းဖေါ်ပြချက်

**အကြင် ဟူသည်ကား။** ။အကြင် ဟူသော စကား သည်၊ မည်သည့်စကားမျိုးဟု ခွဲခြားခြင်းမရှိဘဲ၊ အမှတ်မရှိ တစုံတခုခေါ်ဆိုသောစကားဖြစ်သည်။ ဤနေရာ၌ အလုံးစုံ သော-မထေရ်ကြီး, မထေရ်လတ်, မထေရ်ငယ် ရဟန်းကို အကြင်ဟူ၍ ဆိုအပ်၏။

**ရဟန်း ဟူသည်ကား။** ။ရဟန်း ဟူသော အမည် အမျိုးမျိုးဖွင့်ပြကြသော်လည်း ဤနေရာ၌၊ အကြင်ရဟန်းကို အညီအညွတ် သံဃာသို့ ကပ်ရောက်သော သံဃာသည် သိစေခြင်း၊ ဉာတ်လျှင် လေးကြိမ်မြောက်၊ မဖျက်ဆီးအပ် မတားမြစ်အပ်သော သာသနာတည်းဟူသော အကြောင်း

အားထိုက်သော ဝိနည်းကံဖြင့် ပဉ္စင်းအဖြစ်သို့ ရောက်စေအပ်၏။ ဤရဟန်းမျိုးကို ဤပါရာဇိကအရာ၌ ရဟန်းဟူ၍ အလိုရှိအပ်၏။

သိက္ခာ ဟူသည်ကား။ ။အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာဟူ၍သိက္ခာသုံးပါးရှိ၏၊ ဤအရာ၌ အဓိသီလသိက္ခာကို အလိုရှိအပ်၏။ (ပါတိမောက္ခ သံဝရသီလတည်းဟူသော အဓိသီလသိက္ခာ) ဆိုလိုသည်။

---

## အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ရှင်းလင်းချက်

ပါရာဇိကကဏ် အဋ္ဌကထာ။ သုတ်ပါထေယျ အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ။ ဆရာမြတ်တို့ ခွဲခြမ်းဝေဘန် ပြပုံကား။ —

သီလ-အဓိသီလ စိတ္တ-အဓိစိတ္တ၊ ပညာ-အဓိပညာဟု၊ ခြောက်ပါးနှ ခွဲခြားပြသည်၊ ထိုခြောက်ပါးတို့တွင်၊ ။လူတို့ စောင့်ရှောက်အပ်သော၊ ငါးပါး သီလ၊ ရှစ်ပါး သီလ၊ ဆယ်ပါးသီလတို့ကို သီလဟု ခေါ်ဆို၏။ ။ရဟန်းတော်တို့ စောင့်ရှောက်အပ်သော ၂၂၇-ပါးသော သိက္ခာပုဒ်တော်တို့ကို အဓိသီလဟု ခေါ်၏။ စိတ္တ-သိက္ခာဆိုသည်ကား၊ ကာမာဝစရကုသိုလ် ရှစ်ခု၊ လောကီ သမာပတ်ရှစ်ခု၊ ပေါင်း ၁၆-ပါးကို၊ စိတ္တ-သိက္ခာဟု ခေါ်၏၊ ။အဓိစိတ္တ သိက္ခာ-ဆိုသည်ကား၊ ဝိပဿနာ၏ အခြေဖြစ်သော၊ရှစ်ပါးသော-

သမာပတ်စိတ်ကို၊ အဓိစိတ္တ-သိက္ခာဟု ဆိုအပ်၏။ ထိုသမာပတ် ရှစ်ပါးစိတ်ထက် ထူးကဲလွန်မြတ်သော မဂ်စိတ်-ဖိုလ်စိတ်သည်၊အလွန်ဆုံး အမြတ်ဆုံး အကြီးကဲဆုံး သောစိတ်ဖြစ်၏။ (စိတ္တသိက္ခာနှင့် အဓိစိတ္တသိက္ခာ-ခွဲခြား၍ မှတ်ရာ၏။) ပညာသိက္ခာ ဆိုသည်ကား၊ ပေးလှူအပ်သော အလှူ၏-အကျိုးသည်ရှိ၏။ပူဇော်အပ်သော-ယဇ်၏အကျိုး သည်ရှိ၏။ ဟု- သိတတ် မြင်တတ် ဆင်ခြင်တတ်သော ကမ္မဿကတာ ဉာဏ်ကို၊ (ကံသာလျှင် မိမိဥစ္စာ ရှိ၏ဟု သိတတ်သောဉာဏ်ကို) ပညာသိက္ခာဟု ခေါ်ဆို၏။ အဓိပညာသိက္ခာ- ဆိုသည်မှာ။ အနိစ္စ-ဒုက္ခ-အနတ္တ- အားဖြင့် လက္ခဏာရေးသုံးပါးကို ပိုင်းခြားထင်ထင် ရှုဆင်ခြင်တတ်သော ဝိပဿနာဉာဏ်ကို အဓိပညာဟု ခေါ်ဆို၏။

---

**သာဇီဝ ဟူသည်ကား**။ ။အကြင်သိက္ခာပုဒ်ကို မြတ်စွာဘုရားသည်ပညတ်တော်မူအပ်၏။ ထိုဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တော်သည် သာဇီဝမည်၏၊ ထိုသာဇီဝ သိက္ခာပုဒ်၌ ကျင့်ဘက်၏။ ထိုကြောင့်၊ သိက္ခာ သာဇီဝသို့ ရောက်သည်ဟု ဆိုအပ်၏။

**သိက္ခာကို မချမူ၍ အားနည်းသည်အဖြစ်ကို ထင်စွာမပြုမူ၍ ဟူသည်ကား**။ ။သိက္ခာကိုမချမူ၍၊ ဤသာသနာတော်၌ ရဟန်းသည် ပျင်းရိသည်ဖြစ်၍၊ မမွေ့မလျော်သည်ဖြစ်၍၊ ရဟန်းအဖြစ်မှ ရွေ့လျောလိုသည်ဖြစ်၍၊ ရဟန်း အဖြစ်ကို ငြီးငွေ့သည်ဖြစ်၍၊ ရှက်နိုးသည်ဖြစ်၍၊ စက်ဆုပ်သည်ဖြစ်၍

လူ၏အဖြစ်ကိုတောင့်တသည်ဖြစ်၍၊ဥပါသကာ၏အဖြစ်ကို တောင့်တသည်ဖြစ်၍၊ အရံစောင့်၏ အဖြစ်ကို တောင့်တ သည်ဖြစ်၍၊ သာမဏေ၏ အဖြစ်ကို တောင့်တသည်ဖြစ်၍၊ တိတ္ထိ၏ အဖြစ်ကို တောင့်တသည် ဖြစ်၍၊ တိတ္ထိတပည့် အဖြစ်ကို တောင့်တသည် ဖြစ်၍၊ရဟန်းမဟုတ်သည် အဖြစ် ကို တောင့်တ သည်ဖြစ်၍၊ သာကီဝင် မင်းသား ဘုရား သားတော် မဟုတ် သည်ကို တောင့်တသည် ဖြစ်၍၊ အကယ်၍ ငါသည်ဘုရားကို စွန့်ရပါမူကား ကောင်းလေ စွဟု–၍သို့ဆို၏၊သူတပါးကိုလည်း သိစေ၏။ ဤသို့လျှင် အားနည်းသည် အဖြစ်ကို ထင်စွာပြုသည် ဖြစ်၏။

**မေထုန်အကျင့်မည်သည်ကား။** ။ရာဂနှိပ်စက်ခြင်း ဘူသော သဘော ရှိကုန်သော မိန်းမ–ယောကျ်ား နှစ် ယောက်တို့၏ အကျင့်ကို မေထုန်အကျင့်ဟူ၍ ဆိုအပ်၏။

**မှီဝဲခြင်းအံ့ ဟူသည်ကား။** ။အကြင် ရဟန်းသည် မိမိ၏နိမိတ်ဖြင့်၊ မိန်းမ၏ နိမိတ်သို့၊ မိမိ၏အင်္ဂါဇာတ်ဖြင့် မိန်းမ၏ အင်္ဂါဇာတ်သို့၊ အယုတ်သဖြင့် နှမ်းစေ့ ဘလုံး အတိုင်း အမှည်မျှလည်း သွတ်သွင်း၏။(ဝင်စေ၏) ဤသို့ သွင်းခြင်းသည် မှီဝဲခြင်းမည်၏။

**အယုတ်သဖြင့် တိရစ္ဆာန်မ၌ သော်လည်းဟူသည် ကား။** ။တိရစ္ဆာန်မ၌လည်း မေထုန်အကျင့်ကိုမှီဝဲသော ကြောင့်၊ရဟန်းမဟုတ်သည် ဖြစ်၏။ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်ဖြစ်၏၊လူမိန်းမ၌ အဘယ်

ဆိုဘွယ်ရာ ရှိတော့မည်နည်း။ ထိုကြောင့် အပယုတ် သဖြင့် တိရစ္ဆာန်မဖြစ်သော်လည်း ဟူ၍ ဆိုအပ်၏။

**ဿဘသနာဇတာ်မှဆုံးရှုံးခြင်းသို့ရောက်သည်ဟူသည်ကား။** ။ဥပမာအားဖြင့်ဦးခေါင်းပြတ်ပြီးသောသောကျွဲသည်၊ ထိုပြတ်ပြီးသောဦးခေါင်းနှင့် ကိုယ်ကိုဘဖန် ဆက်စပ်ပြန်သဖြင့်အသက်ရှင်ခြင်းငှါမထိုက်သကဲ့သို့၊ ထိုအပယုရဟန်းသည် မေထုန်အကျင့်ကို မှီဝဲသောကြောင့် ရဟန်းမဟုတ်သည်ဖြစ်၏။ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်ဖြစ်၏။ ထိုကြောင့်၊ သာသနာတော်မှ ဆုံးရှုံးခြင်းရောက်သည်ဟုဆိုအပ်၏။

**ရဟန်းကောင်းတို့နှင့် ပေါင်းဖော်ခြင်း မရှိ ဆိုသည်ကား။** ။ရဟန်းကောင်းတို့သည်၊ ထိုပါရာဇိက–ကျသော ရဟန်းနှင့် တူသောကံဆောင်ခြင်း၊ တူသော ပါတိမောက် ပြခြင်း မပြုကြ- မပေါင်း ဖော်ကြ။ ထိုကြောင့် ရဟန်းကောင်းတို့နှင့် ပေါင်းဖော်ခြင်း မရှိဟူ၍ဆိုအပ်၏။

---

## မဂ် ၃၀–ရေတွက်ပုံ

လူမိန်းမ၊ နတ်မိန်းမ၊ တိရစ္ဆာန်မိန်းမ၊ သုံးယောက်တို့၌ ကျင်ကြီးပေါက်၊ ကျင်ငယ်ပေါက်၊ ပါးစပ်ပေါက် ဟူ၍ တယောက်လျှင်သုံးပေါက်ရှိ၏။ ထိုကြောင့် သုံးယောက်မှာ ၉–ပေါက်ရှိ၏။

## ဥဘတောဗျည်း ရှင်းလင်းချက်

ဥဘတောဗျည်း= ဥဘတော+ဗျဉ္ဇန=မိန်းမ- အင်္ဂါဇာတ်၊ ယောကျ်ား-အင်္ဂါဇာတ်၊ နှစ်ခုရှိသော သူဟု ဆိုလိုသည်။

ပဏ္ဍုက်=-ပဏ္ဍက-နပုံး၊ လိင် မထင်ရှားသောသူ။ (မိန်းမ အင်္ဂါဇာတ်၊ ယောကျ်ား အင်္ဂါဇာတ်။ နှစ်ခုလုံး ထင်ရှားမရှိသောသူ)

ပဏ္ဍုက်သည်၊ သာမည အားဖြင့် တပါးသာ၊ ဝိသေသ အားဖြင့်သော်ကား၊ ငါးပါး ရှိ၏။ ငါးပါးကား။ ၁-အာသိတ္တပဏ္ဍုက်၊ ၂-ဥဿုယျပဏ္ဍုက်၊ ၃-ဩပက္ကမိက ပဏ္ဍုက်၊ ၄-ပက္ခပဏ္ဍုက် ။ ၅-နပုံသကပဏ္ဍုက် အားဖြင့် ငါးပါးပြား၏။ ထိုငါးပါး တို့တွင် (၁)သူတပါး၏ အင်္ဂါဇာတ်ကို မိမိခံတွင်းဖြင့် ယူ၍ သုက်ရေဖြင့် သွန်းအပ်သော သူအား ပူပန်ခြင်း ငြိမ်း၏။ ဤပဏ္ဍုက်သည်၊ အာသိတ္တပဏ္ဍုက်မည်၏။ (၂)သူတပါးတို့၏ မေထုန် သံဝါသပြု သည်ကို မြင်သောသူအား ငြူးစူခြင်း ဖြစ်လတ်သော် ပူပန်ခြင်း ငြိမ်း၏၊ ဤပဏ္ဍုက်သည်၊ ဥဿုယျပဏ္ဍုက်မည်၏။ (၃)လုံ့လဖြင့်ဝှေးစေ့ကို ပယ်အပ်ကုန်၏။ ဤပဏ္ဍုက်သည် ဩပက္ကမိက ပဏ္ဍုက်မည်၏။ (၄)အချို့သောသူတို့သည်၊ အကုသိုလ် ကံကြောင့် လဆုတ် ပက္ခ၌ ပဏ္ဍုက် ဖြစ်၏။ လဆန်းပက္ခ၌ကား ပူပန်ခြင်း ငြိမ်း၏။ ဤပဏ္ဍုက်သည် ပက္ခပဏ္ဍုက် မည်၏။ (၅) အကြင်သူသည် ပဋိသန္ဓေ

အခါ၌ပင်လျှင်အင်္ဂါဓာတ်မပါဘဲဖြစ်၏။ ဤပဏ္ဍုက်သည်၊ နပုံသကပဏ္ဍုက်မည်၏။ ။ထိုပဏ္ဍုက်-ငါးပါး တို့တွင်၊ အာသိတ္တပဏ္ဍုက်ဥဿုယျပဏ္ဍုက်ကို၊ ရဟန်းအဖြစ်မပယ် အပ်။ ကြွင်းသုံးပါးတို့ကို၊ ရဟန်းဖြစ်မှပယ်အပ်၏။ ပက္ခ ပဏ္ဍုက်ကား။ အကြွင်ပက္ခ၌ ပဏ္ဍုက်ဖြစ်၏။ ထိုပက္ခ၌၊ ရဟန်းအဖြစ်ကို မြစ်အပ်၏။ လူဥဘတောဗျည်း၊ နတ်ဥဘ တောဗျည်း၊ တိရစ္ဆာန် ဥဘတောဗျည်းဟူ၍ သုံးယောက် ရှိ၏။ တယောက်လျှင်၊ ကျင်ကြီးပေါက်၊ ကျင်ငယ်ပေါက်၊ ပါးစပ်ပေါက်ဟူ၍ သုံးပေါက်ရှိ၏။ သုံးယောက်မှာ ၉-ပေါက်ရှိ၏။ လူပဏ္ဍုက်၊ နတ်ပဏ္ဍုက်၊ တိရစ္ဆာန်ပဏ္ဍုက် ဟူ၍သုံးယောက်ရှိ၏။ တယောက်လျှင်၊ ကျင်ကြီးပေါက်။ ပါးစပ်ပေါက်ဟူ၍၊ နှစ်ပေါက်ရှိ၏။ သုံးယောက်မှာ ၆-ပေါက်ရှိ၏။ လူယောကျ်ား၊ နတ်ယောကျ်ား တိရစ္ဆာန် ယောကျ်ားဟူ၍ သုံးယောက်ရှိ၏။ တယောက်လျှင်၊ ကျင်ကြီး ပေါက်၊ ပါးစပ်ပေါက်ဟူ၍ နှစ်ပေါက်ရှိ၏။ သုံးယောက်မှာ ၆-ပေါက်ရှိ၏။ ။အစုစုပေါင်းမဂ် ၃၁၊ သို့မဟုတ်အပေါက် ၃၀ ရှိ၏။ ထိုအပေါက် ၃၀ တို့တွင် တခုခုသော အပေါက် ကို၊ မေထုန် အကျင့်မှီဝဲသော ရဟန်းအား ပါရာဇိက အာပတ်သို့ ရောက်၏။

မှီဝဲလိုသော စိတ်ရှိသည်လည်းဖြစ်စေ၊ မဂ်ဖြင့် မဂ်သို့ သွင်းသည် လည်းဖြစ်စေ၊ အင်္ဂါ ၂-ပါးရှိက အာပတ်သင့်၏၊

( ဤသိက္ခာပုဒ်ကို၊ ဝေသာလီပြည်၌၊ သုဒိန်သေရ်ကို အကြောင်းပြု၍၊ မေထုန် လွန်ကျူးခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ဤကား ပဌမပါရာဇိက သိက္ခာပုဒ် အဓိပ္ပါယ် ပြီး၏။

---

## (၂) ဒုတိယ ပါရာဇိက သိက္ခာပုဒ်

အကြင်ရဟန်းသည် ရွာမှဖြစ်စေ၊ တောမှဖြစ်စေ၊ အရှင်မပေးသော သူတပါးဥစ္စာကို၊ ခိုးလိုသော စိတ်အစုဖြင့် ယူငြားအံ့၊ အကြင်သို့ သဘောရှိသော၊ အရှင်မပေးသောဥစ္စာကို ခိုးယူခြင်းကြောင့်၊ မင်းတို့သည် ခိုးသူကိုဖမ်း၍(သင်သည်) ခိုးသူဖြစ်၏၊ မိုက်သူဖြစ်၏၊ တွေဝေသူဖြစ်၏၊ ခိုးကဲ့တတ်သူ ဖြစ်၏ဟုဆို၍ ညှဉ်းဆဲမှုလည်း ညှဉ်းဆဲကုန်ရာ၏၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်ရာ၏၊ တိုင်းပြည်မှ နှင်ထုတ်မှုလည်း နှင်ထုတ်ကုန်ရာ၏၊ ထိုသို့သဘောရှိသော သူတပါးဥစ္စာကို ခိုးသူသော ဤရဟန်းသည်လည်း၊ သာသနာတော်မှ ဆုံးရှုံး၏၊ ရဟန်းကောင်းတို့နှင့် ပေါင်းဘော်ခြင်း မရှိသည်ဖြစ်၏။

---

### ပုဒ်ခွဲအဓိပ္ပါယ် ဖော်ပြချက်

အကြင် ဟူသည်ကား။ ။..........လ..........

ရဟန်း ဟူသည်ကား။ ။..........လ..........

ရွာ ဟူသည်ကား။ ။တအိမ်သာရှိသော ရွာသည်ဖြစ်စေ၊ နှစ်အိမ်သာ ရှိသောရွာသည်ဖြစ်စေ၊ သုံးအိမ်သာ ရှိသောရွာသည်ဖြစ်စေ၊ လေးအိမ်သာရှိသောရွာသည်ဖြစ်စေ၊ လူရှိသောရွာ

သည်၎င်း၊ လူမရှိသောရွာသည်၎င်း၊ အရံရှိသောရွာသည်၎င်း၊ အရံမရှိသောရွာသည်၎င်း၊ နွားတို့၏နေရာကဲ့သို့တည်သောရွာသည်၎င်း ရွာမည်၏။ အကြင် ခြေကုန်သည်၊ လှည်းကုန်သည်တို့သည်၊ လေးလအလွန်နေသည်ဖြစ်အံ့၊ ထိုကုန်သည်တို့နေရာကိုလည်း ရွာဟူ၍ဆိုအပ်၏။ (ရွာ၏ဥပစာဆိုသည်မှာ၊ အရံရှိသောရွာ၏ တံခါးခုံ၌ တည်သော အားအလယ်အလတ်ရှိသော ယောကျ်ား၏ ခဲတကျသည် ရွာ၏ ဥပစာမည်၏၊ အရံမရှိသောရွာ၏အိမ်ဥပစာ၌ တည်သော အား အလယ်အလတ်ရှိသောယောကျ်ား၏ ခဲတကျသည် ရွာ၏ဥပစာမည်၏။)

**တောမည်သည်ကား။** ။ရွာကို၎င်း၊ ရွာ၏ဥပစာကို၎င်း ထား၍၊ ကွင်းသောအရပ်သည် တောမည်၏။

**အရှင်မပေးသော သူတပါးဥစ္စာမည်သည်ကား။** အကြင် ဥစ္စာကို မပေးအပ်၊ မလွှတ်အပ်၊ မစွန့်အပ်၊ စောင့်ရှောက်အပ်၏၊ လုံခြုံစေအပ်၏၊ မြတ်နိုးအပ်၏၊ သူတပါးတို့ သိမ်းဆည်းအပ်၏၊ ထိုဥစ္စာသည်အရှင်မပေးသောဥစ္စာမည်၏။

**ခိုးလိုသောစိတ်အစု ဟူသည်ကား။** ။ဝှက်ကဲ့လိုသော စိတ်ရှိသည်ဖြစ်၍၊ ခိုးလိုစိတ် ရှိသည်ဖြစ်၍၊ ထိုခိုးလိုသော စိတ်များသည်၊ ခိုးလိုသောစိတ်အစုမည်၏။

**ယူငြားအံ့-ဟူသည်ကား**။ ။တရားဆင်၍ ခိုးငြားအံ့၊ ဆောင်သွားသောဥစ္စာကိုခိုးငြားအံ့၊ အပ်နှံထားသောဥစ္စာကို ခိုးငြားအံ့။ အချိန်းအချက်ကို လွန်စေ၍ ခိုးငြားအံ့၊ ဤသို့ခိုးယူခြင်းမျိုးကို ဆိုအပ်၏။

**အကြောင်းသို့ သဘောရှိသော ဟူသည်ကား**။ ။တမတ်သော ဥစ္စာသည်၎င်း၊ တမတ်ထိုက်သော ဘဏ္ဍာသည်၎င်း၊ တမတ်ထက်လွန်သော ဥစ္စာဘဏ္ဍာသည်၎င်း၊ အကြောင်းသို့ သဘော ရှိသောမည်၏။ ။(ဆယ်မူးရေ-ရွေးစင် တမတ်ကို၎င်း၊ ဆယ်မူးရေ ရွေးစင်တမတ်ထိုက်သော ဘဏ္ဍာကို၎င်း၊ ဆယ်မူးရေ ရွေးစင် တမတ်ထက် လွန်သော ဥစ္စာ ဘဏ္ဍာကို၎င်း ဤသို့ယူကြ၏။)

**မင်း-မည်သည်ကား**။ ။မြေကိုအစိုးရသော ဧကရာဇ်မင်း။ တကျွန်း တနိုင်ငံကိုသာ အစိုးရသော ပဒေသရာဇ်မင်း။ တိုင်းကြွပ်ရွာစားမင်း၊ တရားသူကြီးမင်း။ အမတ်မင်း၊ ထိုမှတပါး အကြွင်းဌာနန္တရ ရာထူးသို့ ရောက်ကုန်သော သူတို့သည်၊ ဖြတ်ခြင်း ၌ခြင်းကို ပြုကုန်သည်ဖြစ်၍ ဆုံးမကုန်၏။ ထိုအလုံးစုံသော သူတို့သည် မင်းမည်၏။

**ခိုးသူ မည်သည်ကား**။ ။ငါးပဲသော အသပြာကို၎င်း၊ ငါးပဲထက် လွန်သော အသပြာကို၎င်း၊ အဘိုးထိုက်သော အရှင်မပေးသော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ခိုးယူ၏။ ဤသူသည် ခိုးသူမည်၏။ ။(ငါးပဲကား၊ တမတ်တည်း။ ရွှေစင် ၁၀-ရွေး၊ ငွေတကျပ်- ခြောက်မူးရှစ်ရွေး ဖြစ်၏။)

ညှဉ်းဆဲမှုလည်းညှဉ်းဆဲကုန်ရာ၏ ဟူသည်ကား။ ။ လက်ဖြင့်ရင်း၊ ခြေဖြင့်ရင်း၊ ကြိမ်လုံးဖြင့်ရင်း၊ အဆူးရှိသောကြိမ်ဖြင့်ရင်း၊ နှစ်ထောင်ထွာပမာဏရှိသောတုတ်ဖြင့်ရင်း၊ ခွဲသဖြင့်ရင်း ညှဉ်းဆဲကုန်ရာ၏။ ဤသို့ ညှဉ်းဆဲခြင်းမျိုးကို ဆိုအပ်၏။

နှောင်ဖွဲ့မှုလည်းနှောင်ဖွဲ့ကုန်ရာ၏ ဟူသည်ကား။ ။ ကြိုးအနှောင်အဖွဲ့ဖြင့်ရင်း၊ ထိတ်,အနှောင်အဖွဲ့ဖြင့်ရင်း၊ သံခြေကျင်းအနှောင်အဖွဲ့ဖြင့်ရင်း၊ အချုပ်ထောင်အနှောင်အဖွဲ့ဖြင့်ရင်း၊ မြို့အနှောင်အဖွဲ့ဖြင့်ရင်း၊ ရွာအနှောင်အဖွဲ့ဖြင့်ရင်း၊ နိဂုံးအနှောင်အဖွဲ့ဖြင့်ရင်း နှောင်ဖွဲ့ကုန်ရာ၏။ ယောကျ်ားဖြင့်လုံခြုံစေခြင်းကိုလည်းပြုကုန်ရာ၏။ ။ဤကဲ့သို့ ပြုလုပ်ခြင်းမျိုးကို ဆိုအပ်၏။

တိုင်းပြည်မှ မှုလည်း နှင်ထုတ်ကုန်ရာ၏ ဟူသည်ကား။ ။ရွာမှရင်း၊ နိဂုံးမှရင်း၊ မြို့မှရင်း၊ ဇနပုဒ်မှရင်း၊ ဇနပုဒ်တစိတ်မှရင်း နှင်ထုတ်ကုန်ရာ၏။ ။ဤကဲ့သို့ နှင်ထုတ်ခြင်းမျိုးကိုဆိုအပ်၏။

သင်သည် ခိုးသူဖြစ်၏။ မိုက်သူဖြစ်၏။ တွေဝေသူဖြစ်၏။ ဒုက်ကဲ့တဏ်သူဖြစ်၏ ဟူသည်ကား။ ။ဤစကားတို့သည် ရေရွတ်ခြင်း မည်၏။

ထိုသို့သဘောရှိသောမည်သည်ကား။ ။တမတ်ထိုက်သောဥစ္စာသည်ရင်း၊ တမတ်ထိုက်သောဘဏ္ဍာသည်ရင်း၊ တမတ်ထက် လွန်သော ဥစ္စာဘဏ္ဍာသည်ရင်း၊ ထိုသို့သဘောရှိသည် မည်၏။

**ခိုးယူသော ဟူသည်ကား။** ။တရားဆင်၍ခိုးသော၊ ဆောင်သွားသော၊ ဥစ္စာကိုခိုးသော၊ အပ်နှံသောဥစ္စာကို ခိုးသော၊ ဣရိယာပုထ်ကိုဖျက်၍ခိုးသော၊ တည်ရာမှရွေ့စေ၍ ခိုးသော၊ အချိန်းအချက်ကိုလွန်စေ၍ခိုးသော၊ ခိုးခြင်းမျိုးကို ခိုးယူသော မည်၏။

**ဤရဟန်းသည်လည်း ဟူသည်ကား။** ။ရှေးဖြစ်သော ပဌမပါရာဇိက မေထုန်မှီဝဲသော ရဟန်းကိုအငဲ့ပြု၍၊ ဤခိုးသောရဟန်းသည်လည်းဆိုအပ်၏။

**သာသနာတော်မှ ရှုံးသည်ဟူသည်ကား။** ။.....လ.....

**ရဟန်းကောင်းတို့နှင့် ပေါင်းဖော်ခြင်းမရှိ ဟူသည်ကား။** ။............လ............

လူ၏ဥစ္စာ,လူ၏ဥစ္စာဟု အမှတ်ရှိခြင်း၊ ခိုးလိုသောစိတ်၊ ပါရာဇိကရောက်သောဝတ္ထု၊ ထိုဝတ္ထုကိုခိုးခြင်း။ အင်္ဂါ ၅-ပါး။

( ဤသိက္ခာပုဒ်ကို၊ ရာဇဂြိုဟ်ပြည်၊ ဓနိယထေရ်ကို အကြောင်းပြု၍၊ မင်း၏သစ်တိုကို အရှင်မပေးဘဲယူသော ဝတ္ထုကြောင့်ပညတ်တော်မူအပ်၏။)

ဒုတိယ ပါရာဇိက သိက္ခာပုဒ်-ပုဒ်ခွဲ အဓိပ္ပါယ်ပြီး၏။

---

## (၃) တတိယ ပါရာဇိက သိက္ခာပုဒ်

အကြင်ရဟန်းသည်သေစေလိုသောစေတနာရှိသည်ဖြစ်၍၊သတ်လိုသောစေတနာဖြင့်စေ့ဆော်၍၊လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို၊ဖိုင်တီးနြွမှချငြ းအံ့(သတ်ငြားအံ့)အသက်ကို

ဆောင်တတ်သော ခါးလက်နက်ကိုမှုလည်း ရှာကြွားအံ့၊ သေခြင်း၏ ကျေးဇူးကိုလည်း ချီးမွမ်း ပြောဆိုကြွားအံ့၊ သေစိမ့်သော ငှါလည်း ဆောက်တည်စေကြွားအံ့၊ အို . . . အချင်း ယောကျ်ား-သင်အား ဤမကောင်းသော အသက်ရှင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင့်အား အသက်ရှင်ခြင်းထက် သေခြင်းသည် မြတ်၏ဟု ဤသို့ ဆောက်တည်စေကြွားအံ့၊ ဤသို့ သေစေလိုသော စိတ်ရှိသည်ဖြစ်၍၊ ဤသို့သေစေလို သော စိတ်အကြံရှိသည်ဖြစ်၍ များစွာသော အကြောင်း ပရိယာယ်တို့ဖြင့် သေခြင်း၏ ကျေးဇူးကိုမှုလည်း ချီးမွမ်း ပြောဆိုကြွားအံ့၊ သေစိမ့်သောငှါလည်း ဆောက်တည်စေ ကြွားအံ့၊ ဤရဟန်းသည် သာသနာတော်မှ ဆုံရှုံးခြင်းသို့ ရောက်သည်။ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်း ဘော်ခြင်းမရှိသည်ဖြစ်၏။

---

မုဒ်ခွဲအငွေ့ပါယ်ပေါ် ပြရျက်

အကြာင် ဟူသည်ကား။ ။ . . . . . . . . . . လ . . . . . . . .

ရဟန်း ဟူသည်ကား။ ။ . . . . . . . . လ . . . . . . . . .

သေစေလိုသောစေတနာရှိသည်ဖြစ်၍၊ သတ်လိုသော စေတနာဖြင့် စေ ဆော်၍ ဟူသည်ကား။ ။သိသည်ဖြစ် လျက် ဖိဝိတ်ကြွေမှချအံ့ဟူသော အမှတ်နှင့်တကွ သိသည် ဖြစ်၍၊ စေ့ဆော် အားထုတ်သည်ဖြစ်၍ နှိပ်နှင်းလွှန့်ကျူး ခြင်းတည်း။

**လူဇာတ်ဖြစ်သောသူ၏ကိုယ် ဟူသည်ကား။** ။အပါဝင်မ်း၌ ရှေးဦးစွာ အကြွင်ပဋိသန္ဓေစိတ်သည်ဖြစ်၏၊ ရှေးဦးစွာ အကြွင်ပဋိသန္ဓေ ဝိညာဉ်သည် ထင်ရှားဖြစ်၏။ ထိုပဋိသန္ဓေစိတ် ဝိညာဉ်ကို အစပြု၍ သေသည့်ကာလတိုင်အောင် ဤအတွင်း၌ သတ္တဝါသည် လူဇာတ်ဖြစ်သောသူ၏ကိုယ်မည်၏။

**ဣန္ဒြေမြေမွှချငြားအံ့(သန်ငြားအံ့)ဟူသည်ကား။** ။ဣန္ဒြေကိုဖြတ်၏။ ကင်းစေ၏။ ခန္ဓာအစဉ်ကိုပျက်စေ၏ ဟုဆိုအပ်၏။

ဇီဝိတိန္ဒြေ = ဇီဝိတဣန္ဒြိယ — ဇီဝိတ + ဣန္ဒြိယ၊ ရုပ်နာမ်ကို စောင့်တတ်သော အသက်ဟု ဆိုအပ်သော ဇီဝိတိန္ဒြေ စေတသိက်၊ ဇီဝိတရုပ်။

**အသက်ကိုဆောင်သောလက်နက်ကိုရှာခြင်းဟူသည်ကား။** ။သန်လျက်၊ လှံ၊ ခက်ရင်း၊ ဆောက်ပုတ်၊ ကျောက်ခဲ ခဲ ကုတ်မှစ၍ ကြွင်းသောလက်နက်များ။ အဆိပ်၊ ကြိုးကို ရှာခြင်းတည်း။

**သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုငြားအံ့— ဟူသည်ကား။** ။ အသက်ရှင်ခြင်း၌ အပြစ်ကိုပြ၍ သေခြင်း၌ဂုဏ်ကျေးဇူးကို ပြောဆို၏။

**သေစေခြင်းငှါ ဆောက်တည်စေငြားအံ့— ဟူသည်ကား။** ။သက်နက်ကိုမှတည်းဆောင်ပါလော၊ အဆိပ်ကိုမှလည်းစားလော၊ ကြိုးဖြင့်မှတည်းဖွဲ့ချည်၍ သေလော၊ ဤသို့ဆောက်တည်ခြင်းတည်း။

**ဒိုအချင်းဖေးအကျား-ဟူသည်ကား။** ။ခေါ်ဝေါ်ပြော ဆိုအပ်သော ယောကျ်ား၏အမည်တည်း။

**သင့်အားယုတ်မာသော ဤမကောင်းသော အသက်မွေးခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း--ဟူရာ၌။ယုတ်မာသော အသက်ရှင်ခြင်း-မည်သည်ကား။** ။ကြွယ်ဝချမ်းသာသောသူကို ထောက်ချင့်၍ ဆင်းရဲသောသူ၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့၏။ ဥစ္စာရှိကုန်သောသူတို့၏ အသက်ရှင်ခြင်းကို ထောက်ချင့်၍ ဥစ္စာမရှိသောသူတို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့၏။ နတ်တို့၏ အသက်ရှင်ခြင်းကို ထောက်ချင့်၍ လူတို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့၏။

**မကောင်းသဖြင့် အသက်ရှင်ခြင်းမည်သည်ကား။** ။လက်ပြတ်သောသူ၏၊ ခြေပြတ်သောသူ၏၊ လက်ခြေပြတ်သောသူ၏၊ နားပြတ်သောသူ၏၊ နှာခေါင်းပြတ်သောသူ၏၊ နား-နှာခေါင်းပြတ်သောသူ၏၊ ဤသို့မကောင်းအရိုးဝါးခြင်းဖြင့်၊ ဤသို့မကောင်းသော အသက်ရှင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင့်အားသေခြင်းသည်အသက်ရှင်ခြင်း ထက်မြတ်၏ဟု ချီးမွမ်းပြောဆိုငြားအံ့ —ဟူလိုသည်။

**ဤသို့သေစေလိုသော စိတ်ရှိသည်ဖြစ်၍-ဟူသည်ကား။** ။အကြင်ဝိညာဉ်သည် စိတ်မည်၏။ ထိုဝိညာဉ်သည်မနမည်၏၊ အကြင်ဝိညာဉ်သည်မနမည်၏။ ထိုဝိညာဉ်သည်စိတ်မည်၏။ (စိတ်နှင့်--မန-- အတူတူဖြစ်ကြောင်း ပြလို၍ဆို၏။)

**သေစေလိုသော စိတ်အကြံ ရှိသည်ဖြစ်၍-ဟူ သည် ကား။** ။သေစေခြင်း၌ အမှတ်ရှိသည်ဖြစ်၍။ သေစေခြင်း၌ စေတနာ ရှိသည်ဖြစ်၍၊ သေစေခြင်း၌ အလိုရှိသည် ဖြစ်၍ ဟုဆိုအပ်၏။

**များစွာသော အကြောင်းဖြင့်-ဟူသည်အား။** ။ပြဒ်ကုန် ယုတ်ကုန်သော အကြောင်းတို့ဖြင့်-ဟုဆိုအပ်၏။

**သေခြင်း၏ကျေးဇူးကို ချီးမွမ်းပြောဆိုခြင်းအံ့ဟူသည်အား။** ။အသက်ရှင်ခြင်း၌ အပြစ်ကို ပြ၍၊ သေခြင်း၌ ကျေးဇူးကို ဆိုလေ၏။ သင်သည် ဤလူ့ပြည်မှ သေသည် ရှိသော်၊ ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ကောင်းမှု ပြုသောသူတို့၏ လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရလတ္တံ့။ ထိုနတ်ပြည်၌ နတ်၌ ဖြစ်သော ကာမဂုဏ် ငါးပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ကောင်းစွာခြံရံအပ်သည်ဖြစ်၍ မွေ့လျော် စံပယ် ခံစားရလတ္တံ့။ ဤသို့ သေခြင်း၌ ကျေးဇူးကို ချီးမွမ်း ပြောဆို၏။

**သေခြင်း၌ ဆောက်တည် စေခြင်းအံ့-ဟူသည် ကား။** ။ဓားလက်နက်ကိုမူလည်း ဆောင်လော၊ အဆိပ်ကို မူလည်း စားလော၊ ကြိုးဖြင့်လည်း တုပ်ဖွဲ့၍ သေလော။ ချုံးအိုင်သို့ရင်း၊ ချောက်ကြားသို့ရင်း၊ ကမ်းပါးပြတ်သို့ရင်း ခုန်ချလော-ဤသို့ ဆောက်တည်စေခြင်းအံ့။

ဤသို့ ဖြစ်ခြင်းသည်လည်း — ဟူသော စကားသည့်ကား။ ။ရှေးဖြစ်သော ပါရာဇိကာ နှစ်မျိုးကို အစွဲပြု၍ ဆိုသော စကားတည်း။

သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၏ (ပါရာဇိကာ အာပတ်သင့်၏) ဟူသည်ကား။ ။..............သာ..............

ရဟန်းကောင်းတို့နှင့်အတူအကွ ပေါင်းဖော်ခြင်းမရှိ ဟူသည်ကား။ ။..............သာ..............

လူဖြစ်သောသတ္တဝါ၊ သတ္တဝါဟူသောအမှတ်၊ သေစေလိုသော စိတ်၊ သတ်ခြင်းလုံ့လ၊ ထိုလုံ့လဖြင့်သေခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို၊ ဝေသာလီပြည်၌၊ များစွာသောရဟန်းတို့ကို အကြောင်းပြု၍ အချင်းချင်းအသက်မှ ချခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

တတိယ ပါရာဇိကာ သိက္ခာပုဒ်-ပုဒ်ခွဲ အဓိပ္ပါယ်ပြီး၏။

## (၄) စတုတ္ထ ပါရာဇိကာ သိက္ခာပုဒ်

အကြင်ရဟန်းသည် မသိမမြင်ဘဲလျက် ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်ဟု ဆိုအပ်သော လူတို့၏ ကုသိုလ်ကမ္မပထ တရားထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို မိမိအား ထင်ရှားရှိသည်ကိုပြု၍ ဤသို့သိ၏။ ဤသို့မြင်၏ဟု ပြောဟောငြားအံ့။ ထိုသို့ပြောဆိုသည်မှ တပါးသောအခါ၌ သူတပါးတို့ မေးစိစစ်အပ်သော်ရင်း၊ သူတပါးတို့မမေး မစိစစ်အပ်ဘဲရင်း၊

အာပတ်သင့်ပြီးသောရဟန်းသည် စင်ကြယ်ခြင်းကို အလိုရှိသည်ဖြစ်၍ အို-ငါ့ရှင်တို့-ငါသည်ဈာန်မဂ်ဖိုလ်တရားကို မသိဘဲလျက် သိ၏ဟူ၍ဆိုမိ၏။ မမြင်ဘဲလျက် မြင်၏ဟူ၍ ဆိုမိ၏။ အချည်းနှီး ချွတ်ယွင်းသောစကားကို ဆိုမိ၏ဟူ၍သို့ ပြောဆို ငြားအံ့။ ရဟန်း၍ ပြောဆို ခြင်းကို ကြည့်၍၊ ဤရဟန်းသည်လည်း ပါရာဇိကအာပတ်သို့ ရောက်သည်။ ရဟန်းကောင်းတို့နှင့် ပေါင်းဘော်ခြင်း မရှိသည်ဖြစ်၏။

---

## ပုဒ်ခွဲအဓိပ္ပါယ်ဖော် ပြချက်

အကြောင်း ဆိုသည်ကား။ ။......လ........

ရဟန်း ဆိုသည်ကား။ ။.........လ........

မသိ မမြင်ဘဲလျက် ဆိုသည်ကား။ ။ထင်ရှား မရှိသော မဟုတ်မမှန်သော မိမိ၌ ထင်ရှားမရှိသော ကုသိုလ်ဖြစ်သောတရားကို ငါ့အား ကုသိုလ်ဖြစ်သော တရားသည် ရှိ၏ဟု မသိဘဲလျက် မမြင်ဘဲလျက် ဆိုလိုသည်။

လူ့နို့၏ ကုသိုလ်အရေးသာ၏ လွန်မြတ်သော တရား မည်သည်ကား။ ဈာန်လေးပါး၊ ဝိမောက္ခသုံးပါး၊ သမာဓိသုံးပါး၊ သမာပတ်သုံးပါး၊ ဝိဇ္ဇာသုံးပါး၊ မဂ်ကို ပွါးခြင်း ခုနစ်ပါး၊ ဖိုလ်ကိုမျက်မှောက်ပြုခြင်းလေးပါး၊ ကိလေသာကိုပယ်ခြင်းသုံးပါး၊ စိတ်၏နီဝရဏကင်းသောအဖြစ်သုံးပါး ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း၊ ဤသည်လျှင် မြတ်သောတရား ဥတ္တရိ မနုဿဓမ္မမည်၏။

## အသက်ပါဠိတော်၊ ရှင်းလင်းချက်

ဈာန်လေးပါးကား။ ။ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ဤဈာန်လေးပါးကို ဆိုသည်။

ဝိမောက္ခ သုံးပါးကား။ ။သုညတ-ဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတ ဝိမောက္ခ၊ ဤ သုံးပါးကို ဆိုသည်။

သမာဓိသုံးပါးကား။ ။သုညတ သမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတ-သမာဓိ၊ ဤသုံးပါးကို ဆိုသည်။

သမာပတ်သုံးပါးကား။ ။သုညတ သမာပတ္တိ၊ အနိမိတ္တသမာပတ္တိ၊ အပ္ပဏိဟိတ သမာပတ္တိ၊ ဤသုံးပါးကို ဆိုသည်။

ဝိဇ္ဇာသုံးပါးကား။ ။ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်၊ ဤသုံးပါးကို ဆိုသည်။

မဂ်ကို ပွါးခြင်း ခုနစ်ပါးကား။ ။၁-သတိပဋ္ဌာန်လေးပါး၊ ၂-သမ္မပ္ပဓာန်လေးပါး၊ ၃-ဣဒ္ဓိပါဒ်လေးပါး၊ ၄-ဣန္ဒြေငါးပါး၊ ၅-ဗိုလ်ငါးပါး၊၆-ဗောဇ္ဈင်ခုနစ်ပါး ၇-မြတ်သောအင်္ဂါရှစ်ပါးရှိသောမဂ်ဟူ၍ကိုဆိုသည်။

ဖိုလ်ကို မျက်မှောက်ပြုခြင်း လေးပါးကား။ ။သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်း၊သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်း၊အနာဂါမိဖိုလ်ကို မျက်မှောက်

ပြုခြင်း၊ အရဟတ္တဖိုလ်ကို မျက်မှောက် ပြုခြင်း၊ ဤလေးပါးကို ဆိုသည်။

ကိလေသာကို ပယ်ခြင်း သုံးပါးကား။ ။ရာဂကို ပယ်ခြင်း၊ ဒေါသကို ပယ်ခြင်း၊ မောဟကို ပယ်ခြင်းတို့ကို ဆိုသည်။

စိတ်၏နိဂြုဏာကင်းသောအဖြစ်သုံးပါးကား။ ။စိတ်-ရာဂမှကင်းသောအဖြစ်၊ စိတ်ဒေါသမှကင်းသောအဖြစ်၊ စိတ်-မောဟမှ ကင်းသောအဖြစ်ကို ဆိုသည်။

ဆိတ်ငြိမ်ရာ၌၊ လေးပါးသော ဈာန်ဖြင့် မွေ့လျော် ခြင်း ဆိုသည်ကား။ ။ပဌမဈာန်ဖြင့် ဆိတ် ငြိမ် ရာ၌ မွေ့လျော်၏။ ဒုတိယ ဈာန်ဖြင့်။ (လ) စတုတ္ထဈာန်ဖြင့် ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏ဟု ဆိုလိုသည်။

ဤသည်လျှင် မြတ်သောတရား ဥတ္တရိ-မနုဿဓမ္မမည်၏။

---

မိမိအား ထင်ရှားရှိသည်ကို ပြု၍ ဆောင်၏-ဟူသည်ကား။ ။ထိုကုသိုလ်တရားတို့ကို မိမိ၌ဆောင်၏၊ မိမိကို မူလည်း ထိုကုသိုလ်တရားတို့၌ဆောင်၏-ဟု ဆိုလိုသည်။

ဉာဏ်ဟူသည်ကား။ ။သုံးပါးသော ဝိဇ္ဇာတို့တည်း။

အမြင်ဟူသည်ကား။ ။အကြင် တရားသဘောသည် ဉာဏ်မည်၏၊ ထိုတရားသဘောသည် အမြင်မည်၏။ အကြင်တရားသဘောသည် အမြင်မည်၏၊ ထိုတရားသဘောသည် ဉာဏ်မည်၏။

ပြောကြားငြားအံ့- ဟူသည်ကား။ ။မိန်းမအားရင်း၊ ယောကျ်ားအားရင်း၊ လူအားရင်း၊ ရဟန်းအားရင်း၊ ပြောကြားငြားအံ့-ဆိုလိုသည်။

ဤသို့သိ၏ ဤသို့မြင်၏-ဟူသည်ကား။ ။ငါသည် ဤတရားတို့ကို သိ၏၊ ငါသည် ဤတရားတို့ကို မြင်၏၊ ဤတရားတို့သည်ငါ၌ရှိ၏၊ ငါသည် ဤတရားတို့၌ ထင်၏-ဆိုလိုသည်။

ထိုပြောဆိုသည်မှ တပါးသော အခါ၌- ဟူသည်ကား။ ။အကြင်ခဏ၌ ပြောဆို၏၊ ထိုခဏ၊ ထိုအချိန်ကို၊ ထိုကာလကို လွန်သည်ရှိသော်-ဟူ၍ဆိုလိုသည်။

သူတပါးတို့ မေးစိစစ်အပ်သည် ရှိသော်- ဟူသည်ကား။ ။အကြင်ဝတ္ထုကို ဝန်ခံအပ်၏၊ ထိုဝတ္ထုကို မေးစိစစ်အပ်သည်ရှိသော်၊ သင်သည် အဘယ်တရားကို ရအပ်သနည်း၊ အဘယ်သို့လျှင် သင်သည်ရအပ်သနည်း၊ အဘယ်အခါ၌သင်သည်ရအပ်သနည်း၊ အဘယ်အရပ်၌သင်သည် ရအပ်သနည်း၊ အဘယ်မည်သော ကိလေသာတို့ကို သင်သည် ပယ်အပ်သနည်း၊ သင်သည် အဘယ် တရားတို့ကို ရခြင်း ရှိသနည်းဟု၊ ဤသို့မေးစိစစ်အပ်သည် ရှိသော်ဟူ၍ ဆိုလိုသည်။

မမေးမစိစစ် အပ်သည် ရှိသော်- ဟူသည်ကား။ ။တစုံတယောက်သော သူသည်၊ မဆိုအပ်သည် ဖြစ်၍-ဆိုလိုသည်။

**ပါရာဇိကာ အာပတ်သို့ ရောက်၏–ဟူသည်ကား။** ယုတ်မာသော အလိုရှိသည်ဖြစ်၍ယုတ်မာသောအလိုရမ္မက်နှိပ်စက်သည်ဖြစ်၍၊ မိမိ၌ထင်ရှားမရှိသော မဟုတ် မမှန်သော ဈာန်မဂ်ဖိုလ် တရားကိုငါ၌ထင်းရှားရှိ၏ဟု ပြောဆိုသောကြောင့်၊ပါရာဇိကာ–အာပတ်သို့ ရောက်သည်ဖြစ်၏–ဟူ၍ဆိုလိုသည်။

**ခင်ကြွယ်ခြင်းအိုးအလိုရှိသည်ဖြစ်၍ဟူသည်ကား။** လူဖြစ်လိုသည်ဖြစ်၍၊သိတင်းသည်ဥပါသကာဖြစ်လိုသည်ဖြစ်၍၊အရံစောင့်ဖြစ်လိုသည်ဖြစ်၍၊ သာမဏေဖြစ်လိုသည်ဖြစ်၍ဟု–ဆိုလိုသည်။

**အိုငါ့ရှင်တို့ ငါသည်မသိဘဲလျက် သိ၏ဟူ၍ ဆိုမိ၏၊ မမြင်ဘဲလျက် မြင်၏ဟူ၍– ဆိုမိ၏ ဟူသည်ကား။** ငါသည်ဤတရားတို့ကိုမသိ၊ ငါသည် ဤတရားတို့ကိုမမြင်၊ ဤတရားတို့သည် ငါ၌မရှိ၊ ငါသည်ဤ တရားတို့၌ မထင်၊ ဤသို့ပြောဆိုမိ၏ဟူ၍ ဆိုလိုသည်။

**အချည်းနှီး ချွတ်ယွင်းသော စကားကို ငါဆိုမိပြီ– ဟူသည်ကား။** အကျိုးမရှိ–အချည်းနှီးသော စကားကို ငါသည် ပြောဆိုအပ်ပြီ၊ ငါသည် ချွတ်လွဲသော စကားကို ပြောဆိုအပ်ပြီ၊ငါသည်မဟုတ်မမှန်သောစကားကိုပြောဆို အပ်ပြီ၊ ငါသည် မသိသည်ဖြစ်၍ ပြောဆိုအပ်ပြီ၊ ဤသို့ ပြောဆိုခြင်းကိုဆိုလိုသည်။

ရနိုးခြင်းကိုကြည့်ထား၍ ဆိုသည်ကား။ ။ရနိုးခြင်း လွန်ကဲသော မာနကိုထား၍ ဆိုလိုသည်။

ဤရဟန်းသည်လည်း ဟူသည်ကား။ ။ရှေးဖြစ်သော ပါရာဇိက.ကျသော ရဟန်းကိုအစွဲပြု၍ ဈာန်မဂ်ဖိုလ်တရား မရဘဲနှင့်၊ ရသည်ဟုပြောဟောသော ဤရဟန်းသည်လည်း ဟုဆိုလိုသည်။

သာသနာတော်မှ ရှုံးခြင်းသို့ရောက်၏ ဟူသည်ကား။

....... လ .......

ရဟန်းကောင်းတို့နှင့် ပေါင်းဘော်ခြင်းမရှိ ဟူသည်ကား။ ။........လ.........

မိမိ၌ ဥတ္တရိမနုဿဓမ္မ ထင်ရှားမရှိခြင်း၊ ယုတ်မာသော အလိုဖြင့် ဥတ္တရိမနုဿဓမ္မကိုကြားခြင်း၊ သူတပါးကို ညွှန်းခြင်း၊ အကြင်သူအား ကြား၏။ ထိုသူ၏ လူဇာတ်ဖြစ်ခြင်း၊ ထိုကြားသော ခဏ၌သိခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို ဝေသာလီပြည်၌၊ ဝဂ္ဂုမုဒါမြစ်နားနေသော ရဟန်းတို့ကို အကြောင်း ပြု၍၊ ထိုရဟန်းတို့၏ မြတ်ကုန်သောသူတို့၏တရားကို ကြားခြင်းတည်းဟူသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏ )

စတုတ္ထပါရာဇိက သိက္ခာပုဒ်-ပုဒ်ခွဲအဓိပ္ပါယ် ပြီး၏။

---

၁။ မေထုန် မှီဝဲခြင်းကြောင့် သင့်သော ပါရာဇိက အာပတ်။

၂။ အရှင် မပေးသော သူတပါး ဥစ္စာကို ခိုးယူခြင်းကြောင့် သင့်သော ပါရာဇိက အာပတ်။

၃။ လူဇာတ်ဖြစ်သောသူကို သတ်သောကြောင့် သင့်သော ပါရာဇိက အာပတ်။

၄။ လူတို့၏ကုသိုလ်တရားထက် လွန်မြတ်သော ဈာန် မဂ်, ဖိုလ်တရားထူးကို၊ မရဘဲ ရ၏ဟု ပြောကြားသော ကြောင့် သင့်သော ပါရာဇိက အာပတ်-ဟူ၍ လေးပါးရှိ၏။ ထိုလေးပါးတို့သည် သာသနာတော်နှင့်ကင်းပြတ်ကြောင်း ဝတ္ထုဖြစ်ကုန်၏။

(ဤသိက္ခာပုဒ်, လေးပါးကို၊ ဒုလ္လဘ ရဟန်းတို့အား၊ ရှေးဦးစွာ သိမ်အတွင်း-ရဟန်းဖြစ်စ ကာလကပင်,ဆုံးမခဲ့ပြီ။)

---

## သံဃာဒိသိသ် ၁၃-ပါးပြခြင်း

## (၁) သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်

လွတ်စေလိုသော စေတနာ ရှိသည်ဖြစ်၍၊ သုက်ကို လွတ်စေသော ရဟန်းအား၊ အိပ်မက်၌ သုက်လွတ်ခြင်းကို ကြဉ်၍၊ သံဃာဒိသေသ အမည်ရှိသော အာပတ်သင့်၏။

---

## ပုဒ်ခွဲအဓိပ္ပါယ်ဖော်ပြချက်

လွှတ်စေလိုသော စေတနာ ရှိသည်ဖြစ်၍-ဆိုသည် အား။ ။သိသည်ဖြစ်၍၊ ကောင်းစွာ သိသည်ဖြစ်၍၊စေ ဆော်၍၊ လွှမ်းမိုး၍၊ ကျူးလွန်ခြင်း-ဟုဆိုအပ်၏။

သုက်–ဆိုသည်ကား။ ။သုက်သည် ဆယ်မျိုးရှိ၏။ ညိုသော အဆင်းရှိသောသုက်, ရွှေသောအဆင်းရှိသော သုက်,နီသောအဆင်းရှိသောသုက်,ဖြူသောအဆင်းရှိသော သုက်, ရက်တက်ရည် အဆင်းရှိသောသုက်, ရေကဲ့သို့ အဆင်းရှိသောသုက်, ဆီ–အဆင်းရှိသောသုက်, နို့ရည် အဆင်းရှိသောသုက်, နို့ခမ်းအဆင်းရှိသောသုက်, ထောပတ် အဆင်းရှိသော သုက်တို့ဖြစ်ကုန်၏။

လွှတ်စေခြင်း–ဆိုသည်ကား။ ။သုက်ကို – နေရာမှ ရွေ့စေခြင်းကို၊ သုက်လွှတ်စေခြင်းဟူ၍–ဆို၏။

အိပ်မက်၌ သုက်လွှတ်ခြင်းကို ကြဉ်၍ ဆိုသည်ကား။ ။ အိပ်မက်၌ သုက်လွှတ်ခြင်းကို ကြဉ်ပေး၍၊ ဖယ်ထား၍– ဆိုသည်။

သံဃာဒိသေသ ဆိုသည်မှာ။ ။ထိုအာပတ်မှ စင်ကြယ် ခြင်း၄ါ သံဃာတော်များထံ၌– လက်ဦးအစ ပရိဝါသ် ဆောက်တည်ရ၏။ ထိုနောက် ကြွင်းသော ကိစ္စတဖန်ပြန်၍၊ ပရိဝါသ် ဆောက်တည်ခြင်း၊ မာနတ်ဆောက်တည်ခြင်း၊ အဗ္ဘာန်သွင်းခြင်းများကိုလည်း သံဃာထံမှာပင် ပြုရ၏။ သို့ဖြစ်၍ ထိုအာပတ်–၁၃–ပါးကို သံဃာဒိသေသ အာပတ် ဟု ခေါ်ဝေါ်လေသည်။

လွှတ်စေလိုသော စေတနာ၊ လုံ့လပြုခြင်း၊ လွှတ်ခြင်း။ အင်္ဂါ ၃–ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ သေယျသကကို အကြောင်းပြု၍၊ လှုံ့ဆော်ပြု၍ သုက်လွှတ်ခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်၏။)

သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ် ပုဒ်ခွဲအဓိပ္ပါယ်ပြီး၏။

## (၂) ကာယသံသဂ္ဂသိက္ခာပုဒ်

အကြင် ရဟန်းသည် တပ်နှစ်သက်ခြင်း ရာဂအလူး သည် ပူးဝင်အပ်သည်ဖြစ်၍၊ ဖောက်ပြန်သော စိတ်ဖြင့် မာတုဂါမနှင့်အတူတကွ ကိုယ်လက်နှီးနှောခြင်းသို့ရောက် ခြားအံ့၊ လက်ကိုကိုင်ခြင်းသို့လည်း၊ ဆံထုံးကို ကိုင်ခြင်း သို့လည်း၊ တပါးပါးသော အင်္ဂါကြီးငယ်ကို သုံးသပ်ခြင်း သို့လည်း ရောက်ငြားအံ့၊ ထိုရဟန်းအား သံဃာဒိသေသ အာပတ်သင့်၏။

---

### ပုဒ်ခွဲအဓိပ္ပါယ်ဖော်ပြချက်

အကြင်-ဟူသည်ကား ...... သ........

ရဟန်း-ဟူသည်ကား ........သ........

တပ်နှစ်သက်ခြင်း ရာဂအလူးသည် ပူးဝင်အပ်သည် ဖြစ်၍-ဟူသည်ကား။ ။တပ်နှစ်သက်ခြင်းရှိ၏။ငဲ့ကွက် ခြင်းရှိ၏၊ ရာဂဖြင့် နှောင်ဖွဲ့ခြင်းစိတ်ရှိ၏။—ဆိုလိုသည်။

ပေါက်ပြန်သောစိတ်ဖြင့်-- ဟူသည်ကား။ ။တပ်နှစ်သက်သော စိတ်သည်လည်း ပေါက်ပြန်သည်မည်၏။ အမျက်ထွက်သော စိတ်သည်လည်း ပေါက်ပြန်သည် မည်၏။ တွေဝေသော စိတ်သည်လည်း ပေါက်ပြန်သည်မည်၏။ ဤစင်စစ်မှာမူ၊ ဤကိုယ်လက်နှီးနှောခြင်းအရာ၌ တပ်နှစ်သက်သော စိတ်ကိုသာလျှင် ပေါက်ပြန်သောစိတ်ဟူ၍ အလိုရှိအပ်၏။

မာတုဂါမ-ဆိုသည်ကား။ ။လူမိန်းမပေတည်း။ ဘီလူးမ-မဟုတ်။ ပြိတ္တာမ-မဟုတ်။ တိရစ္ဆာန်မ-မဟုတ်။ အယုတ်သဖြင့်ထိုနေ့၌ဖွားမြင်သောသတို့သမီးသည်လည်း-လူမိန်းမမည်၏။ ကြီးသောမိန်းမကြီးမှာမူ အဘယ်ဆိုဘွယ်ရှိတော့အံ့နည်း။

အတူတကွ-ဆိုသည်ကား။ ။တကွနက်-တပေါင်းတည်းအတူ-ဆိုလိုသည်။

ကိုယ်သက်နှီးနှောခြင်းသို့ ရောက်ငြားအံ့ – ဟူသည်ကား။ ။မြတ်စွာဘုရား၏ ပညတ်တော်ကို ကျော်နင်းလွှန်ကျူး၍-ကျင့်ခြင်းကိုဆိုသည်။

လက် – မည်သည်ကား။ ။တတောင်ဆစ်မှ လက်သည်းဖျားတိုင်အောင်သော ကိုယ်အင်္ဂါသည်လက်မည်၏။ ထိုလက်ကိုကိုင်ခြင်းဆိုလိုသည်။

ဆံထုံး– မည်သည်ကား။ ။ဆံပင်သက်သက်သည်ရင်း၊ ချည်နှင့်ရောသောဆံပင်သည်ရင်း၊ ပန်းနှင့်ရောသော

ဆံပင်သည်ရင်း၊ ငွေချည်နှင့် ရောသော ဆံပင်သည်ရင်း၊ ရွှေချည်နှင့် ရောသော ဆံပင်သည်ရင်း၊ ပုလဲသွယ်နှင့်ရောသောဆံပင်သည်ရင်း၊ပတ္တမြားကုံးနှင့်ရောသောဆံပင်သည်ရင်း ဆံထုံးမည်၏။

အင်္ဂါကြီးငယ်မည်သည်ကား။ ။သက်ကိုရင်း၊ဆံသုံးကိုရင်း ဘဲထား၍၊ကြွင်းသောကိုယ်၏ အစိတ်ဟူသမျှသည် အင်္ဂါကြီးငယ်မည်၏။

သုံးသင်္ခြင်းသို့ ရောက်ကြောင်းခံ့ဆိုသည်ကား။ ။ထိုမှ ဤ၃-အမျိုးမျိုး-သုံးသပ်-ကိုင်တွယ်ခြင်းမည်၏။

ထိုရဟန်းအား-ဆိုသည်ကား။ ။မာတုဂါမကိုရာဂ-စိတ်ဖြင့် ကိုင်တွယ်သော ထိုရဟန်းကိုဆိုသည်။

သံဃာဒိသေသ အာပတ်သင့်၏-ဆိုသည်ကား။ ။

........လ.........

လူ့နုန်းမ၊ မိန်းမဟူသောအမှတ်၊ ကာယသံသဂ္ဂရာဂ၊ ထိုရာဂဖြင့် လှုံ့လပြုခြင်း၊ ဟတ္ထဂ္ဂါဟ-စသည်သို့ရောက်ခြင်း၊ အင်္ဂါ ၅-ပါး၊

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယီထေရ်ကို အကြောင်းပြု၍၊ ကိုယ်,လက် နှီးနှောခြင်းသို့ ရောက်ခြင်းတည်းဟူသောအကြောင်းကြောင့် ပညတ်တော်မူအပ်၏။)

ကာယသံသဂ္ဂ သိက္ခာပုဒ် ပုဒ်ခွဲအဓိပ္ပါယ် ပြီး၏။

## (၃) ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်

အကြင်ရဟန်းသည် ရာဂသို့ သက်ဝင်လိုသည် ဖြစ်၍။ ဖောက်ပြန်သောစိတ်ဖြင့်၊ မာတုဂါမကို ရုန့်ရင်းသောစကားတို့ဖြင့်၊ လုလင်ပျိုသည် မိန်းမပျိုကို မေထုန်နှင့် စပ်သော စကားတို့ဖြင့် ပြက်ရယ်ပြောဆို သကဲ့သို့ ပြောဆိုငြားအံ့။ သံဃာဒိသေသ အာပတ်သင့်၏။

---

### ပုဒ်ခွဲအဓိပ္ပါယ်ဖော်ပြချက်

အကြင်-ဆိုသည်ကား။...... လ........

ရဟန်း-ဆိုသည်ကား။.........လ........

ရာဂသို့ သက်ဝင်လိုသည်ဖြစ်၍- ဆိုသည်ကား။ တပ်နှစ်သက်ခြင်းရှိသည်၊ ငဲ့ကွက်ခြင်းရှိသည်၊ နှောင်ဖွဲ့သော စိတ်ရှိသည်ဖြစ်၍-ဟုဆိုလိုသည်။

ဖောက်ပြန်သောစိတ်- ဆိုသည်ကား။ ဤအရာ၌- တပ်နှစ်သက်သောစိတ်ကိုသာလျှင် ဖောက်ပြန်သောစိတ်-ဟူ၍အလိုရှိအပ်၏။

မာတုဂါမ-ဆိုသည်ကား။ လူမိန်းမကို ဆိုသည်။ ကောင်းသောစကား၊ မကောင်းသောစကားကို သိခြင်းငှါ စွမ်းနိုင်သော၊ ရုန့်ရင်းသောစကား၊ မရုန့်ရင်းသောစကားကို သိခြင်းငှါ စွမ်းနိုင်သော လူမိန်းမကို ဤနေရာ၌ မာတုဂါမ ဆိုလိုသည်။

ရုန့်ရင်းသော စကား မည်သည်ကား။ ဝစ္စမဂ်- ပဿာဝမဂ်- မေထုန် အကျင့်နှင့် စပ်သော-စကား များ ပေတည်း။

လုသင်ပျို့သည့် မိန်းမပျိုကိုဆိုသည်ကား။ ။သူငယ်သည်၊ သူငယ်မကို၊ နုပျိုသောယောကျ်ားသည်၊ နုပျိုသော မိန်းမကို၊ ကာမဂုဏ်ခံစားသော ယောကျ်ားသည်၊ ကာမ ဂုဏ်ခံစားသော မိန်းမကို ဆိုလိုသည်။

မေထုန်နှင့်စပ်သော စကားဆိုသည်ကား။ ။မေထုန် နှင့် ယှဉ်သော စကားကိုဆိုလိုသည်။

ပြောဆိုငြားအံ့ဆိုသည်ကား။ ။ပညတ်တော်မူအပ် သော သိက္ခာပုဒ်ကို လွန်ကျူး၍ ကျင့်ငြားအံ့ ဆိုလိုသည်။

**သံဃာဒိသေသအာပတ် ဆို သည်ကား။ ။....လ....**

လူမိန်းမ၊ လူမိန်းမဟူသော အမှတ်၊ ဒုဋ္ဌုလ္လဝါစာ၌ သာယာသော ရာဂ၊ ထိုရာဂဖြင့်ဆိုခြင်း၊ ထိုခဏ၌သိခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယီ ထေရ်ကို အကြောင်းပြု၍၊ ရုန့်ရင်းသော စကားတို့ဖြင့် ဖြက်ရယ် ဆိုခြင်းဟူသော အကြောင်းကြောင့် ပညတ်တော် မူအပ်၏။)

ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် ပုဒ်ခွဲအဓိပ္ပါယ် ပြီး၏။

---

## (၄) အတ္တကာမပါရိစရိယသိက္ခာပုဒ်

အကြင်ရဟန်းသည်၊ ရာဂသို့ သက်ဝင်လိုသည်ဖြစ်၍၊ ဖေါက်ပြန်သော စိတ်ဖြင့်၊ မာတုဂါမ၏အထံ၌၊ မိမိအတွက်

ကာမဂုဏ် ဖြင့် လုပ်ကျွေး ခြင်း၏ ဂုဏ် ကျေးဇူးကို ပြောကြားပြီးအံ့၊ ဪ-နှစ်မ အကြောင်မိန်းမသည် သီလနှင့် ပြည့်စုံသော ကောင်းသော သဘောရှိသော မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော ငါကဲ့သို့သဘောရှိသောသူကို ထိုအကျင့်ဖြင့် လုပ်ကျွေးရာ၏။ ဤသို့လုပ်ကျွေးခြင်းသည် လုပ်ကျွေးခြင်းအပေါင်းတို့တွင် အမြတ်ဆုံးတည်း၊ မြတ်လှ၏ဟု၊ မေထုန်နှင့်စပ်သော စကားဖြင့် ပြောဆိုပြီးအံ့၊ ထိုရဟန်းအား သံဃာဒိသေသ အာပတ်သင့်၏။

---

## မုဒိတ္ထဲ ဓမ္မိပ္ပါယ်ပေါ် မြောက်

အကြောင်းဆိုသည့်ကား။ ။.........သ........

ရဟန်း ဆိုသည့်ကား။ ။.........ထ........

ရာဂသို့ သက်ဝင်လိုသည့် ဖြစ်၍ ဆိုသည့်ကား။ တပ်နှစ်သက်ခြင်း ငဲ့ကွက်ခြင်း၊ နှောင်ဖွဲ့သော စိတ်ရှိခြင်းကို ဆိုလိုသည်။

ဖေါက်ပြန်သောစိတ်ဖြင့် ဆိုသည့်ကား။ ။ဘဝမက်သောစိတ်ကို ဤအရာ၌၊ ဖေါက်ပြန်သောစိတ်ဟုဆိုအပ်၏။

မာတုဂါမ ဆိုသည့်ကား။ ။ကောင်းစွာ ဆိုအပ်သောစကား၊ မကောင်းသဖြင့်ဆိုအပ်သော စကား၊ ရုန့်ရင်းကြမ်းတမ်းသော စကား၊ မရုန့်ရင်း မကြမ်းတမ်းသော စကားကို သိခြင်းငှါ စွမ်းနိုင်သော လူမိန်းမကို ဆိုအပ်၏။

မာတုဂါမအထံ၌ဆိုသည်ကား။ ။မာတုဂါမ အနီး၌ မာတုဂါမမှ မဝေးသောအရပ်၌ ဆိုလိုသည်။

မိမိအလိုအားလျော်စွာ ဆိုသည်ကား။ ။မိမိ၏အလို၊ မိမိ၏အကြောင်း၊မိမိ၏အလိုသဘော၊ မိမိအား ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်းကိုဆိုလိုသည်။

ဤသို့ လုပ်ကျွေးခြင်းသည် လုပ်ကျွေးခြင်း အပေါင်းတို့တွင် အမြတ်ဆုံးတည်း မြတ်လှ၏ ဆိုသည်ကား။ ။ ဤသို့လုပ်ကျွေးခြင်းသည် အထူးသဖြင့် မြတ်၏။ ဤသို့လုပ်ကျွေးခြင်းသည် အကြီးအမှူးဖြစ်၏။ ဤသို့ လုပ်ကျွေးခြင်းသည်လွန်မြတ်၏။ ဤသို့လုပ်ကျွေးခြင်းသည် အထူးသဖြင့် အလွန်မြတ်၏ဟုဆိုလိုသည်။

အကြင်မိန်းမ-ဆိုသည်ကား။ ။မင်းသမီးရင်း၊ပုဏ္ဏားသမီးရင်း၊ကုန်သည်သမီးရင်း၊သူဆင်းရဲသမီးရင်း၊အမှတ်မထင် တယောက်ယောက်သော အမျိုးသမီးကို-ဆိုလိုသည်။

ငါကဲ့သို့ သဘောရှိသောသူ- ဆိုသည်ကား။ ။မင်းသော်ရင်း၊ ပုဏ္ဏားသော်ရင်း၊ ကုန်သည် သော်ရင်း၊ သူဆင်းရဲသော်ရင်း ဆိုလိုသည်။

သီလနှင့်ပြည့်စုံခြင်း-ဆိုသည်ကား။ ။သူ့အသက်ကို သတ်ခြင်းမှ- ကြဉ်ရှောင်၏။ သူ့ဥစ္စာကိုခိုးခြင်းမှ ကြဉ်ရှောင်၏။ မဟုတ်မဟုတ်သော စကားကို ပြောခြင်းမှ ကြဉ်ရှောင်၏ ဆိုလိုသည်။

မြတ်သော အကျင့်ကိုကျင့်လေ့ရှိသော–ဆိုသည်ကား။ ။ မေထုန်အကျင့်မှ–ကြဉ်ရှောင်ခြင်းကို ဆိုလိုသည်။

ကောင်းသော သဘောရှိသော–ဆိုသည်ကား။ ။ ထိုဆိုအပ်ခဲ့ပြီးသော သီလဖြင့်၊ ထိုဆိုအပ်ခဲ့ပြီးသော မြတ်သော အကျင့်ဖြင့် ကောင်းသော သဘော ရှိ၏ဟု ဆိုလိုသည်။

ထိုအကျင့်ဖြင့်–ဆိုသည်ကား။ ။ ထိုမေထုန်အကျင့်ကို ဆိုလိုသည်။

လင်ကျွန်းခြားအံ့–ဆိုသည်ကား။ ။ မွေ့လျော်ခြားအံ့–ဆိုလိုသည်။

မေထုန်နှင့်စပ်သောစကားဆိုသည်ကား။ ။ မေထုန်နှင့် ယှဉ်သောစကား ဆိုလိုသည်။

သံဃာဒိသေသ–ဆိုသည်ကား။ ။........လ........

လူမိန်းမ၊ လူမိန်းမဟူသော အမှတ်၊ အဋ္ဌကထာမပါရိစရိယ၌ တပ်ခြင်း ရာဂ၊ ထိုရာဂဖြင့် ကျေးဇူးကိုဆိုခြင်း၊ ထိုခဏ၌သိခြင်း။ အင်္ဂါ ၅–ပါး။

( ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌ ဥဒါယီ ထေရ်ကို အကြောင်းပြု၍၊ မိမိအကျိုးငှါ မေထုန်အကျင့်ဖြင့် လုပ်ကျွေးခြင်း၏ ကျေးဇူးကို ဆိုခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

အဋ္ဌကာမ ပါရိစရိယသိက္ခာပုဒ်–ပုဒ်ခွဲအဓိပ္ပါယ် ပြီး၏။

## (၅) သဉ္စရိတ္တသိက္ခာပုဒ်

အကြင် ရဟန်းသည် အောင်သွယ် တမန် သွားလာခြင်းသို့ ရောက်ငြားအံ့၊ မိန်းမအားလည်း ယောကျ်ား၏ အလိုကို၊ ယောကျ်ားအားလည်း မိန်းမ၏ အလိုကို၊ မယားဖြစ်စေလိုသောကြောင့်ရင်း၊ လင်ဖြစ် စေလို သော ကြောင့် ရင်း ပြောကြားငြားအံ့၊ အယုတ်သဖြင့် တခဏမျှ ပေါင်းသော်အပ်သော မယားဖြစ်စေ လိုသောကြောင့်လည်း၊ အောင် တမန် သွားလာခြင်းသို့ ရောက်ငြားအံ့၊ သံဃာဒိသေသ အာပတ်သင့်၏။

---

ပုဒ်ခွဲအဓိပ္ပါယ် ဖော်ပြချက်

အကြင်-ဆိုသည်ကား။ ။........ထ........

ရဟန်း-ဆိုသည်ကား။ ။..........သ..........

အောင်တမန်သွားလာခြင်းသို့ ရောက်ငြားအံ့-မှုသည်ကား။ ။မိန်းမသည် စေခိုင်းအပ်သည်ဖြစ်၍၊ ယောကျ်ား၏ အထံသို့ သွား၍၊ ယောကျ်ားသည် စေခိုင်းအပ်သည်ဖြစ်၍၊ မိန်းမ၏ အထံသို့ သွား၏-ဆိုလိုသည်။

မိန်းမအားလည်း ယောကျ်ား၏ အလိုကို-ဆိုသည်ကား။ ။ယောကျ်ား၏အလိုကို၊ မိန်းမအား ပြောကြား၏-ဆိုလိုသည်။

**ယောကျ်ားအားလည်း မိန်းမ၏ အလိုကို – ဆိုသည်ကား။** ။မိန်းမ၏အလိုကို၊ ယောကျ်ားအား ပြောကြား၏ ဆိုလိုသည်။

**မယား ဖြစ်စေ လိုသောကြောင့်-ဆိုသည်ကား။** ။ မယားဖြစ်လတ္တံ့ ဟူသော အကြောင်းကြောင့်-ဆိုလိုသည်။

**လင်ဖြစ်စေလိုသောကြောင့်–ဆိုသည်ကား။** ။လင် ယောကျ်ားဖြစ်လတ္တံ့ ဟူသော အကြောင်းကြောင့်-ဆိုလို သည်။

**အယုတ် သဖြင့် တခဏမျှ ပေါင်း ဖောက် အပ်သော မိန်းမ၌လည်း-ဆိုသည်ကား။** ။တမုဟုတ်မျှ ပေါင်းဖော် အပ်သော မယားဖြစ်လတ္တံ့-ဆိုလိုသည်။

**သံဃာဒိသေသ အာပတ်သင့်၏ ဆိုသည်ကား။** ။လ....

နှစ်ဦးသူတို့ လူဇာတ်ဖြစ်ခြင်း၊ အောင်တမန်သွားခြင်းငှါထိုက်ခြင်း၊ ဝန်ခံခြင်း၊ စုံစမ်းခြင်း၊ တဘန်ပြန်၍ကြားခြင်း။ အင်္ဂါ ၅-ပါး။

( ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယီ ထေရ်ကို အကြောင်းပြု၍ အောင်တမန်သွားလာခြင်းသို့ ရောက်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

သဉ္စရိတ္တသိက္ခာပုဒ် ပုဒ်ခွဲ အဓိပ္ပါယ်ပြီး၏။

## (၆) ကုဋိကာရသိက္ခာပုဒ်

ကိုယ်တိုင် တောင်း အပ်သော အဆောက် အဦဖြင့် ဆောက်လုပ်သူ အရှင်ဒါယကာမရှိသော မိမိတို့ရည်ညွှန်းသော ကျောင်းကုဋိကို ပြုလိုသော ရဟန်းသည်၊ အတိုင်းအရှည်ရှိသော ကျောင်းကို ဆောက်လုပ်စေအပ်၏။ ၎င်းဆိုလတ္တံ့သည်ကား၊ ထိုကျောင်း၏ အတိုင်းအရှည် ပမာဏပေတည်း။ မြတ်စွာဘုရားအထွာတော်ဖြင့် အလျားတဆဲ့နှစ်ထွာတို့တည်း။ အနံခုနစ်ထွာတို့တည်း။ ကျောင်းရာကိုကြားခြင်းငှါ၊ ရဟန်းတို့ကို ပင့်ဆောင်အပ်၏။ ထိုရဟန်းတို့သည် ပိုးရွ, ခြပုန်းစသော ဘေးရန် မရှိသော နွားနှစ်ကောင်ကသော လှည်းဖြင့် လှည့်လည်လောက်အောင် ဥပစာရှိသော ကျောင်းရာကို ပြောကြားအပ်၏။ ရဟန်းသည် ပိုးရွ,ခြပုန်းစသောဘေးရန်ရှိသော နွားနှစ်ကောင်ကသော လှည်းဖြင့် လှည့်လည်လောက်သော ကျောင်းရာ၌ ကိုယ်တိုင် ဆောက်လုပ်အပ်သော အဆောက် အဦဖြင့် ကျောင်းကို အကယ်၍ဆောက်လုပ်ငြားအံ့။ ကျောင်းရာကို ကြားခြင်းငှါ ရဟန်းတို့ကိုလည်း အကယ်၍ မပင့်ဆောင်ငြားအံ့။ အတိုင်းအရှည်ကိုလည်း အကယ်၍ လွန်ငြားအံ့၊ ထိုရဟန်းအား သံဃာဒိသေသ အာပတ်သင့်၏။

ဥလ္လိတ္တ, အဝလိတ္တ, ဥလ္လိတ္တာ ဝလိတ္တကုဋိ ၃-ပါ.တွင် တပါးပါး၏ အဖြစ်၊ ညောင်စောင်း လှည့်လည်းလောက်သော ဟေဋ္ဌိမ ပမာဏ၏ ဖြစ်သင့်ခြင်း၊ အဒေသိတ ဝတ္ထုကအဖြစ်၊ ပမာဏာတိက္ကန္တ အဖြစ်၊ အတ္တုဒ္ဒေသိကအဖြစ်၊ ဝါသာဂါရအဖြစ်၊ လေပဃဋ္ဋနအဖြစ်။ အင်္ဂါ ၆-ပါး၊ ၇-ပါး။

(ဤသိက္ခာပုဒ်ကိုအာဠဝီပြည်၌အာဠဝီတိုင်းသားရဟန်းများကို အကြောင်းပြု၍၊ မမိဘောင်းအပ်သော အဆောက်အဦ ဖြင့် ကုဋိကို ပြုသော ပဏ္ဏုကြောင့် ပညတ် တော်မူအပ်၏၊)

## (၇) ဝိဟာရကာရသိက္ခာပုဒ်

ဆောက်လုပ်သူ ဒါယကာရှိသော မိမိသို့ ရည်ညွှန်းအပ်သော ကြီးစွာသော ကျောင်းကို ဆောက်လုပ်ခြင်းငှါ အလိုရှိသော ရဟန်းသည်၊ ကျောင်းရာကို ကြားခြင်းငှါ ရဟန်းတို့ကို ပင့်ဆောင် အပ်ကုန်၏၊ ထိုရဟန်းတို့သည်၊ ဘေးရန်မရှိသော သွားလာလှည့်ပတ်လောက်သော ဥပစာရှိသော ကျောင်းရာကို ကြားအပ်၏၊ ရဟန်းသည် ဘေးရန်ရှိသော လှည့်သည်လောက်သော ဥပစာမရှိသောကျောင်းရာ၌ ကြီးစွာသောကျောင်းကို အကျယ်၍ ဆောက်လုပ်စေငြားအံ့၊ ကျောင်းရာ ကြားခြင်းငှါ ရဟန်း တို့ကိုမူလည်း မပင့်ဆောင်ငြားအံ့၊ ထိုရဟန်းအား သံဃာဒိသေသအာပတ်သင့်၏။

ပမာဏမရှိခြင်းသာ ကုဋိကာရသိက္ခာပုဒ်မှ ထူး၏။

( ဤ သိက္ခာ ပုဒ်ကို ကောသမ္ဗီပြည်၌၊ ဆန္န ထေရ်ကို အကြောင်းပြု၍ လူတို့ပူဇော်အပ်သော သစ်ပင်ကို ဖြတ်စေခြင်း ပဏ္ဏုကြောင့် ပညတ်တော်မူအပ်၏။)

## (၈) ဒုဋ္ဌဒေါသသိက္ခာပုဒ်

အကြင် ရဟန်းသည် ရဟန်းကို ဒေါသသည်ဖျက်ဆီး အပ်သည့်ဖြစ်၍၊ မနှစ်သက် နိုင်သည်ဖြစ်၍၊ ထိုရဟန်းကို ဤ မြတ်သောအကျင့်မှ စင်စစ် ရွေ့လျောစေအံ့ဟု–အရင်း မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲငြားအံ့၊ ထိုစွပ်စွဲ ပြီးသည်မှနောက်ကာလ၌ မေးမြန်းအပ်သော်၎င်း၊ မမေး မမြန်းအပ်သော်၎င်း၊ ထို အဓိကရုဏ်းသည် အရင်းမရှိ သည့်သာလျှင် ဖြစ်အံ့၊ (စွပ်စွဲသော) ရဟန်းသည်လည်း အပြစ်ကို(ဝန်ခံ၍)တည်အံ့၊ သံဃာဒိသေသ အာပတ် သင့်၏။

——— X ———

### ပုဒ်ခွဲအဓိပ္ပါယ်ဖော်ပြချက်

အကြင်ဆိုသည်ကား။ ။........လ........

ရဟန်း ဆိုသည်ကား။ ။........လ........

ရဟန်းကို ဆိုသည်ကား။ ။တပါးသော ရဟန်းကို ဆိုလိုသည်။

ဒေါသသည် ဖျက်ဆီးအပ်သော ဆိုသည်ကား။ ။အမျက်ထွက်သည်၊ မနှစ်လိုသည်၊ သဘောမကျသည်၊ ထိပါး လိုသောစိတ်ရှိသည်၊ ကြောင့်တံသင်းကဲ့သို့သောစိတ်ရှိသည် ဖြစ်၍-ဆိုလိုသည်။

မနှစ်သက်နိုင်သည်ဖြစ်၍ ဆိုသည်ကား။ ။ထိုအမျက် ထွက်ခြင်းဖြင့်၎င်း၊ ထိုနှလုံးမသာခြင်းဖြင့်၎င်း၊ ထိုစိတ်၏ မနှစ်သက် ခြင်းဖြင့်၎င်း၊ ထို သဘောမကျ ခြင်းဖြင့်၎င်း မနှစ်သက်နိုင်သည်ဖြစ်၍-ဟုဆိုလိုသည်။

အခရင်းမရှိသော ဆိုသည်ကား။ ။ပျက်စီဖြင့် မမြင်၊ နားဖြင့်မကြား၊ ယုံမှားမရှိခြင်းဟု ဆိုလိုသည်။

ပါရိဇာတ်က အာပတ်ဖြင့် ဆိုသည်ကား။ ။လေးပါးသော ပါရာဇိကအာပတ်တို့တွင်၊ တပါးပါးသော အာပတ်ဖြင့် ဆိုလိုသည်။

စွပ်စွဲခြားအံ့ ဆိုသည်ကား။ ။စောဒနာ သော်၎င်း၊ စောဒနာစေသော်၎င်း ဆိုလိုသည်။

ထိုရဟန်းကို မြတ်သောအကျင့်မှ စင်စစ် ရွေ့လျောစေအံ့ဆိုသည်ကား။ ။ရဟန်း၏အဖြစ်မှ ရွေ့လျောစေအံ့၊ သီလအစုမှ ရွေ့လျောစေအံ့၊အကျင့်တည်းဟူသော ဂုဏ်ကျေးဇူးမှ ရွေ့လျောစေအံ့ဟု ဆိုလိုသည်။

စွပ်စွဲပြီးသည်မှ နောင်ကာလ၌ ဆိုသည်ကား။ အကြင်ခဏ၌ စွပ်စွဲသည်ဖြစ်၍၊ ထိုခဏ၊ ထိုလယ၊ ထိုခုဏတ္တကို လွန်သည်ဖြစ်၍ ဟုဆိုလိုသည်။

မေးစိစစ် အပ်သော်၎င်း ဆိုသည်ကား။ ။အကြင်ဝတ္ထုဖြင့်စွပ်စွဲ၏။ ထိုဝတ္ထု၌ မေးစိစစ်အပ်သည် ရှိသော် ဆိုလိုသည်။

မမေးမစိစစ် အပ်သော်၎င်း ဆိုသည်ကား။ ။တစုံတယောက်သောသူမျှ မပြောမဆိုမမေးမမြန်းဆိုလိုသည်။

အဓိကရုဏ်း ဆိုသည်ကား။ ။အဓိကရုဏ်း တို့သည် ငြင်းခုံခိုက်ရန် ဖြစ်ခြင်း၊ ဝိဝါဒါဓိကရုဏ်း၊ စွပ်စွဲခြင်း-အနု

ဝါဒါမိကရုဏ်း၊ အာပတ်သင့်ခြင်း အာပတ္တာမိကရုဏ်း၊ အကြောင်း ကိစ္စသူး ကိစ္စာမိကရုဏ်း–ဟူ၍၊ လေးပါးရှိ၏-ဆိုလိုသည်။

ရဟန်းသည်သည်း အပြစ်ကိုဝန်ခံ၍ တည်၍ ဆိုသည့်ကား။ ။ငါသည် အချည်းနှီး သက်သက် ဆိုအပ်၏။ ငါသည် မှန်ဘဲသိမ်၍ ပြောဆိုအပ်၏။ ငါသည် မဟုတ် မှန်ဘဲ ပြောဆိုအပ်၏။ ငါသည်မသိဘဲ ပြောဆိုအပ်၏ဟု ဝန်ခံ၏။

**သံဃာဒိသေသအာပတ်သင့်၍ဆိုသည့်ကား။ ။.....သ—**

စောဒနာခံရသူ၏ ပညာဖြစ်ခြင်း၊ ထိုသူ၌စင်၏ဟု အမှတ်ရှိခြင်း၊ ပါရာဇိကဖြင့် စောဒနာ၏၊ ထိုပါရာဇိက၏အရင်းမရှိခြင်း၊ သာသနာမှ ရွေ့လျောစေလိုသဖြင့် မျက်မှောက်၌ စောဒနာခြင်း၊ ထိုခဏသိခြင်း၊ အင်္ဂါ ၅-ပါး၊

(၌သိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ မေတ္တိယဘုမ္မဇက ရဟန်းဘို့ကို အကြောင်းပြု၍၊ အရင်းမရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်၏။)

ဒုဋ္ဌဒေါသသိက္ခာပုဒ် ပုဒ်ဖွဲ့ အဓိပ္ပါယ်ပြီး၏။

---

## (၉) ဒုတိယ ဒုဋ္ဌဒေါသသိက္ခာပုဒ်

အကြင်ရဟန်းသည်၊ ဒေါသသည် ဖျက်ဆီး အပ်သည် ဖြစ်၍၊ မနှစ်သက်နိုင်သည်ဖြစ်၍၊ တပါးသောအတွဲ့ရှိသော

အဓိကရုဏ်း၏ တစုံတခုကို ရည်ညွှန်းအပ်သော အမြွက်မျှကို အစွဲပြု၍၊ ထိုရဟန်းကို ဤမြတ်သောအကျင့်မှ အကယ်၍ ရွေ့လျောစေအံ့ဟု ပါရာဇိက အာပတ်ဖြင့်စွပ်စွဲငြားအံ့။ ထိုစွပ်စွဲသည်မှ တပါးသော နောက်အခါ၌၊ မေးစစ်အပ်သော်၎င်း၊ မမေးမစိစစ် အပ်သော်၎င်း။ ထိုအဓိကရုဏ်းသည် တပါးသော အတ္ထုရှိသည် လည်းကောင်း။ တစုံတရာသော အမြွက်ကို စွဲအပ်သည်လည်းကောင်း။ ရဟန်းသည် အပြစ်ကိုဝန်ခံ၍ တည်သည်လည်းကောင်း ဖြစ်အံ့၊ သံဃာဒိသေသ အာပတ်သင့်၏။

---

## ပုဒ်ခွဲအဓိပ္ပါယ်ဖော်ပြချက်

အကြောင်းဆိုသည်ကား။ ။.........လ........

ရဟန်း ဆိုသည်ကား။ ။.........သ........

ရဟန်းကို—ဆိုသည်ကား။ ။တပါးသောရဟန်းကို ဆိုလိုသည်။

ဒေါသသည်ဖျက်ဆီးအပ်သည်ဖြစ်၍— ဆိုသည်ကား။ ........ဃ.........

မနှစ်သက်နိုင်သည်ဖြစ်၍—ဆိုသည်ကား။ ....မှ....

တပါးသော အတ္ထုရှိသော အဓိကရုဏ်း၏ ဆိုသည်ကား။ ။အာပတ်ဟူသောတပါးသော အတ္ထုရှိသည်၎င်း၊ အဓိကရုဏ်းဟူသော တပါးသောအတ္ထုရှိသည်၎င်း ဖြစ်၏ ဟူလိုသည်။

တခုံဘခုကို ရည်ညွှန်း အပ်သော အမြွက်မျှကိုခွဲ၍ ဟူသည်ကား။ ။အမြွက်မည်သည်ကားဆယ်မျိုးရှိ၏။ ။အမျိုး ဟူသော ဇာတိလေသတပါး။ အမည်ဟူသော နာမလေသတပါး။ အနွယ်ဟူသောဂေါတ္တလေသတပါး။ အသွင်ဟူသော လိင်လေသတပါး။ အာပတ် ဟူသော အာပတ္တိလေသတပါး။ သပိတ်ဟူသောပတ္တလေသတပါး။ သင်္ကန်းဟူသော စိဝရလေသတပါး။ ဥပဇ္ဈာယ်ဆရာ ဟူသော ဥပဇ္ဈာယလေသတပါး။ ဆရာဟူသောအာစရိယ လေသတပါး။ ကျောင်းနေရာဟူသော သေနာသန လေသ တပါး။ ဤသို့အမြွက်လေသတို့သည်ဆယ်ပါးတို့တည်း။

ပါရာဇိကအာပတ်ဖြင့်ဆိုသည်ကား။ ...လ....

စွပ်စွဲပြောအံ့ ဟူသည်ကား။ ။မိမိကိုယ်တိုင်မှုလည်း စောဒနာပြောအံ့၊ သူတပါးကိုမှုလည်း စောဒနာစေပြောအံ့ဟု ဆိုလိုသည်။

မြင်သော အကြောင်းမှ ရွေ့လျောစေပြောအံ့ ဟူသည် ကား။ ။ရဟန်းအဖြစ်မှ ရွေ့လျောစေအံ့။ ရဟန်းတရားမှ ရွေ့လျောစေအံ့၊ သီလအစုမှ ရွေ့လျောစေအံ့၊ အကျင့် ဘည်းဟူသော ဂုဏ်ကျေးဇူးမှ ရွေ့လျောစေအံ့ ဟူ၍ ဆိုလိုသည်။

ထိုစွပ်စွဲသည်မှ အပါးသော အခါဟူသည်ကား။ ။လ။

မေးစိစစ်အပ်သည်ဖြစ်သော် ဆိုသည်ကား။ ...လ....

မမေးမစိစစ်အပ်သည်ဖြစ်သော် ဆိုသည်ကား။ ။လ။

အဓိကရုဏ်း မည်သည်ကား။.......လ.......

တခုံအခုကို ရည်သွန်းအစ်သော အမြွက်မှုက်ခွဲ၍—ဟူသည်ကား။ ။မြွက် ၁၀–ပါးအရှိတွင် တရတချသော အမြွက်ကိုစွဲ၍ ဆိုလိုသည်။

ရဟန်းသည်လည်းအပြစ်ကိုနေခံ၍ တည်၏–ဟူသည်ကား။ ။……..လ……..

သံဃာဒိသေသ အပေါဓ်သင့်၏ ဟူသည်ကား။ လ။

အင်္ဂါရေတွက်ရာ၌ လေသမတ္တအင်္ဂါသာ ရှေးသိက္ခာပုဒ်မှတူး၏။

(ဤသိက္ခာပုဒ်ကို မေတ္တိယဘုမ္မဇက ရဟန်းတို့သည်။ မလ္လာမင်း၏သားဖြစ်သော ဒဗ္ဗကို။ ပါရာဇိကဒဿပတ်ဖြင့် စွပ်စွဲခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်၏။)

ဒုတိယ ဒုဋ္ဌဒေါသ သက္ခာပုဒ် ပု ခွဲ အပ်ပြပါပြီး။

---

## (၁၀) သံဃဘေဒသိက္ခာပုဒ်

အကြင်ရဟန်းသည် ညီညွတ်သောသံဃာ၏ ကွဲပြားခြင်းငှါ လုံ့လ ပြုပြုအံ့၊ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အဓိကရုဏ်းကိုလည်း ဆောက်တည်လျက် ချီးမြှောက်၍ တည်ငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် ဤသို့ဆိုဆုံးမရာ၏။ အရှင်သည်ညီညွတ်ပြီးသောသံဃာကို ကွဲပြားစေခြင်းငှါ လုံ့လမပြုပါလင့်၊ကွဲပြားခြင်းကိုဖြစ်စေတတ်သော အဓိကရုဏ်းကိုလည်း ဆောက်တည်လျက် ချီးမြှောက်၍ မတည်ပါလင့်၊ အရှင်သည် သံဃာနှင့် ညီညွတ်ပစေလော၊ ညီညွတ်သောသံဃာသည်သာလျှင် ဝမ်းမြောက်သည်ဖြစ်

၍၊ဥပြင်းခံခြင်းမရှိကြဘဲ၊တူသောပါတိမောက်ပြခြင်းရှိသည့် ဖြစ်၍၊ ချမ်းသာစွာ နေရပါ၏ဟု– ဤသို့ဆို ဆုံးမရာ၏။ ဤသို့လျှင် ထိုရဟန်းကို ရဟန်းတို့သည် ဆိုဆုံးမသော်လည်း ထိုရှေးနည်းအတူသာလျှင် ချီးမြှောက်ငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စိမ့်သောငှါ ကောင်းစွာဆိုဆုံးမအပ်၏။ သုံးကြိမ်တိုင်အောင် ဆိုဆုံးမသည်ရှိသော် ထိုအယူကို အကယ်၍ စွန့်ငြားအံ့၊ ဤသို့စွန့်ခြင်းသည်ကောင်း၏။ အကယ်၍မစွန့်ငြားအံ့၊ ထိုရဟန်းအား သံဃာဒိသေသ အာပတ်သင့်၏။

ကွဲစိမ့်သောငှါလုံ့လပြုခြင်း၊ မမှုကံဖြင့်ဆုံးမခြင်း၊ တမ္ဗဝါစာဆုံးခြင်း၊ မစွန့်ခြင်း၊ အင်္ဂါ ၄–ပါ။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ ဒေဝဒတ်ကို အကြောင်းပြု၍၊သံဃာကွဲပြားစေခြင်းငှါ လုံ့လပြုသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၁) ဘေဒါနုဝတ္တကသိက္ခာပုဒ်

ထိုသံဃာကွဲပြားစေခြင်းငှါ လုံ့လပြုသော ရဟန်း၏ အတုကိုလိုက်ကြကုန်သောအရကွဲ၍ဝဂ်ဖြစ်အံ့သောစကားကိုဆိုတတ်ကုန်သော တပါးသော်လည်း၊ နှစ်ပါးသော်လည်း၊ သုံးပါးသော်လည်း ဖြစ်ကုန်သောရဟန်းတို့သည် ရှိသည်ဖြစ်ကုန်၏၊ ထိုရဟန်းတို့သည် ဤသို့ဆိုကုန်ရာ၏။ အရှင်တို့သည် ထိုရဟန်းကို တစုံတရာမျှ မပြောမဆိုကြပါလင့်၊

ဤရဟန်းသည် တရားကိုပြောလေ့ရှိပါ၏။ ဤရဟန်းသည် ဝိနည်းကိုပြောလေ့ရှိပါ၏။ ထိုရဟန်းသည်ငါတို့၏အလိုဆန္ဒကိုငှင်း၊ နှစ်သက်ခြင်းကိုငှင်းယူ၍ ပြောဆိုပါ၏။ ငါတို့၏အလိုဆန္ဒကို သိပါ၏။ ငါတို့နှင့် အတူတကွ တိုင်ပင်၍ ပြောဆို၏။ ငါတို့သည်လည်း ဤအယူဝါဒကိုနှစ်သက်၏ဟု ပြောဆိုရာ၏။ ထိုရဟန်းတို့ကို ရဟန်းတို့သည်ဤသို့ဆိုအပ်သည်ဖြစ်ရာ၏။ အရှင်တို့သည် ဤသို့ မဆိုကြကုန်လင့်၊ ဤရဟန်းသည်တရားကိုပြောဆိုလေ့ရှိသည်မဟုတ်၊ ဝိနည်းကိုပြောဆိုလေ့ရှိသည်မဟုတ်၊ အရှင်တို့အားလည်း သံဃာ၏ကွဲပြားခြင်းကို နှစ်သက်တော်မမူကြပါကုန်လင့်၊ အရှင်ဘုရားတို့အားသံဃာနှင့် ညီညွတ်တော်မူကြပါကုန်လော့။ အကြောင်းမူကား ညီညွတ်သော သံဃာသည် ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိကြကုန်ဘဲ တူသော ပါတိမောက်ပြခြင်း ရှိကြကုန်လျက် ချမ်းသာစွာနေရ၏ဟု ဤသို့ ပြောဆိုအပ်၏။ ရဟန်းတို့သည် ဤသို့ဆိုအပ်သည်ဖြစ်ပါလျက်၊ ထိုရဟန်းတို့သည် ထို့အတူပင် ချီးမြှောက်ကြကုန်ငြားအံ့၊ ရဟန်းတို့သည်၊ ထိုရဟန်းတို့ကို ထိုအယူကို စွန့်စေခြင်းငှါ သုံးကြိမ်တိုင်အောင် ဆိုဆုံးမအပ်ကုန်၏။ သုံးကြိမ်တိုင်အောင် ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို အကယ်၍ စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍မစွန့်ကုန်ငြားအံ့၊ သံဃာဒိသေသအာပတ်သင့်၏။

အတုလိုက်ခြင်း၊ ဆုံးမခြင်း၊ ကမ္မဝါစာဆုံးခြင်း၊ မစွန့်ခြင်း။ အင်္ဂါ ၄ ပါး။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ များစွာကုန်သော ရဟန်းတို့သည်၊ သံဃာကွဲပြားခြင်း၌ လုံ့လပြုသော ဒေဝဒတ်၏အလိုသို့လိုက်သောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၂) ဒုဗ္ဗစ သိက္ခာပုဒ်

ရဟန်းသည်သာလျှင်ဆိုနိုင်ခက်သောသဘောရှိသည် ဖြစ်၍ ဥဒ္ဒေသ၌ အကျုံးဝင်သော သိက္ခာပုဒ်တို့၌ ရဟန်းတို့သည် တရားနှင့်အညီ ပြောဆိုဆုံးမ အပ်သည်ရှိသော်၊ အရှင်တို့သည် အကျွန်ုပ်ကိုကောင်းသည်လည်း ဖြစ်သော၊ မကောင်းသည်လည်းဖြစ်သော၊ တစုံတခုသောစကားကိုမျှ မပြောမဆို ကြပါကုန်လင့်၊ အကျွန်ုပ်သည်လည်း အရှင်တို့ကို ကောင်းသည်ကိုရင်း၊ မကောင်းသည်ကိုရင်း တစုံတရာမျှ မပြောမဆိုပါ၊ အရှင်တို့သည် ကျွန်ုပ်ကို ပြောဆိုခြင်းမှကြဉ်ထားကြပါကုန်လော-ဟု မိမိကိုမပြောမဆိုအပ် (မပြောမဆိုသိုက်) သည်ကိုပြု၏။ ထိုရဟန်းကို ရဟန်းတို့သည် ဤသို့ ပြောဆိုအပ်၏။ အရှင်သည် မိမိကို မပြောမဆိုအပ်သည်ကို မပြုပါလင့်၊ အရှင်သည် မိမိကို ပြောဆိုအပ်သည်ကိုသာ ပြုပါလော၊ အရှင်သည်လည်း တရားနှင့်အညီ ရဟန်းတို့ကို ပြောဆိုပါလော။ ရဟန်းတို့သည်လည်း အရှင်ကို တရားနှင့်အညီ ပြောဆိုကြပါကုန်လတ္တံ့။ ဤသို့ ဖြစ်သည်ရှိသော် အကြင်အချင်းချင်း ပြောဆို ဆုံးမခြင်းဖြင့်

အချင်းချင်း အာပတ်မှ ထခြင်းဖြင့် ထို မြတ်စွာ ဘုရား၏ ပရိသတ်သည် ကြီးပွားသည် သာလျှင် ဖြစ်၏ဟု ပြောဆို အပ်၏။ ဤသို့လျှင် ထိုရဟန်းကို ရဟန်းတို့သည် ပြောဆို ဆုံးမပါလျက်၊ ထိုအတူပင်လျှင်ချီးမြှောက်ငြားအံ့၊ ထိုရဟန်း ကို ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကိုစွန့်စိမ့် သောငှါ ပြောဆိုဆုံးမအပ်၏။ သုံးကြိမ်တိုင်တိုင် ဆိုဆုံးမ သည်ဖြစ်၍ ထိုအယူကို အကယ်၍ စွန့်ငြားအံ့၊ ထိုသို့ စွန့် ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ သံဃာဒိသေသ အာပတ်သင့်၏။

မဆိုအပ်သည်ကို ပြုခြင်း၊ ဆုံးမခြင်း၊ ကမ္မဝါစာဆုံးခြင်း၊ မစွန့်ခြင်း။ အင်္ဂါ ၄-ပါး။

(ဤ သိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌၊ ဆန္န ထေရ်ကို အကြောင်း ပြု၍၊ မိမိကိုယ်ကို မဆိုအပ် သည်ကို ပြုခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၃) ကုလ-ဒူသက သိက္ခာပုဒ်

ရဟန်းသည် အမှတ်မရှိသော ရွာကိုရင်း၊ နိဂုံးကိုရင်း အမှီပြု၍နေ၏။ အမျိုးဒါယကာတို့ကို ဖျက်ဆီး၏။ ယုတ်မာ သော အကျင့်ရှိ၏။ ထိုရဟန်း၏ ယုတ်မာကုန်သော အကျင့် တို့ကို မြင်လည်း မြင်ကြကုန်၏။ ကြားလည်း ကြားကြကုန် ၏။ ထိုရဟန်းသည် ဖျက်ဆီးအပ်ကုန်သော အမျိုးဒါယကာ တို့ကိုလည်းမြင်လည်းမြင်ကြကုန်၏၊ ကြားလည်း ကြားကြ

ကုန်၏။ ထိုရဟန်းကို ရဟန်းတို့သည် ဤသို့ ပြောဆိုအပ်သည် ဖြစ်၏။ အရှင် သည်ကား အမျိုး ဒါယကာ တို့ကို ဖျက်ဆီး၏ ယုတ်မာသောအကျင့်ရှိ၏။ အရှင်၏ မကောင်း ယုတ် မာ သော အကျင့်တို့ကို မြင်လည်း မြင်ကြကုန်၏။ ကြားလည်းကြားကြကုန်၏။ အရှင်သည်ဖျက်ဆီးအပ်သော အမျိုးဒါယကာတို့ကိုလည်းမြင်လည်းမြင်ကြကုန်၏။ ကြားလည်းကြားကြကုန်၏။ အရှင်သည် ဤကျောင်း အာဝါသမှ ဖဲသွားပါလော။ သင် သည် ဤ ကျောင်း၌ နေ သဖြင့် မသင့်မလျော်ချေ—ဟု ပြောဆိုအပ်၏။ ဤသို့လျှင် ထိုရဟန်းကို ရဟန်းတို့က ဆိုသည်ရှိသော်၊ ထိုရဟန်းက (တဖန်) ပြန်ဆိုရာ၏။ ရဟန်းတို့သည် ဆန္ဒာဂတိသို့လိုက်ကြကုန်၏။ ဒေါသာဂတိသို့ လိုက်ကြကုန်၏။ မောဟာဂတိသို့ လိုက်ကြကုန်၏၊ ဘယာဂတိသို့လိုက်ကြကုန်၏။ ဤသို့သဘောရှိသောအာပတ်ဖြင့်အချို့သောသူတို့ကိုနှင်ထုတ်ကြကုန်၏၊ အချို့သော သူတို့ကို မနှင်ထုတ်ကြကုန်—ဟု ဆိုကုန်ရာ၏။ ထိုရဟန်းကို ရဟန်းတို့သည် ဤသို့ ဆိုအပ်သည်ဖြစ်ရာ၏။ အရှင် သည် ဤသို့ မပြောမဆိုပါလင့်၊ ရဟန်း တို့ သည် ဆန္ဒာဂတိ သို့ လိုက် ကြသည် မဟုတ်၊ ရဟန်းတို့သည် ဒေါသာဂတိသို့ လိုက်ကြသည် မဟုတ်၊ ရဟန်းတို့သည် မောဟာဂတိသို့ လိုက်ကြသည်မဟုတ်၊ ရဟန်းတို့သည် ဘယာဂတိသို့ လိုက်ကြသည်မဟုတ်၊ အရှင်သည်သာအမျိုး ဒါယကာတို့ကိုဖျက်ဆီး၏၊ ယုတ်မာသောအကျင့် အာစာရ ရှိ၏။ အရှင်၏ မကောင်း ယုတ်မာသော အကျင့် တို့ကို

မြင်လည်းမြင်ကြကုန်၏၊ကြားလည်းကြားကြကုန်၏၊အရှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုး ဒါယကာတို့ကိုလည်း မြင်လည်း မြင်ကြကုန်၏၊ ကြားလည်း ကြားကြကုန်၏၊ အရှင် သည် ဤ ကျောင်းမှ ဖဲသွား ပါလော၊ သင် အား ဤကျောင်းအာဝါသ၌ နေသဖြင့် မသင့်မလျော်ဟု ဆိုကြကုန်ရာ၏၊ဤသို့လျှင် ထိုရဟန်း သည် ရဟန်းတို့က ပြောဆိုအပ်သည် ဖြစ်ပါလျက်၊ထိုအတူပင်လျှင် ချီးမြှောက်ငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည်သုံးကြိမ်တိုင်အောင် ထိုအယူအကျင့်ကို စွန့်ပယ်စေခြင်းငှါ ဆုံးမအပ်၏၊ သုံးကြိမ်တိုင်အောင် ဆိုဆုံးမသည်ရှိသော် အကယ်၍ ထိုအယူ အကျင့်ကို စွန့်ပယ်ငြားအံ့၊ ဤသို့ စွန့်ပယ်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်မပယ်ငြားအံ့၊ သံဃာဒိသေသ အာပတ်သင့်၏။

ဆန္ဒာဂတိ စသည်သို့ ရောက်စေခြင်း၊ ဆုံးမခြင်း၊ ကမ္မဝါစာဖြင့် ဆုံးမခြင်း၊ မစွန့်ခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို ပန်းပေးခြင်း စသော ကုလဒူသက ၈-ပါးကို ပြုခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ဤကား သံဃာဒိသေသ သိက္ခာပုဒ် ၁၃-ပါးပြီး၏။

---

(၁) ပဌမ အနိယတ သိက္ခာပုဒ်

အကြင် ရဟန်း သည် မာတုဂါမ နှင့် အတူ တကွ တယောက်သည် တယောက်ချင်း နား ဖျက်စိ ဆိတ်ကွယ်

သော၊ ဖုံးလွှမ်းသော အမှုကို ပြုခြင်းငှါ ခံ့သော နေရာ၌ နေခြင်းကို ပြုငြားအံ့၊ ယုံကြည်အပ်သော စကားရှိသော ဥပါသိကာမသည် မြင်၍၊ သုံးပါးသော သိက္ခာပုဒ်တို့တွင် တပါးပါးသော ပါရာဇိက အာပတ်ဖြင့်၎င်း၊သံဃာဒိသေသ အာပတ်ဖြင့်၎င်း၊ပါစိတ်အာပတ်ဖြင့်၎င်း ဆိုငြားအံ့၊ ထိုင်နေခြင်းကို ဝန်ခံသောရဟန်းကို သုံးပါးကုန်သော သိက္ခာပုဒ်တို့တွင် တပါးပါးသော ပါရာဇိက အာပတ်ဖြင့်၎င်း၊သံဃာဒိသေသ အာပတ်ဖြင့်၎င်း၊ပါစိတ်အာပတ်ဖြင့်၎င်း၊ဆုံးဖြတ်အပ်၏။ အကြင် အာပတ်ဖြင့်လည်း ယုံကြည်အပ်သော စကား ရှိသော ထိုဥပါသိကာမသည် ဆိုငြားအံ့၊ ထို အာပတ်ဖြင့်ထိုရဟန်းကိုဆုံ ဖြတ်အပ်၏။ဤသိက္ခာပုဒ်သည် အမြဲမရှိ။

---

## ပုဒ်ခွဲအဓိပ္ပါယ် ပေါ်ပြချက်

အကြောင်း–ဟူသည်ကား။ ။...............လ...............

ရဟန်း–ဟူသည်ကား။ ။...............လ...............

မာတုဂါမ-ဟူသည်ကား။ ။လူမိန်းမတည်း၊ဘီလူးမ မဟုတ်, ပြိတ္တာမ–မဟုတ်၊ တိရစ္ဆာန်မ-မဟုတ်၊ အယုတ်သဖြင့် ယနေ့ ဖွားသော သူငယ်မသည်လည်း မိန်းမ–မည်၏၊ကြီးသောမိန်းမမှာမူ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ မိန်းမ မည်သည်သာ ဖြစ်၏။

အတူအကွ-ဆိုသည်ကား။ ။တပြိုင်နက် တွေ့ဆုံခြင်း ဆိုလိုသည်။

တယောက်သည်-တယောက်ချင်း-ဆိုသည်ကား။ ။ ရဟန်းသည်လည်းဖြစ်၍။ မာတုဂါမသည်လည်း ဖြစ်၍-ဆိုလိုသည်။

ဆိတ်ကွယ်ရာအရပ်-ဆိုသည်ကား။ ။မျက်စိ၏ဆိတ်ကွယ်ခြင်း၊နား၏ဆိတ်ကွယ်ခြင်းနှစ်မျိုးရှိ၏ မျက်စိ၏ဆိတ်ကွယ်ခြင်း ဟူသည်ကား၊ မျက်စိကို မှိတ်အပ်သည်ရှိသော်ရင်း၊မျက်မှောင်ကို ချီအပ်သည်ရှိသော်ရင်း၊ ဦးခေါင်းကို ကြွချီအပ်သော်ရင်း၊ မြင်ခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၏။ နား၏ ဆိတ်ကွယ်ခြင်း မည်သည်ကား၊ ပကတိပြောသော စကားကို နားကြားခြင်းငှါ စွမ်းနိုင်သည်မဖြစ်။ ထိုအရပ်သည် ဆိတ်ရာအရပ်-မည်၏။

ဖုံးကွယ်သောနေရာ-မည်သည်ကား။ ။နံရံဖြင့်ရင်း၊ သီတိုင်ဖြင့်ရင်း၊ကိုင်းဖြင့်ရင်း၊တံခါးရွက်ဖြင့်ရင်း၊ဖျာဖြင့်ရင်း၊ တင်းတိမ်အရံဖြင့်ရင်း၊ သစ်ပင်ဖြင့်ရင်း၊အမှတ်မရှိ တခုခု ဖုံးလွှမ်းအပ်သော နေရာ-ဟုဆိုအပ်၏။

အမှုအံပြုခြင်းငှါခံ့သော-မည်သည်ကား။ ။မေထုန်အကျင့်ကိုမှီဝဲခြင်းငှါ စွမ်းနိုင်သည်ဖြစ်၏-ဆိုလိုသည်။

နေခြင်းကို ပြုခြင်းအခွံ ဟူသည်ကား။ ။မာတုဂါမသည် ထိုင်နေသည်ရှိသော်၊ ရဟန်းသည် အနီး၌ ထိုင်နေသည်လည်းဖြစ်၏။ အနီး၌ လျောင်းနေသည်လည်းဖြစ်၏။

ရဟန်းသည် ထိုင်နေသည်ရှိသော်၊မာတုဂါမသည် အနီး၌ ထိုင်နေသည်ဖြစ်၏။ အနီး၌လျောင်းနေသည် လည်းဖြစ်၏။ နှစ်ယောက်သော သူတို့သည်လည်း ထိုင်နေသည်ဖြစ်ကုန် ၏- နှစ်ယောက်သော သူတို့သည်လည်း လျောင်းနေသည် ဖြစ်ကုန်၏ဟု ဆိုအပ်၏။

ယုံကြည်အပ်သော စကားရှိသောဟူသည်ကား။ ဧ ရအပ်သော သောတာပတ္တိဖိုလ် ရှိခြင်း၊ သိအပ်သော သစ္စာလေးပါးရှိခြင်း၊သိအပ်သော ဘုရားသာသနာရှိခြင်း သည်။ ယုံကြည်အပ်သော စကားရှိသူ-မည်၏။

ဥပါသိကာ-မည်သည်ကား။ ။ဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ခြင်းသို့ ရောက်သည်၊တရားကို ကိုးကွယ် ရာဟူ၍ ဆည်းကပ်ခြင်းသို့ ရောက်သည်၊သံဃာကို ကိုး ကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသို့ ရောက်သည်-ဖြစ်၏။

မြင်၍ဟူသည်ကား။ ။တွေ့၏-ဟုဆိုလိုသည်။

သုံးပါးသော သိက္ခာပုဒ်တို့တွင် တပါးပါးသော ပါရာ ဇိက-အာပတ်ဖြင့်ရင်း၊ သံဃာဒိသေသ- အာပတ်ဖြင့်ရင်း၊ ပါစိတ်အာပတ်ဖြင့်ရင်း ဆိုငြားအံ့။ ထိုင်နေခြင်းကို ရဟန်း သည် ဝန်ခံသည်ရှိသော် သုံးပါးသော သိက္ခာပုဒ်တို့တွင် တပါးပါးသောပါရာဇိကအာပတ်ဖြင့်ရင်း၊သံဃာဒိသေသ အာပတ်ဖြင့်ရင်း၊ ပါစိတ်အာပတ်ဖြင့်ရင်း ဆုံးဖြတ်အပ်၏။ အကြင်အာပတ်ဖြင့် ယုံကြည်အပ်သော စကားရှိသော ထို ဥပါသိကာမဆိုငြားအံ့၊ ထိုအာပတ်ဖြင့် ထိုရဟန်းကို ဆုံး

ဖြတ်အပ်၏ ဟူသည်ကား။ ။ထိုဥပါသိကာသည် အရှင်သည် မာတုဂါမ၏မင်္ဂလာ၌ မေထုန်အကျင့်ကိုမှီဝဲလျက် ထိုင်နေသည်ကို ငါသည်မြင်အင်၏-ဟုအကယ်၍ ဆိုငြားအံ့ ထိုရဟန်းသည်လည်း၊ထိုထိုင်နေခြင်းကိုဝန်ခံအံ့၊အာပတ်ဖြင့် ဆုံးဖြတ်အပ်၏။

ဤသိက္ခာပုဒ်သည် အမြဲမရှိ-ဟူသည်ကား။ ။ပါရာဇိက-အာပတ်ဟူ၍ရင်း၊ သံဃာဒိသေသအာပတ်ဟူ၍ရင်း၊ ပါစိတ် အာပတ်ဟူ၍ရင်း မြဲသည်မဟုတ်-ဟူလိုသည်။

(ဤသိက္ခာ ပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယိထေရ်ကို အကြောင်းပြု၍၊ မာတုဂါမနှင့်အတူတကွ ဆိတ်ကွယ်ရာ အရပ်၌ နေခြင်းကို ပြုသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ပဌမ အနိယတသိက္ခာပုဒ်-ပုဒ်ခွဲအဓိပ္ပါယ်ပြီး၏။

---

## (၂) ဒုတိယအနိယတ-သိက္ခာပုဒ်

ဖုံးကွယ်သော နေရာကားမဟုတ်၊ အမှုကို ပြုခြင်းငှါ မခံ့၊မာတုဂါမကို ရုန့်ရင်းကုန်သောစကားတို့ဖြင့် ပြောဆိုခြင်းငှါ တတ်ကောင်းသည်သာလျှင်ဖြစ်၏။အကြင်ရဟန်းသည် ထိုသို့သဘောရှိသော နေရာ၌ မာတုဂါမနှင့် အတူတကွ တယောက်သည့်တယောက်ချင်း ဆိတ်ကွယ်သော အရပ်၌ နေခြင်းကို ပြုငြားအံ့။ ထိုရဟန်းကို ယုံကြည်လောက်သော စကားရှိသော ဥပါသိကာမသည် မြင်၍

နှစ်ပါးသော သိက္ခာပုဒ်တို့တွင် တပါးပါးသော သံဃာဒိသေသ အာပတ်ဖြင့်ရင်း၊ ပါစိတ်အာပတ်ဖြင့်ရင်း ဆိုငြား အံ့။ ထိုင်နေသော ရဟန်းသည် ဝန်ခံသည့်ရှိသော် နှစ်ပါးကုန်သော သိက္ခာပုဒ် တို့တွင် တပါးပါးသော သံဃာဒိသေသအာပတ်ဖြင့်ရင်း၊ ပါစိတ်အာပတ်ဖြင့်ရင်း ဆုံးဖြတ်အပ်၏။ ယုံကြည်အပ်သော စကားရှိသော ဥပါသိကာမသည်၊ အကြင် သိက္ခာပုဒ်ဖြင့် ဆိုရာ၏။ ထိုသိက္ခာပုဒ်ဖြင့် ထိုရဟန်းကို ဆုံးဖြတ်အပ်၏။ ဤသိက္ခာပုဒ် သည်လည်း အမြဲမရှိ။

—၀—

## ပုဒ်ခွဲအဓိပ္ပါယ်ဖေါ်ပြချက်

ဖုံးကွယ်သောနေရာ မဟုတ်ဟူသည်ကား။ ။နံရံဖြင့်ရင်း၊ တံခါးရွက်ဖြင့်ရင်း၊ ဖျာဖြင့်ရင်း၊ တင်းတိမ် အရံဖြင့်ရင်း၊ သစ်ပင်ဖြင့်ရင်း၊ သည့်တိုင်ဖြင့်ရင်း ကျီဖြင့်ရင်း မဖုံးလွှမ်းအပ်သည် ဖြစ်၏။ အမှတ်မရှိ တစုံတခုမျှ မဖုံးလွှမ်းအပ်သည် ဖြစ်၏ဟူ၍ ဆိုလိုသည်။

အမှုကို ပြုခြင်းငှါ မခံ့ဟူသည်ကား။ ။မေထုန်အကျင့်ကို ပြုခြင်းငှါ မတတ်ကောင်း-ဟု ဆိုလိုသည်။

မာတုဂါမ ကို ရုန့်ရင်းကုန်သော စကားတို့ဖြင့် ပြောဆိုခြင်းငှါ တတ်ကောင်းသည်- ဆိုသည်ကား။ ။မာတုဂါမအား ရုန့်ရင်းကြမ်းတမ်းသော စကား (မေထုန်နှင့်စပ်

သောစကား)ကိုပြောဆိုခြင်း၄ါတ်ကောင်းသည်ဖြစ်၏-ဟုလိုသည်။

အကြင်-ဆိုသည်ကား။·······လ········

ရဟန်း-ဆိုသည်ကား။·······လ········

ထိုသို့ သဘောရှိကုန်သော နေရာဟူသည်ကား။ ။အထက်က ပြဆိုအပ်ပြီးသော နေရာ-ဟုလို။

မာတုဂါမ-ဆိုသည်ကား။ ။လူမိန်းမဟု ဆိုလိုသည်။

အတ္တကာမ-ဆိုသည်ကား။ ။တပြိုင်နက် တပေါင်းတည်းနေခြင်း-ဟုဆိုအပ်၏။

တယောက်သည် တယောက်ဆိုင်း - ဟူသည်ကား။ ။············လ············

ဆိတ်ကွယ်ရာ-မည်သည်ကား။·······လ········

နေခြင်းကိုပြုခြားအံ့-ဟူသည်ကား။····လ····

ယုံကြည်ခင်သောစကားရှိ-ဟူသည်ကား။····လ····

ဥပါသိကာ မည်သည်ကား။········လ········

မြင်၍ ဟူသည်ကား။ ။တွေ့၍ ဟုလိုသည်။

နှစ်ပါးသောသိက္ခာပုဒ်တို့တွင် တပါးပါးသော သံဃာဒိသေသအာပတ်ဖြင့်ရင်း၊ ပါစိတ်အာပတ်ဖြင့်ရင်း ဆိုငြားအံ့။ ထိုင်နေခြင်းကိုရဟန်းသည်ဝန်ခံသည်ရှိသော် နှစ်ပါးသော သိက္ခာပုဒ်တို့တွင် တပါးပါးသော သံဃာဒိသေသအာပတ်ဖြင့်ရင်း၊ ပါစိတ်အာပတ်ဖြင့်ရင်း ဆုံးဖြတ်အပ်၏။ အကြင်

အာပတ်ဖြင့် ယုံကြည်အပ်သော စကားရှိသော ထိုဥပါသိကာမသည်ဆိုငြားအံ့၊ထိုအာပတ်ဖြင့် ထိုရဟန်းကိုဆုံးဖြတ်အပ်၏။

ဤသိက္ခာပုဒ်သည်လည်းဟူသည်ကား။ ။ရှေးသိက္ခာပုဒ်ကိုထောက်၍ ဆိုအပ်၏။

မမြဲ ဟူသည်ကား။ ။...............လ...............

(ဤ သိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယိ ထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်၏။)

ဒုတိယအနိယတသိက္ခာပုဒ် ပုဒ်ခွဲ အဓိပ္ပါယ် ပြီး၏။

—○—

## နိဿဂ္ဂိယပါစိတ် ၃၀-ပြခြင်း

### ပဌမစီဝရဝဂ်

### (၁) ပဌမနိဿဂ္ဂိ

ရဟန်း သည် သင်္ကန်း၌ ပြု အပ် သော ကြောင့်ကြခြင်း ပြီးပြီးသည်ရှိသော်၊ခင်းအပ်သော ကထိန်ကို နုတ်ပြီးသည်ရှိသော်၊ ၁၀-ရက် အပိုင်းအခြား ရှိသော ကာလပတ်လုံး အဓိဋ္ဌာန် ဝိကပ္ပနာပြုသောသင်္ကန်းမှ လွန်သော သင်္ကန်းကို ဆောင်အပ်၏။ ထို ၁၀-ရက် အပိုင်းအခြား ရှိသော ကာလကို လွန်စေသော ရဟန်း အား သင်္ကန်း ဟူသောစွန့်အပ်သော ဝတ္ထုရှိသော။ဝါ။စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ် အာပတ်သင့်၏။

ဇာတ်ပမာဏနှင့် ပြည့်စုံသော သင်္ကန်း၏ မိမိဥစ္စာ၏ အဖြစ်၊ ခန္ဓအရေအတွက်လောက်သောအဖြစ်၊ ပလိဗောဓပြတ်ခြင်း၊ အဓိဋ္ဌာန် ဝိကပ္ပနာမပြုခြင်း၊ ၁၀-ရက်လွန်ခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို ဝေသာလီပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုသော သင်္ကန်းကိုဆောင်ခြင်း ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၂) ဒုတိယ နိဿဂ္ဂီ

ရဟန်း၏ သင်္ကန်း၌ ပြုအပ်သော ကြောင့်ကြခြင်း ပြီးပြီးသည်ရှိသော်၊ ခင်းအပ်သော ကထိန်ကို နုတ်အပ်ပြီး သည်ရှိသော်၊ ရဟန်းသည် တညဉ့်မျှလည်း တိစီဝရိက်၊ အဓိဋ္ဌာန်ကင်းသောသင်္ကန်းနှင့်အကယ်၍ကင်း၍နေငြားအံ့။ သမ္မုတိရသော ရဟန်းကို ထား၍၊ သင်္ကန်း ကိုလည်း စွန့်အပ်၏။ ပါစိတ်အာပတ်လည်း သင့်၏။

တိစီဝရိက် အဓိဋ္ဌာန်ဖြင့် အဓိဋ္ဌာန်တင်သော သင်္ကန်း၏ အဖြစ်၊ ကထိန်မခင်းခြင်း၊ သမ္မုတိမရခြင်း၊ သင်္ကန်းနှင့် ကင်း၍ အရုဏ်တက်ခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာသောရဟန်း တို့ကို အကြောင်းပြု၍၊ သင်းပိုင်ကိုယ်ဝတ်နှင့်အကွ၊ ဖန့်ပုဏ် တို့၌ ဒေသစာရီလှည့်ခြင်းငှါ ဖဲခြင်းဝတ္ထုကြောင့် ပညတ် တော်မူအပ်၏။)

---

## (၃) စတိုယ နိဿဂ္ဂိ

ရဟန်း၏ သင်္ကန်း၌ ပြုအပ်သော ကြောင့်ကြခြင်း ပြီးပြီးသည်ရှိသော်၊ ခင်းအပ်သောကထိန်ကို နုတ်အပ်ပြီးသည်ရှိသော်၊ ရဟန်းအားသာလျှင်၊ သင်္ကန်းကာလမှ၊ အပ၌လှူအပ်သော သင်္ကန်းသည် အကာယ်၍ ဖြစ်ငြားအံ့၊ အလိုရှိသောရဟန်းသည်ခံယူအပ်၏။ ခံယူပြီး၍လျှင်စွာ ၁၀-ရက်အတွင်း၌သာလျှင် ပြုအပ်၏။ သင်္ကန်းပြည့်စုံ လုံလောက်သည့် အကာယ်၍ မဖြစ်ငြားအံ၊ ထိုရဟန်းသည် ထိုမလုံလောက်သော သင်္ကန်းကို၊ တလအတိုင်း အရှည် ရှိသောကာသပတ်လုံး၊ မပြည့်မစုံယုတ်သော သင်္ကန်းကို ပြည့်စုံစေခြင်းငှါ၊ သင်္ကန်း လျှော့ပုဆိုး ရနိုးခြင်းသည် ရှိခဲ့သော်ထားအပ်၏။ သင်္ကန်းလျှော့ ပုဆိုး ရနိုး ခြင်းသည် ရှိသော်လည်း ထိုတသထက်အလွန်အကာယ်၍ ထားငြားအံ့ သင်္ကန်းကိုလည်း စွန့်အပ်၏။ ပါစိတ် အာပတ်လည်း သင့်၏။

အင်္ဂါကား–ပထမကထိန သိက္ခာပုဒ်၌၊ ၁၀-ရက်လွန်ခြင်း၊ ဤသိက္ခာပုဒ်၌ တလလွန်ခြင်း။ ဤမျှသာထူး၏။

(ဤ သိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာ ကုန်သော ရဟန်းတို့ကိုအကြောင်းပြု၍၊ အကာလသင်္ကန်းကိုခံ၍ တလကိုလွန်စေခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၄) စတုတ္ထ နိဿဂ္ဂိ

အကြင် ရဟန်းသည်၊ အမျိုးမတော်သော ရဟန်းမိန်းမ အား သင်္ကန်းဟောင်းကို ဖွပ်မှုလည်း ဖွပ်စေခြားအံ့၊ ဆိုး မှုလည်းဆိုးစေခြားအံ့၊နယ်မှုလည်းနယ်စေခြားအံ့၊သင်္ကန်း ကိုလည်း စွန့်အပ်၏။ ပါစိတ်အာပတ်လည်း သင့်၏။

သင်္ကန်းဟောင်း၏အဖြစ်၊ ဥပစာ၌တည်၍ ဘိက္ခုနီမအား စေခိုင်း ခြင်း၊ ဘိက္ခုနီမ၏ဖွပ်ခြင်း စသည်ကိုပြုခြင်း။ အင်္ဂါ ၃-ပါး။

( ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယိ ထေရ်ကို အကြောင်းပြု၍၊ ရဟန်းမိန်းမအား၊ သင်္ကန်းဟောင်းကို၊ ဖွပ်စေခြင်း အကြောင်းကြောင့် ပညတ်တော်မူအပ်၏။)

---

## (၅) ပဉ္စမ နိဿဂ္ဂိ

အကြင် ရဟန်းသည်၊ လဲလှယ်ခြင်းကို ကြဉ်ထား၍၊ အမျိုးမတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကိုခံယူခြားအံ့၊ သင်္ကန်းကိုလည်း စွန့်အပ်၏။ ပါစိတ်အာပတ်လည်းသင့်၏။

ဝိကပ္ပနာလေ ခံသော သင်္ကန်း၏ အဖြစ်၊ ဖလှယ်ခြင်း၏ မရှိခြင်း၊ အမျိုးမတော်သော ဘိက္ခုနီမ၏ လက်မှ ခံခြင်း။ အင်္ဂါ ၃-ပါး။

( ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ ဥဒါယိ ထေရ်ကို အကြောင်း ပြု၍၊ အမျိုး မတော်သော ရဟန်း မိန်းမ၏ သင်္ကန်းကို ခံယူခြင်းဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၆) ဆဋ္ဌနိဿဂ္ဂိ

အကြင် ရဟန်းသည်၊ အမျိုး မတော်သော ဒါယကာ သို့ရင်း၊ ဒါယိကာမသို့ရင်း ကပ်၍ သင်္ကန်းကို နှုတ်ဖြင့် တောင်းပြောအံ့၊ တောင်းသင့်သောအခါကို ကြဉ်ထား၍၊ သင်္ကန်းကိုလည်းစွန့်အပ်၏၊ ပါစိတ်အာပတ်လည်း သင့်၏။ သင်္ကန်းတောင်းရာ၌ ဤဆိုလတ္တံ့သည့်ကား၊ တောင်းသင့်သော အခါဘည်း။ ရဟန်းသည် ခိုးသူ လုယက်သော သင်္ကန်းရှိသည်ရင်း၊ ပျောက်ဆုံးသော သင်္ကန်းရှိသည်ရင်း ဖြစ်၏။ ဤ ဆိုအပ်ခဲ့ပြီးသည့်ကား၊ ထိုသင်္ကန်းကိုတောင်းရာ၌ အခါတည်း။

ဝိကပ္ပနာလောက်သော သင်္ကန်း၏အဖြစ်၊ အခါမရှိခြင်း၊ အမျိုး မတော်သူကို တောင်းခြင်း၊ တောင်းသဖြင့် ရခြင်း။ အင်္ဂါ ၄–ပါး။

( ဤ သိက္ခာပုဒ် ကို သာဝတ္ထိပြည်၌၊ ရှင် ဥပနန္ဒ ကို အကြောင်းပြု၍၊ သင်္ကန်းကို တောင်းခြင်း ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၇) သတ္တမနိဿဂ္ဂိ

ယို့သင်္ကန်းကို ခိုးသူ လုယက် သွား သော ရဟန်းကို၊ အမျိုးမတော်သော ဒါယကာသည်ရင်း၊ ဒါယိကာမသည် ရင်း၊ များစွာကုန်သော သင်္ကန်းတို့ဖြင့် ခံယူ စိမ့်သောငှါ ရှေ့ရှုဆောင်၍ ဘိတ်ပြောအံ့၊ ထိုရဟန်းသည်၊ ရှေ့ရှုဆောင် အပ်သောသင်္ကန်းမှ၊ သင်းပိုင်နှင့်တကွ ကိုယ်ဝတ်အတိုင်း

အရှည်ရှိသော သင်္ကန်းကို သာယာအပ်၏။ ထိုသင်းပိုင်, ကိုယ်ဝတ်ထက်အလွန် အကယ်၍သာယာငြားအံ့၊ သင်္ကန်းကိုလည်း စွန့်အပ်၏။ ပါစိတ်အာပတ်လည်းသင့်၏။

သင်းပိုင် ကိုယ်ဝတ်ထက်လွန်ခြင်း၊ အတ္တုဒ္ဒေသ အကြောင်း ကြောင့် လှူခြင်း၊ အမျိုးမတော်သူ၌တောင်းခြင်း၊ တောင်းသဖြင့်ရခြင်း။ အင်္ဂါ ၄—ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ များစွာသောသင်္ကန်းကိုတောင်းခြင်းဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၈) အဋ္ဌမ နိဿဂ္ဂီ

ရဟန်းကိုသာလျှင်ရည်၍၊အမျိုးမတော်သော ဒါယကာ သည်၎င်း၊ ဒါယိကာမ သည်၎င်း၊ သင်္ကန်းဘိုးကိုစီရင် အပ်သည်ဖြစ်၏။ ဤသင်္ကန်းဘိုးဖြင့် သင်္ကန်းကိုဝယ်၍၊ ဤအမည်ရှိသော ရဟန်းကို သင်္ကန်းဖြင့်ဖုံးလွှမ်းအံ့။ ဤသို့ နှလုံးပြု၍ စီရင်အပ်ကုန်သည်ဖြစ်၏။ ထိုသင်္ကန်းဘိုးစီရင် သော ဒါယကာ-ဒါယိကာ(တို့)ကပ်၍၊ ထိုရဟန်းသည်၊ ရှေး၌ မဘိတ်ဘဲ၊ သင်္ကန်း၌ အလွန် စီရင်ခြင်းသို့ အကယ်၍ ရောက်ငြားအံ့၊ဒါယကာ-ငါတောင်းပန်၏-အောက်မေ့ကုန် လော၊ သင်သည် ငါ့ကို ဤသင်္ကန်းဘိုးဖြင့် ဤသို့အလျား ရှည်ခြင်းသဘော၊ ဤသို့အနံပြန့်ခြင်းစသော သဘောရှိ သည်လည်းဖြစ်သော၊ သင်္ကန်းကိုဝယ်၍ လှူလော၊ ဤသို့

ကောင်းသည်ကို အလိုရှိသည်အဖြစ်ကို မိဘ်ဖြင့်စွဲသူ၍၊ စိရင်ခြင်းသို့ အကယ်၍ရောက်ငြားအံ့၊ သက်နိုးကိုထည်း စွန့်အပ်၏။ ပါစိတ်အာပတ်လည်းသင့်၏။

သက်န်းများခြင်းကိုအလိုရှိသည်၏အဖြစ်၊အမျိုးမစပ်သူကိုတောင်း င်း၊ တောင်းသဖြင့်ရခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကိုသာဝတ္ထိပြည်၌၊ ရှင်ဥပနန္ဒကိုအကြောင်း ပြု၍၊ သက်န်း၌ထူးသော စိရင်ခြင်းသို့ ရောက်သောဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၉) နဝမ နိဿဂ္ဂိ

ရဟန်းကိုသာလျှင်ရည်၍၊နှစ်ယောက်ကုန်သော အဆွေ မတော်ကုန်သော ဒါယကာတို့သည်ရင်း၊ ဒါယိကာမတို့ သည်ရင်း၊ အသီးသီးသော သက်န်းဘိုးတို့ကို၊ စိရင်အပ် ကုန်သည်ဖြစ်ကုန်၏။ငါတို့သည် ဤအသီးသီးသောသက်န်း ဘိုးတို့ဖြင့် အသီးသီးသော သက်န်းတို့ကို ဝယ်၍၊ ဤ အမည်ရှိသော ရဟန်းကို သက်န်းတို့ဖြင့် ဖုံးလွှမ်းကုန်အံ့၊ ဤသို့နှလုံးပြု၍၊ စိရင်အပ်ကုန်သည်ဖြစ်ကုန်၏။ ထိုသက်န်း ဘိုး စိရင်သော ဒါယကာအိမ်သို့ကပ်၍၊ ထိုရဟန်းသည်၊ ရှေး၌-မဖိတ်ဘူးဘဲ သက်န်း၌ စိရင်ခြင်းသို့ အကယ်၍ ရောက်ငြားအံ့၊ဒါယကာတို့အတောင်းပန်ပါ၏၊ကြီးအောက်မေ့ ကုန်လော၊သင်ဒါယကာတို့သည်၊ငါ့ကို ဤအသီးသီးသော သက်န်းဘိုးတို့ဖြင့်၊ ဤသို့အထျားရှည်ခြင်း သဘော၊ ဤသို့

အနံ့ပြန့်ခြင်းစဲသော သဘောရှိသော သက်နုံးကို ဝယ်၍ သူတော်ကောင်းဖြစ်ကုန်သော၊နှစ်ဦးသော သင်တို့သည် သာလျှင်၊ တပေါင်းတည်း ဖြစ်ကုန်၍ လှူကုန် လော့ ဤသို့ ကောင်းသည်ကို အကြောင်းပြု၍ စီရင်ခြင်းသို့ အကပယ်၍ရောက်ပြီးအံ့၊သက်နုံးကိုလည်းစွန့်အပ်၏။ပါစိတ် အာပတ်လည်းသင့်၏။

အင်္ဂါကား-အဠမသိက္ခာပုဒ်နှင့်တူ၏။သက်နုံးဘိုးဒကာ ၂ ယောက် ပေါင်းလှူခြင်းမျှသာ ထူးသည်။

(ဤသိက္ခာပုဒ်ကိုသာဝတ္ထိပြည်၌ ရှင်ဥပနန္ဒကိုအကြောင်း ပြု၍၊ မဘိတ်ကုန်သော အမျိုးမတော်ကုန်သော၊ ဒါယကာ တို့သို့ ကပ်၍၊ ထူးသောစီရင်ခြင်းသို့ ရောက်သော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၀) ဒသမ နိဿဂ္ဂိ

ရဟန်းကိုသာလျှင်ရည်၍၊ မင်းသည်ဖြင်း၊အမတ်သည် ဖြင်း၊ ပုဏ္ဏားသည်ဖြင်း၊ သူကြွယ်သည်ဖြင်း တမန်ဖြင့် သက်နုံးဘိုးကိုစေလွှတ်ရာ၏။ဤသက်နုံးဘိုးဖြင့်သက်နုံးကို ဝယ်၍၊ဤအမည်ရှိသောရဟန်းကိုသက်နုံးဖြင့် ဖုံးလွှမ်းချေ လော(လှူချေလော)ဤသို့စေလွှတ်ရာ၏။ ထိုတမန်သည် ထို ရဟန်းသို့ ကပ်၍ ဤသို့အကပယ်၍ ဆိုပြီးအံ့၊အရှင်ဘုရား- အရှင်ဘုရားကိုရည်၍ ဤသက်နုံးဘိုးကိုသာလျှင် ဆောင် အပ်၏။ အရှင်ဘုရားသည်၊သက်နုံးဘိုးကို ခံယူတော်မူပါ-

ဤသို့ဆိုရာ၌။ ထိုရဟန်းသည် တမန်ကို ဤသို့ဆိုသည်ဖြစ်
ရာ၌။ ဒါယကာ-ငါတို့သည်သင်္ကန်းဘိုးကိုမခံယူကုန်။ ငါတို့
သည် လျောက်ပတ်သောအခါ၌ အပ်သော သင်္ကန်းကိုသာ
လျှင်ခံယူကုန်၏၊ ဤသို့ဆိုအပ်သည်ဖြစ်ရာ၌။ ထိုတမန်သည်
ထိုရဟန်းကို အရှင်ဘုရားအား တစုံ တယောက်သော
အမှုကြီးငယ် ပြုတတ်သောသူသည် ရှိပါ၏လော။ ဤသို့
အကယ်၍ လျှောက်ထားငြားအံ့၊ ရဟန်းတို့-သင်္ကန်းကို
အလိုရှိသော ရဟန်းသည်၊ အရံစောင့်ကိုရင်း၊ သီတင်း
သည်ကိုရင်း၊ ဒါယကာ-ဤသူသည်လျှင် ရဟန်းတို့၏ အမှု
ကြီးငယ်ပြုသောသူတည်း။ ဤသို့အမှုကြီးငယ်ပြုသောသူကို
ညွှန်ပြအပ်၏။ ထိုတမန်သည် ထိုအမှုကြီးငယ်ကို ပြုသော
သူကိုသိစေ၍၊ ထိုရဟန်းကိုကပ်၍၊ ဤသို့အကယ်၍ဆိုငြားအံ့
အရှင်ဘုရား-အရှင်ဘုရားသည် အကြင် အမှု ကြီးငယ်ကို
ပြုသောသူကိုညွှန်တော်မူ၏။ ထိုအမှုကြီးငယ်ပြုသောသူကို
အကျွန်ုပ်သိစေအပ်ပြီ။ အရှင်ဘုရားသည်လျောက်ပတ်သော
အခါ၌ ကပ်တော်မူလော၊ အရှင်ဘုရားကို သင်္ကန်းဖြင့်
ဖုံးလွှမ်းလတ္တံ့၊ ဤသို့အကယ်၍လျှောက်ထားငြားအံ့၊ ရဟန်း
တို့-သင်္ကန်းကိုအလိုရှိသော ရဟန်းသည်၊ အမှုကြီးငယ်ကို
ပြုတတ်သောသူသို့ကပ်၍၊ ဒါယကာ-ငါ့အား သင်္ကန်းဖြင့်
အလိုရှိ၏။ ဤသို့ နှစ်ကြိမ်, သုံးကြိမ် တောင်းအပ်၏။
အောက်မေ့စေအပ်၏။ နှစ်ကြိမ်သုံးကြိမ်တောင်းအပ်သည်
ရှိသော်၊ အောက်မေ့စေအပ်သည်ရှိသော်၊ ထိုသင်္ကန်းကို
အကယ်၍ပြီးစေငြားအံ့၊ ဤသို့ပြီးစေခြင်းသည် ကောင်း၏။

အကယ်၍ မပြီးစေငြားအံ့၊ လေးကြိမ်, ငါးကြိမ်, ခြောက်ကြိမ် အတိုင်းအရှည် ဆိတ်ဆိတ်နေသည်ဖြင့်၊ သင်္ကန်းကို ရည်ရွယ်၍ ရပ်ရာ၏။ လေးကြိမ်, ငါးကြိမ်, ခြောက်ကြိမ်, သင်္ကန်းကိုရည်ရွယ်၍ရပ်သည်ရှိသော်၊သင်္ကန်းကိုအကယ်၍ ပြီးစေငြားအံ့၊ ဤသို့ ပြီးစေခြင်းသည် ကောင်း၏။ ထို သုံးကြိမ်တောင်းခြင်း၊ ခြောက်ကြိမ်ရပ်ခြင်းထက် အလွန် အားထုတ်သော်ကြောင့်၊ သင်္ကန်းကို အကယ်၍ရငြားအံ့၊ သင်္ကန်းကိုလည်းစွန့်အပ်၏။ ပါစိတ်အာပတ်လည်းသင့်၏။

အကယ်၍ မပြီးစေငြားအံ့၊ အကြောင်းမင်းစသည်မှ ထို ရဟန်းအား သင်္ကန်းဘိုးကိုဆောင်အပ်၏။ ထိုမင်းစသော သူ၏အထံသို့၊ကိုယ်တိုင်လည်းသွားအပ်၏။ ကိုယ်စားလွှယ် တမန်ကိုလည်း စေလွှတ်အပ်၏။ ဒါယကာတို့-သင်တို့သည် အကြောင်း ရဟန်းကို ရည်၍ အကြောင်း သင်္ကန်းဘိုးကို စေ လွှတ်လိုက်ကုန်၏။ ထိုသင်္ကန်းဘိုးသည် ထိုရဟန်းအား တစုံတခုသောအကျိုးကိုမပြီးစေ၊ဒါယကာတို့သည် မိမိတို့ ဥစ္စာကို စိစစ်တောင်းယူကြကုန်လော၊ သင်တို့သည် မိမိ ဥစ္စာကို၊ မပျက်စေကုန်လင့်၊ ဤသို့ကိုယ်တိုင်လည်းသွား အပ်၏။ ကိုယ်စားလွှယ်တမန်ကိုလည်း စေလွှတ်အပ်၏။ ဤသို့ ကိုယ်တိုင် သွားခြင်း, တမန်စေလွှတ်ခြင်းသည် ထို သင်္ကန်းကို မပြီးစေရာ၌ ကျင့်ဝတ်တည်း။

ကပ္ပိယကာရကကို ရဟန်းညွှန်းခြင်း၊တမန်သည်အပ်နှံခြင်း၊၃-ကြိမ် တောင်းခြင်း–၆-ကြိမ်ရပ်ခြင်းထက် အလွန်လုံ့လပြုခြင်း၊ ထိုလုံ့လဖြင့် ရခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကိုသာဝတ္ထိပြည်၌ ရှင်ဥပနန္ဒကိုအကြောင်းပြု၍၊ အရှင်ဘုရား ယနေ့တရက်မျှ ဆိုင်းငံ့ဦးလော-ဤသို့ဆိုအပ်လျက် မဆိုင်းငံ့-သိုဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ပဌမ-စီဝရဝဂ်ပြီး၏။

---

## ဒွေကလောမဝဂ်

### (၁) ပဌမ နိဿဂ္ဂီ

အကြင် ရဟန်းသည်၊ ပိုးချည်နှင့် ရောသော သိုးမွှေးအခင်းကိုပြုစေငြားအံ့၊ သိုရဟန်းအား၊ စွန့်အပ်သောအခင်းရှိသော ပါစိတ်အာပတ်သင့်၏။

ပိုးချည်၏အဖြစ်၊ မိမိအကျိုးငှါပြုခြင်း၊ ပြုစေခြင်း၊ ရခြင်း။ အင်္ဂါ-၃ပါး။

(ဤသိက္ခာပုဒ်ကို အာဠဝီပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကိုအကြောင်းပြု၍၊ ပိုးချည်နှင့်ရောသောအခင်းကိုပြုစေသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

### (၂) ဒုတိယ နိဿဂ္ဂီ

အကြင်ရဟန်းသည်၊ အမည်းသက်သက် ဖြစ်ကုန်သော သိုးမွှေးတို့၏ အခင်းကို ပြုစေငြားအံ့၊ စွန့်အပ်သောအခင်းရှိသော ပါစိတ်အာပတ်သင့်၏၊

အမည်းသက်သက်၏အဖြစ်၊ ပြုခြင်းပြုစေခြင်း၊ ရခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို ဝေသာလီပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍။ ထိုသို့သောသဘောရှိသော အခင်းစသည့်ကို ပြုသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၃) တတိယ နိဿဂ္ဂိ

အသစ်ဖြစ်သောအခင်းကိုပြုလိုသောရဟန်းသည်ကား အမည်းသက်သက် ဖြစ်သော သိုးမွေးတို့၏ နှစ်ဘို့ကိုယူအပ်ကုန်၏။ ဖြူသောသိုးမွေးတို့၏ သုံးချမြောက်သောအဘို့ကို၊ ကြောင်သောသိုးမွေးတို့၏ လေးချမြောက်သော အဘို့ကို ယူအပ်ကုန်၏။ ရဟန်းသည် အမည်းသက်သက် ဖြစ်သော သိုးမွေးတို့၏ နှစ်ဘို့ဘို့ကို ဖြူသောသိုးမွေးတို့၏ သုံးချမြောက်သော အဘို့ကို ကြောင်သော သိုးမွေးတို့၏ လေးချမြောက်ဖြစ်သော အဘို့ကိုမယူမူ၍၊ အသစ်ဖြစ်သော အခင်းကို အကာသ်၍ ပြုစေငြားအံ့၊ စွန့်အပ်သော အခင်းရှိသော ပါစိတ်အာပတ်သင့်၏။

အခင်းသစ်၏အဖြစ်၊ ပြုခြင်းပြုစေခြင်း၊ ရခြင်း၊ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ ထိုသို့သဘောရှိသော အခင်းကို ပြုသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၄) စတုတ္ထ နိဿဂ္ဂိ

ရဟန်းသည် အသစ်ဖြစ်သော အခင်းကို ပြုစေပြီး၍ ခြောက်နှစ် တိုင်တိုင် ဆောင်အပ်၏။ ခြောက်နှစ် တို့၏ အတွင်း၌၊ ထိုအခင်းကို စွန့်ပစ်၍ဖြစ်စေ၊ မစွန့်ပစ်မူ၍ဖြစ်စေ၊ တပါးသော အသစ်ဖြစ်သော အခင်းကို အကယ်၍ ပြုစေငြားအံ့။ သမ္မုတိရသော ရဟန်းကိုထား၍၊ စွန့်အပ်သော အခင်းရှိသော ပါစိတ်အာပတ်သင့်၏။

ဈေးသိက္ခာပုဒ်နှင့်အတူ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာသောရဟန်းတို့ကိုအကြောင်းပြု၍၊ နှစ်စဉ်နှစ်တိုင်းအခင်းကိုပြုစေသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၅) ပဉ္စမ နိဿဂ္ဂိ

နိသီဒိုင်အခင်းကို ပြုလိုသော ရဟန်းသည်ကား၊ အခင်းဟောင်း၏ နံပါးတဘက်မှ မြတ်စွာဘုရား လက်သန်းထွာ ပမာဏမျှလောက်သော အရပ်ကို ဖြတ်၍၊ အဆင်းဖျက်ခြင်းကိုပြုခြင်းငှါယူအပ်၏။ ရဟန်းသည် အခင်းဟောင်း၏ နံပါးတဘက်မှ မြတ်စွာဘုရား လက်သန်းထွာ ပမာဏမျှလောက်သော အရပ်ကိုဖြတ်၍-မယူမူ၍၊ အသစ်ဖြစ်သော နိသီဒိုင် အခင်းကို အကယ်၍ ပြုစေငြားအံ့၊ စွန့်အပ်သော အခင်းရှိသော ပါစိတ်အာပတ်သင့်၏။

ဈေးသိက္ခာပုဒ်နှင့်အတူ အင်္ဂါ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာသောရဟန်းတို့ကို အကြောင်းပြု၍၊ အခင်းကို စွန့်ခြင်းကြောင့် ပညတ်တော်မူအပ်၏။)

## (၆) ဆဋ္ဌနိဿဂ္ဂိ

အဝေးနှင့်ရှည်သော ခရီးသို့ သွားသော ရဟန်းအားသာလျှင် သိုးမွေး တို့သည် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ အလို ရှိသော ရဟန်းသည် ခံအပ်ကုန်၏။ ခံပြီး၍ ဆောင်ယူ သူသည်မရှိ—လတ်သော် သုံးယူဇနာအပိုင်းအခြား ရှိသော အရပ် တိုင်အောင်၊ မိမိလက်ဖြင့် ဆောင်အပ် ကုန်၏။ ဆောင်ယူသူ ရှိလတ်သော်လည်း၊ ထိုသုံးယူဇနာ အရပ် ထက်အလွန် အကယ်၍ ဆောင်ယူငြားအံ့၊ စွန့်အပ်သော သိုးမွေး ရှိခြင်းလျှင် အရင်းရှိသော ပါစိတ်အာပတ်လည်း သင့်၏။

သိုးမွေးတို့၏ မပြုအပ်သော ဘဏ္ဍာ၏အဖြစ်၊ ရှေးဦးစွာရခြင်း၊ မိမိ ယူ၍ရင်း၊ သူတပါးမသိစဉ် ယာဉ်၌ထည့်၍ရင်း၊ ၃—ယူဇနာကို လွန်စေ ခြင်း၊ အသွားအပြန်ဆောင်ခြင်း၏ မရှိခြင်း၊ ရောက်ရာကျောင်း၌မနေသည် ခြင်း။ အင်္ဂါ ၅—ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ အမှတ်မဲ့သောရဟန်း ကိုအကြောင်းပြု၍ သိုးမွေးတို့ကို ဆောင်လျက် သုံးယူဇနာ ကို လွန်စေခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၇) သတ္တမ နိဿဂ္ဂီ

အကြင် ရဟန်းသည်၊ အမျိုးမတော်သော ဘိက္ခုနီမအား၊ သိုးမွေးတို့ကို ဖွပ်မှုလည်းဖွပ်စေငြားအံ့၊ ဆိုးမှုလည်း ဆိုးစေငြားအံ့၊ ရှပ်ထွေးသည်ကို၊ ဖျဉ်မှုလည်းဖျဉ်စေငြားအံ့၊ သိုးမွေးကိုလည်း စွန့်အပ်၏။ ပါစိတ်အာပတ်လည်း သင့်၏။

စီဝရဓောဝါပနသိက္ခာပုဒ်မှာ ကဲ့သို့ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သက္ကတိုင်းတို့၌၊ ဆဗ္ဗဂ္ဂီရဟန်း တို့ကို အကြောင်းပြု၍၊ သိုးမွေးဟောင်းတို့ကို ဖွပ်စေသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၈) အဋ္ဌမ နိဿဂ္ဂီ

အကြင် ရဟန်းသည်၊ ရွှေငွေကို မိမိမှုလည်း ခံငြားအံ့၊ သူတပါးကို မှုလည်း ခံစေငြားအံ့၊ အနီး၌ ဆောင်၍လှူအပ်သည်ကိုမှုလည်းသာယာငြားအံ့ ရွှေငွေကိုလည်း စွန့်အပ်၏။ ပါစိတ်အာပတ်လည်းသင့်၏။

ရွှေငွေ၏အဖြစ်၊ မိမိကို ညွှန်းအပ်သည်၏ အဖြစ်၊ ခံခြင်း,ခံစေခြင်း, သာယာခြင်းတို့တွင် တပါးပါး၏အဖြစ်။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ် ပြည်၌၊ ရှင် ဥပနန္ဒကို အကြောင်းပြု၍ ရွှေငွေခံသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၉) နဝမ နိဿဂ္ဂိ

အကြင် ရဟန်းသည်၊ အထူးထူး အပြားပြား များစွာသော ရွှေငွေကို ဖလှယ်ခြင်းသို့ ရောက်ငြားအံ့၊ ဖလှယ်သော ဝတ္ထုကိုလည်း စွန့်အပ်၏။ ပါစိတ်အာပတ်လည်း သင့်၏။

အကြင်ဝတ္ထုကိုမိမိဥစ္စာဖြင့်ဖလှယ်၏။ ထိုဝတ္ထု၏ရင်းမိမိဥစ္စာ၏ရင်း ရွှေငွေ၏အဖြစ်၊ ဖလှယ်ခြင်း။ အင်္ဂါ ၂-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်း တို့ကို အကြောင်းပြု၍၊ ရွှေငွေ ဖလှယ်သောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၀) ဒသမ-နိဿဂ္ဂိ

အကြင်ရဟန်းသည်၊ အထူးထူးအပြားပြားသော ကပ္ပိယ ဘဏ္ဍာကို၊ ဝယ်ခြင်း ရောင်းခြင်းသို့ ရောက်ငြားအံ့၊ ရောင်းဝယ်သောဝတ္ထုကိုလည်းစွန့်အပ်၏၊ ပါစိတ်အာပတ်လည်းသင့်၏။

အကြင်ဝတ္ထုကို မိမိဥစ္စာဖြင့် ဖလှယ်၏၊ ထိုဝတ္ထု၏ ကပ္ပိယဝတ္ထု၏ အဖြစ်၊ သီတင်းသုံးဖော်မဟုတ်သည်၏အဖြစ်၊ ဝယ်ခြင်း၊ ရောင်းခြင်းသို့ ရောက်ခြင်း။ အင်္ဂါ ၃-ပါး။

( ဤ သိက္ခာပုဒ် ကို သာဝတ္ထိ ပြည် ၌၊ ရှင်ဥပနန္ဒ ကို အကြောင်း ပြု၍၊ ရောင်းခြင်း ဝယ်ခြင်းကို ပြုသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ဧဠကလောမဝဂ် ပြီး၏။

## ပတ္တဝဂ်

### (၁) ပဌမ နိဿဂ္ဂီ

ဆယ်ရက် အပိုင်းအခြား ရှိသော ကာလပတ်လုံး၊ အဓိဋ္ဌာန်ဝိကပ္ပနာပြုအပ်သောသပိတ်မှလွတ်သော သပိတ်ကိုဆောင်အပ်၏။ ထိုဆယ်ရက်ကို လွန်သောသပိတ်အား၊ စွန့်အပ်သောသပိတ်ဟူသောဝတ္ထုရှိသော ပါစိတ်အာပတ်လည်းသင့်၏။.

ဇာတ်ပမာဏနှင့် ပြည့်စုံသော သပိတ်၏ မိမိဥစ္စာ၏အဖြစ်၊ နေ့အရေအတွက် လောက်သောအဖြစ်၊ ဖုတ်ခြင်း ပလိဗောဓ ပြတ်ခြင်း၊ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုခြင်း၊ ၁၀-ရက်လွန်ခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ အဓိဋ္ဌာန်-ဝိကပ္ပနာ-မပြုသော သပိတ်ကို ဆောင်ခြင်းဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

### (၂) ဒုတိယ နိဿဂ္ဂီ

အကြွင်ရဟန်းသည်၊ ယုတ်သောငါးဖွဲ့ရှိသောသပိတ်ရှိလျက်၊တပါးသော အသစ်ဖြစ်သော သပိတ်ကို တောင်းငြားအံ့။ ထိုသပိတ်ကိုလည်းစွန့်အပ်၏။ပါစိတ်အာပတ်လည်းသင့်၏။ ထိုရဟန်းသည် ထိုတောင်းသော သပိတ်ကို၊ ရဟန်းပရိသတ်၌စွန့်အပ်၏။ ထိုရဟန်းပရိသတ်၌၊အကြွင်သပိတ် သည်ကား အယုတ်ဆုံး ဖြစ်သော သပိတ်တည်း၊ ထိုအယုတ်ဆုံးသပိတ်ကို၊ထိုသပိတ်ကိုတောင်းသောရဟန်း

အားပေးအပ်၏။ ရဟန်း-သင်သည် ဤသပိတ်ကို ကွဲသည့်တိုင်အောင် ဆောင်ရမည်။ ဤသို့ဆို၍ ပေးအပ်၏။ ဤသို့ဆို၍ အယုတ်ဆုံး သပိတ်ကို ပေးခြင်းသည်။ ထိုသပိတ်ကို တောင်းသော ရဟန်းသပိတ်ကို စွန့်ရာ၌ ကျင့်ဝတ်တည်း။

အမိဋ္ဌာန်လောက်သော သပိတ်၏ ၅-ဘွဲ့ မပြည့်ခြင်း၊ မိမိကို ညွှန်းခြင်း၊ အချိုးမစပ်မ ဘိတ်ရာ၌ တောင်းခြင်း၊ တောင်းသဖြင့် ရခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သက္ကဘိုင်းတို့၌၊ ဆဗ္ဗဂ္ဂီရဟန်း တို့ကို အကြောင်းပြု၍၊ များစွာကုန်သော သပိတ်တို့ကို တောင်းသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၃) ဒုတိယမဇ-နိဿဂ္ဂီ

များစွာကုန်သော ရဟန်းတို့သည့် အကြွင်းဆေး တို့ကို လျက်အပ်ကုန်၏၊ ဤလျက်အပ်သော ဆေးဟူသည် ဘယ်သည်တို့နည်းဟူမူကား။ ထောပတ်, ဆီဦး, ဆီ, ပျား-တင်လဲ စသည် တို့တည်း။ ထိုဆေး တို့ကိုအကပ်ခံ၍ ခုနစ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး သိုမှီးခြင်းကို ပြု၍ သုံးဆောင်အပ်ကုန်၏။ ထိုခုနစ်ရက်ကိုလွန်သောဆေးကား၊ စွန့်အပ်သော ဆေးရှိသော ပါစိတ် အာပတ်လည်းသင့်၏။

ဆေး၏ မိမိဥစ္စာ၏အဖြစ်၊ နေ့အရေအတွက်လောက်သော အဖြစ်၊ ဆေးဖြင့် ပြုအပ်သော ပလိဗောဓမပြတ်ခြင်း၊ ဦးခေါင်း သုတ်စရာ ဆီ စသည်၌ အကျိုးငှါ မဆောက်တည်ခြင်း၊ ၇-ရက်လွန်ခြင်း။ အင်္ဂါ ၅-ပါး

P.G.M.-6

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာသောရဟန်းတို့ကို အကြောင်းပြု၍၊ ထောပတ်-ဆီဦး စသည်တို့ကို ခုနစ်ရက်ကို လွန်စေသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စေဝရ-နိဿဂ္ဂိ

နွေလတို့၏ အဆုံးတလသည် ကြွင်းသေး၏၊ ဤသို့နှလုံးထား၍၊ ရဟန်းသည်-မိုဃ်းရေခံ သင်္ကန်းကို ရှာမှီးအပ်၏။ နွေလ တို့၏ အဆုံးလခွဲသည် ကြွင်းသေး၏။ ဤသို့နှလုံးသွင်း၍၊ ချုပ်ဆိုး၍ဝတ်အပ်၏၊ နွေလတို့၏ အဆုံး တလသည် ကြွင်းသေး၏။ ဤသို့နှလုံးသွင်း၍၊ တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှစ၍၊ နယုန်လပြည့် တိုင်အောင် ခုနစ်လအတွင်း၌၊ မိုဃ်းရေခံသင်္ကန်းကို အကယ်၍ရှာမှီးငြားအံ့။ နွေလတို့၏အဆုံးလခွဲသည် ကြွင်းသေး၏။ ဤသို့နှလုံးသွင်း၍၊ တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့မှစ၍ နယုန်လကွယ်နေ့ တိုင်အောင်သော ခုနစ်လခွဲအတွင်း၌ ချုပ်ဆိုး၍ အကယ်၍ဝတ်ငြားအံ့။ စွန့်အပ်သော သင်္ကန်းရှိသော ပါစိတ်အာပတ်လည်းသင့်၏။

မိုဃ်းရေခံ သင်္ကန်း၏မိဂံကိုညွှန်းအပ်သည်၏အဖြစ်၊ အခါ မဟုတ်သည်၌ရှာခြင်း၊ ရှာသဖြင့်ရခြင်း။ ဤကားရှာခြင်း၌ အာပတ် အင်္ဂါ ၃-ပါး။ မိမိသင်္ကန်း၏အဖြစ်၊ ဘေးရန်မရှိခြင်း၊ မိုဃ်းရေခံ သင်္ကန်း၏ မိမိဥစ္စာ၏အဖြစ်၊ အခါမဟုတ်သည်၌ ဝတ်ခြင်း။ ဤကား ဝတ်ခြင်း၌ အာပတ် အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်း တို့ကို အကြောင်းပြု၍၊ ရှေ့အသွိုကပင်လျှင်၊ မိုးယံရေခံ သင်္ကန်းကို ရှာသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၅) ပဉ္စမ-နိဿဂ္ဂိ

အကြင် ရဟန်းသည်၊ ရဟန်း တပါးအား ကိုယ်တိုင် သင်္ကန်းကိုပေးပြီး၍၊ အမျက်ထွက်သည်ဖြစ်၍ မိမိမူလည်း လုယက်ငြားအံ့၊ သူတပါးကိုမူလည်း လုယက်စေငြားအံ့၊ စွန့်အပ်သော သင်္ကန်းရှိသောပါစိတ်အာပတ်လည်းသင့်၏။

ဝိကပ္ပနာလောက်သော သင်္ကန်း၏အဖြစ်၊ ကိုယ်တိုင်ပေးခြင်း၊ မိမိဥစ္စာဟုအမှတ်ရှိခြင်း၊ ပဉ္စင်းအဖြစ်၊ အမျက်၏အစွမ်းဖြင့် လုခြင်း၊ လုစေခြင်း။ အင်္ဂါ ၅-ပါး။

( ဤ သိက္ခာပုဒ် ကို သာဝတ္ထိပြည်၌၊ ရှင် ဥပနန္ဒ ကို အကြောင်းပြု၍၊ ပေးပြီးသော သင်္ကန်းကို၊ အမျက်ထွက်၍ လုယက်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။ )

—○—

## (၆) ဆဋ္ဌ-နိဿဂ္ဂိ

အကြင် ရဟန်းသည်၊ ကိုယ်တိုင်ချည်ကို တောင်း၍၊ ယက်ကန်းသည်တို့ကိုသင်္ကန်းကို ယက်စေငြားအံ့၊ သင်္ကန်းကိုလည်း စွန့်အပ်၏၊ ပါစိတ်အာပတ်လည်းသင့်၏။

သင်္ကန်းအကျိုးငှါ တောင်းအပ်သောချည်၊ မိမိကို ညွှန်းသည်၏အဖြစ်၊ မအပ်သောယက်ကန်းသည်ကို မအပ်သောတောင်းခြင်းဖြင့် ယက်စေခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကိုရာဇဂြိုဟ်ပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊သင်္ကန်းကိုယက်စေသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။

## (၇) သတ္တမ—နိဿဂ္ဂီ

ရဟန်းကိုသာလျှင်ရည်၍၊အမျိုးမတော်သောဒါယကာ သည်၎င်း၊ ဒါယိကာမသည်၎င်း၊ ယက်ကန်းသည် တို့ကို၊ သင်္ကန်းကို ယက်စေငြားအံ့၊ ထိုယက်ကန်းသည်တို့ ရှာ၌၊ ထိုရဟန်းသည် ရှေး၌ မဘိတ်ဘဲ၊ ယက်ကန်းသည်တို့သို့ ကပ်၍ သင်္ကန်း၌ အလွန် စီရင်ခြင်းသို့ ရောက်ငြားအံ့၊ ဒါယကာဘို့-စင်စစ် ဤသင်္ကန်းကို ငါ့ကိုရည်၍ ယက်အပ်၏။ အလျားရှည်သည်ကိုလည်း ပြုကုန်လော့၊ အနံပြန့်သည် ကိုလည်း ပြုကြလော့၊ဘခဲနက်ထူသည်ကိုလည်း ပြုကြကုန် လော့၊ ကောင်းစွာ ယက်အပ်သည်ကိုလည်း ပြုကြကုန် လော့၊ ကောင်းစွာခင်းအပ်သည်ကိုလည်း ပြုကြကုန်လော့၊ ကောင်းစွာ ဘီးဖြင့် ဖြီးသည် ကိုလည်း ပြုကြကုန်လော့၊ ငါတို့သည်လည်း ဒါယကာ တို့အား တိုးစဉ်းမျှသော ပေး ဘွယ်ကို ပေးကမ်းရကုန်ငြားအံ့သည်းမသိ၊ ဤသို့စီရင်ခြင်း သို့ အကယ်၍ ရောက်ငြားအံ့၊ ဤသို့သျှင် ထိုရဟန်းသည် ဆို၍ ယုတ်သော အပိုင်းအခြား အားဖြင့် ဆွမ်းမျှသည်း ဖြစ်သော တိုးစဉ်းမျှသော ပေးကမ်းဘွယ်ကို ပေးငြားအံ့၊ စွန့်အပ်သောသင်္ကန်းရှိသော ပါစိတ်အာပတ်လည်းသင့်၏။

အမျိုးမစပ် မဘိတ်သော သူတို့၏ ယက်ကန်းသည် တို့သို့ ကပ်၍ အလွန်စီရင်ခြင်း၊ သက်န်း၏ မိမ်ကိုညွန်းသည်၏ အဖြစ်၊ ထိုဟောန်း၏ စကားကြောင့် ချည်ကိုပွါးစေခြင်း၊ သက်န်းကိုရခြင်း။ အင်္ဂါ ၄-ပါး။

( ဤသိက္ခာပုဒ် ကို သာဝတ္ထိပြည်၌၊ ဥပနန္ဒ ကို အကြောင်းပြု၍၊ သက်န်း၌ ထူးသောစီရင်ခြင်းသို့ ရောက်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၈) အစ္စေကစီဝရသိက္ခာပုဒ်

သိတင်းကျွတ် လပြည့်နေ့သို့ ၁၀-ရက်ဖြင့် မရောက်သေးသော သိတင်းကျွတ်လဆန်း ၅-ရက်မှစ၍ဖြစ်သော နေ့၌၊ ရဟန်းအား သာလျှင် အဆောတလျင် ရှောင်တခင် လှူအပ်သော သက်န်းသည် ဖြစ်ကုန်ငြားအံ့၊ အဆောတလျင် ရှောင်တခင် လှူအပ်သော သက်န်းဟူ၍၊ သိသောရဟန်းသည်ခံ အပ်၏။ ခံပြီး၍ သက်န်းကာလဆုံးသည်တိုင်အောင် သောအခါပတ်လုံး ထားအပ်၏။ ထိုသက်န်း ကာလထက် အလွန်အကယ်၍ထားငြားအံ့၊ သက်န်းကိုလည်းစွန့်အပ်၏။ ပါစိတ်အာပတ်လည်းသင့်၏။

ပထမ ကထိနသိက္ခာပုဒ် အင်္ဂါ ၅-ပါးတွင် ကာလလွန်ခြင်း အင်္ဂါမျှ ထူး၏။

( ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ရှောင်တခင် လှူအပ်သော သက်န်းကို၊ သက်န်းကာလ အခါကို လွန်စေသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။ )

## (၉) နဝမ-နိဿဂ္ဂိ

ပုရိမ ဝါကပ်နေပြီး၍ သာလျှင်၊ ရွှံ့ရှာဘွယ် ရှိ၍ဟု သမုတ်အပ်ကုန်သော ဘေးဘျမ်းနှင့် တကွ ဖြစ်ကုန်သော တောသို့ ဖြစ်ကုန်သော အကြွင်ကျောင်းတို့သည် ရှိကုန်၏၊ ထိုသို့သဘော ရှိကုန်သော ကျောင်းတို့၌ တန်ဆောင်မုန်း လပြည့်နေ့ တိုင်အောင်သော ကာလပတ်လုံး နေလိုသော ရဟန်းသည် အလိုရှိသည်ရှိသော်၊ သုံးထည်သော သင်္ကန်း တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထား ရာ၏။ ထိုရဟန်းအား ရွာတွင်း၌ထားသော သင်္ကန်းနှင့် အရပ်တပါးသို့ သွားသဖြင့် ကင်း၍နေခြင်းငှါ တစုံတခု သာလျှင်ဖြစ်သော အကြောင်းသည်ရှိငြားအံ့၊ ခြောက်ညဉ့် အပိုင်းအခြားရှိသော ကာလပတ်လုံး ထိုအရပ် တပါးကို သွားသောရဟန်းသည်၊ ထိုရွာတွင်း၌ထားသောသင်္ကန်းနှင့် ကင်း၍နေအပ်၏။ သမ္မုတိရသော ရဟန်းကိုထား၍၊ ထို ခြောက်ညဉ့်ထက်အလွန် အကယ်၍ အရပ်တပါး၌ကင်း၍ နေငြားအံ့၊ သင်္ကန်းကိုလည်း စွန့်အပ်၏။ ပါစိတ် အာပတ် လည်းသင့်၏။

တိစီဝရိက်အဓိဋ္ဌာန်ဖြင့် အဓိဋ္ဌာန်ဘင်အပ်သော သင်္ကန်း၏အဖြစ်၊ သမ္မုတိမရခြင်း၊ ကင်း၍နေခြင်း၊ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာသောရဟန်း တို့ကို အကြောင်းပြု၍၊ သင်္ကန်းနှင့် ကင်း၍နေသော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

## (၁၈) ဒသမ နိဿဂ္ဂိ

အကြင်ရဟန်းသည်၊သံဃာသို့ကိုယ်နှုတ်ဖြင့်ညွတ်လေပြီးသော သံဃာ၏ ဥစ္စာဖြစ်သော ရအပ်သော သက်နိုး စသော ဝတ္ထုကိုသိလျက် မိမိသို့ ညွတ်စေပြေးအံ့၊ ရအပ်သော သက်နိုး စသော လာဘ်ကိုလည်း စွန့်ပစ် အပ်၏။ ပါစိတ် အာပတ်လည်း သင့်၏။

သံဃာ၌ ညွတ်ပြီးသည်၏ အဖြစ်၊ ထိုလာဘ်ကို သိလျက် မိမိသို့ ညွတ်စေခြင်း, ရခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ သံဃာအား ညွတ်ပြီးသောလာဘ်ကို မိမိအား ညွတ်စေသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

နိဿဂ္ဂိယ ပါစိတ် ၃၀-ပြီး၏။

---

## ဒုဒ္ဒေ်ါစိတ် ၉၂-ပါးပြခြင်း

## မုသာဝါဒဝဂ်

### (၁) ပဌမ

အကြင် ရဟန်းသည်၊သိလျက် ချွတ်ယွင်းသောစကားကို ဆိုခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။

ချွတ်ယွင်းခြင်းသို့ ရှေးရှုသည်၏အဖြစ်၊ ချွတ်ယွင်းစေလိုသော စိတ်ဖြင့် အကြင် အနက်ကို ဆိုလို၏၊ ထိုအနက်ကို ထိုပုဂ္ဂိုလ်အား သိစေ ခြင်းငှါ ကိုယ်နှုတ်ဖြင့် လုံ့လပြုခြင်း။ အင်္ဂါ ၂-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဟတ္ထက မည်သော သာကီဝင်မင်း၏ သား ဖြစ်သော ရဟန်းကို အကြောင်း ပြု၍၊ ဤအယူသည် အယူမဟုတ်ဟု ပယ်ပြီး၍၊ ဤအယူသည် ငါ၏ အယူတည်းဟု ဝန်ခံခြင်း အစရှိသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၂) ဒုတိယ

နှုတ်လှံ့ထိုးခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

အကြင်သူကို ဆဲရေး၏၊ ထိုသူ၏ ပဉ္စင်း၏အဖြစ်၊ သူတပါးကို မရည်ညွှန်းဘဲဇာတ်စသည်ဖြင့် ဆဲရေးခြင်း၊ ဆဲရေး၏ဟုသိခြင်း၊ အနက်ကိုရှေ့ရှုခြင်း၊ ပါဠိကို ရှေ့ရှုခြင်း၊ဆုံးမခြင်းကို ရှေ့ရှုခြင်း၏ မရှိခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်း ပြု၍၊ ဆဲရေးခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၃) တတိယ

ရဟန်းတို့ကို ချောပစ်ကုန်းတိုက် ခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။

ဇာတ်နာမ်စသော ဝတ္ထု ၁၀-ပါးဖြင့် သူတပါးကိုမညွှန်းဘဲ ဆဲရေးသောရဟန်း၏စကားကို ကြား၍ ရဟန်းထံဆောင်ခြင်း၊ မိမိကို ချစ်စေလိုခြင်း၊ သူတပါးကို ကွဲပြားစေလိုခြင်းတို့တွင် တပါးပါး၏အဖြစ်၊ ထိုစကားကို ထိုရဟန်းသိခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ချေ့ပစ် ကုန်းတိုက်သော စကားကိုဆောင်ခြင်းဝတ္ထုကြောင့်ပညတ်တော်မူအပ်၏။)

---

## (၄) ဓမ္မ

အကြင်ရဟန်းသည်၊လူသာမဏေကို ပုဒ်ပြိုင်-ဝိနည်းကာတ် သုံးပုံ ပါဠိ-အဋ္ဌကထာ တရားကို၊ တပြိုင်နက် ပို့ချပြောဆိုအံ့၊ ထို ရဟန်းအား၊ ပုဒ်စသော အရေအတွက်ဖြင့် ပါစိတ် အာပတ်သင့်၏။

လူသာမဏေ၏ အဖြစ်၊ ပါဠိအဋ္ဌကထာတရားကို ပုဒ်ပြိုင်ပို့ချခြင်း၊ တပြိုင်နက်ဆိုခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ပါဠိ-အဋ္ဌကထာ-တရားကို ပုဒ်ပြိုင်ချတ်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

—o—

## (၅) ပဌမ

အကြင် ရဟန်းသည်၊လူသာမဏေနှင့် နှစ်ည သုံးည ထက်အလွန် တမိုးတရံတည်းသော ကျောင်း၌၊ အိပ်ခြင်း ကို ပြုငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

အလုံးစုံအမိုး၊ အလုံးစုံအရံရှိခြင်း၊ များသောအမိုးများသောအရံ ရှိခြင်းကြောင့် ပါစိတ်ဝတ္ထုဖြစ်လောက်သော ကျောင်း၊ ထိုကျောင်း၌ လူ သာမဏေနှင့် တကွ အိပ်ခြင်း၊ ၄-ရက် မြောက်၌ နေဝင်ခြင်း၊ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကိုအာဠဝိပြည်၌၊ များစွာကုန်သောရဟန်း တို့ကို အကြောင်း ပြု၍၊ လူသာမဏေနှင့် သဟသေယျ လောက်သော ကျောင်း၌ အတူတကွ အိပ်သော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၆) ဆဋ္ဌမ

အကြောင်း ရဟန်းသည်၊ မာတုဂါမနှင့် တမိုးတရံတည်း သော ကျောင်း၌၊ အိပ်ခြင်းကို ပြုငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ပါစိတ်ဝတ္ထုလောက်သော ကျောင်း။ ထိုကျောင်း၌ မာတုဂါမနှင့် တကွအိပ်ခြင်း၊ နေခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ရှည်သောသက်တော် ရှိသော အ.ရှင် အနုရုဒ္ဓါ ထေရ်ကို အကြောင်း ပြု၍၊ မာတုဂါမနှင့် သဟသေယျ လောက်သော ကျောင်း၌ တကွ အိပ်ခြင်းကြောင့် ပညတ်တော်မူအပ်၏။)

---

## (၇) သတ္တမ

အကြောင်းရဟန်းသည်၊ သိကြားလိမ္မာသော လူဖြစ်သော ယောကျ်ားကိုကြဉ်ထား၍ မာတုဂါမအား ငါးပုဒ်, ခြောက် ပုဒ်ထက် လွန်သော စကားတို့ဖြင့် ပိဋကတ် သုံးပုံပါဠိ အဋ္ဌကထာကို မာဂဓ ဘာသာဖြင့် ဟောငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

ပါဠိအဋ္ဌကထာတရားကို၊ ခြောက်ပုဒ်သက် အလွန်ဟောခြင်း၊ သိ,ကြားလိမ္မာသော မာတုဂါမ၊ ဇုရိသာပုထ်မပြောင်းခြင်း၊ သိ,ကြား လိမ္မာသော ယောကျ်ားမရှိခြင်း၊ ပြဿနာကိုဖြေခြင်း၏ မရှိခြင်း၊ အင်္ဂါ ၅—ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယီ ထေရ်ကို အကြောင်းပြု၍၊ မာတုဂါမအား တရားဟောသော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၈) အဋ္ဌမ

အကြင် ရဟန်းသည်၊ လူသာမဏေအား လူတို့၏ ကုသိုလ် ကမ္မဋ္ဌာနတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ပြောကြားငြားအံ့၊ ဟုတ်မှန်သည် ရှိသော်၊ ပါစိတ် အာပတ်သင့်၏။

ဥတ္တရိမနုဿဓမ္မ၏ ထင်ရှားရှိခြင်း၊ လူသာမဏေအားကြားခြင်း၊ ထိုခဏ၌သိခြင်း၊ သူ့ဘာပါး ကိုမချည်သွန်းခြင်း။ အင်္ဂါ ၄—ပါး။

(ဤသိက္ခာပုဒ်ကို ဝေသာလီပြည်၌၊ ဝဂ္ဂုမုဒါ-မြစ်နားဘ၌ နေကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ထိုရဟန်းတို့၏ ဟုတ်မှန်သောဈာန် အစရှိသောတရားကို ဟောကြားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၉) နဝမ

ဆက်ကြွင်ရဟန်းသည်၊ သမ္မုတိရသော ရဟန်းကို ကြည်ထား၍၊ ရဟန်း၏ ရှိန့်ရင်းသော သံဃာဒိသိသ် အာပတ်ကို လူသာမဏေအား ပြောကြားငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ရဟန်း၏ဝတ္ထုနှင့်တကွသော သံဃာဒိသိသ်၊ လူသာမဏေအား ပြောကြားခြင်း၊ သမ္မုတိမရခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ ဒုဋ္ဌုလ္လ အာပတ်ကို ကြားခြင်း ဟူသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၁၀) ဒသမ

အကြွင်ရဟန်းသည်၊ မြေဇာစ်ဖြစ်သော ဇာတပထဝီကို မိမိမူလည်းတူးငြားအံ့၊ သူတပါးကိုမူလည်း တူးစေငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

မြေဇာစ်၊ မြေဇာစ်ဟူသောအမှတ်ရှိခြင်း၊ တူးခြင်း၊ တူးစေခြင်းတို့တွင် တပါးပါး။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို အာဠဝီ ပြည်၌၊ အာဠဝီ တိုင်း သားဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ မြေတူးခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

မုသာဝါဒဝဂ်-ပြီး၏။

# ဘူတဂါမဝဂ်

## (၁) ပဌမ

ပွါးဆဲ, ပွါးပြီးဖြစ်သော မြက်သစ်ပင် အပေါင်းကို ဖျက်ဆီးခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

ဘူတဂါမ်-ဘူတဂါမ်ဟု အမှတ်ရှိခြင်း၊ ဖျက်ခြင်း၊ ဖျက်စေခြင်း၊ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို အာဠဝီပြည်၌၊ အာဠဝီတိုင်းသား ဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ သစ်ပင်ကို ဖြတ်ခြင်းဟူသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၂) ဒုတိယ

မေးသည်မှ တပါးကို ပြောဆိုခြင်းကြောင့်၊ ပါစိတ် အာပတ်သင့်၏။ ဆိတ်ဆိတ်နေသဖြင့် သံဃာကိုညှဉ်းဆဲခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

ဓမ္မကံဖြင့် မေးအပ်သည်မှတပါးသောစကားကိုဆိုခြင်း၊ ဆိတ်ဆိတ်နေသဖြင့်သံဃာကိုညှဉ်းဆဲခြင်း၊ ကံသို့တင်ခြင်း။ ။အာပတ်ဖြင့်ရင်း၊ ဝတ္ထုဖြင့်ရင်း စိစစ်ခြင်း၊ ဖုံးလွှမ်းလိုသဖြင့် အဖျင်းဖျင်းပြုခြင်း၊ ဆိတ်ဆိတ်နေခြင်း။ အင်္ဂါ ၃-ပါး၊

(ဤသိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌၊ ဆန္နထေရ်ကို အကြောင်းပြု၍၊ တပါးသောစကားဖြင့် တပါးသောစကားကို ဖုံးလွှမ်းသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၃) တတိယ

ကဲ့ရဲ့ခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ရှုတ်ချခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

မမြွက်ဖြင့် သမုတ်အပ်သည်၏အဖြစ်၊ ပဉ္စင်း၏အဖြစ်၊ အဂတိသို့ လိုက်ခြင်း၊ မရှိခြင်း၊ အကြင်သူ၏ထံ၌ဆို၏၊ ထိုသူ၏ပဉ္စင်းဖြစ်ခြင်း၊ ကဲ့ရဲ့ခြင်း၊ရှုတ်ချခြင်း။ အင်္ဂါ ၆-ပါး။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ မေတ္တိယဘုမ္မဇက ဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ကဲ့ရဲ့ရှုတ်ချသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စတုတ္ထ

အကြင်ရဟန်းသည်ကား၊ သံဃာဥစ္စာဖြစ်သော ညောင်စောင်းကိုရင်း၊အင်းပျဉ်ကိုရင်း၊ တံလျှိုကိုရင်း၊ ကတ်အခင်းကိုရင်း၊ လွင်တီးခေါင်၌ ကိုယ်တိုင်ခင်း၍ရင်း၊ သူတပါးကို ခင်းစေ၍ရင်း၊ အရပ်တပါး ဘဲသွားလိုသည်ဖြစ်သော်၊ ထို ညောင်စောင်းစသည်ကို ကိုယ်တိုင်မှုလည်းမသိမ်းဆည်း ခဲ့ငြားအံ့။ သူတပါးကိုမှုလည်း မသိမ်းဆည်းစေငြားအံ့။ မပန်ကြားဘဲသွားငြားအံ့။ ပါစိတ်အာပတ်သင့်၏။

ညောင်စောင်းစသည်၏သံဃိကအဖြစ်၊ ဟင်းလင်းအပြင် လွင်တီးခေါင်အရပ်၌ခင်းခြင်း၊ခင်းစေခြင်း၊ နှောင့်ယှက်ခြင်းမရှိခြင်း၊ ဘေးရန်မရှိခြင်း၊ငဲ့ကွက်ခြင်းမရှိ ဘဲခြင်း၊ခဲတကျကိုလွန်ခြင်း။ အင်္ဂါ ၆-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာကုန်သော ရဟန်းတို့ကိုအကြောင်းပြု၍၊ အခင်းကို မသိမှီးဘဲ၊ မပန်ကြားဘဲ၊ ဘဲသွားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

(၅) ပဉ္စမ

အကြင်ရဟန်းသည်၊ သံဃိကဖြစ်သော ကျောင်း၌ အိပ်ရာနေရာကို ကိုယ်တိုင်ခင်း၍ဖြစ်စေ၊ သူတပါးကိုခင်းစေ၍ဖြစ်စေ၊ အရပ်တပါးဘဲ သွားလိုသည်ရှိသော်၊ ထိုအိပ်ရာနေရာကို ကိုယ်တိုင်မှုလည်း မသိမ်းဆည်းခဲ့ငြားအံ့၊ သူတပါးကိုမှုလည်း မသိမ်းဆည်းစေငြားအံ့၊ မပန်ကြားဘဲလည်း သွားငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ဘုံလျှိုစသော အိပ်ရာဆယ်ပါး၊ ထိုအိပ်ရာ၏ သံဃိကဥစ္စာ၊ သံဃိကကျောင်း၌ခင်းခြင်း၊ ခင်းစေခြင်း၊ နှိပ်စက်ခြင်းမရှိခြင်း၊ ဘေးရန်မရှိခြင်း၊ ငဲ့ကွက်ခြင်းမရှိ-ဘဲခြင်း၊ ဥပစာရ ကိုလွန်ခြင်း။ အင်္ဂါ ၇-ပါး။

(ဤသိက္ခာပုဒ်ကိုသာဝတ္ထိပြည်၌၊ သတ္တရသဝဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ သံဃိကကျောင်း၌ အိပ်ရာ နေရာကို ခင်း၍၊ မသိမ်းမှု၍ဖြစ်စေ၊ မပန်ကြားမှု၍ဖြစ်စေ ဘဲသွားသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

(၆) ဆဋ္ဌမ

အကြင်ရဟန်းသည်ကား၊ သံဃိကဖြစ်သောကျောင်း၌၊ မထေရ်ကြီးဟူ၍ဖြစ်စေ၊ သူနာဟူ၍ဖြစ်စေ ပေးအပ်မှန်းသိလျက်ဖြူ

ရှေးဦးစွာ ကပ်လင့်သောရဟန်းကို တိုး၍ခွ၍အိပ်ခြင်းကို ပြုငြားအံ့။ အကြြင်ရဟန်းအား၊ ကျဉ်းမြောင်း ခြင်းသည် ဖြစ်လတ္တံ့၊ ထိုရဟန်းသည် ဘဲသတ္တံ့၊ ဤသို့ ထိုဘဲခြင်းကို သာလျှင် အကြောင်းပြု၍၊အကြောင်းတပါးမရှိဘဲ၊အိပ်ခြင်း ကိုပြုငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

သံဃာကျောင်း မထစေအပ်သူဟုသိခြင်း၊ ကျဉ်းမြောင်းစေလို ခြင်း၊အနီး၌သိုင်ခြင်း၊အိပ်ခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့သည်၊တိုးဝင်၍နေခြင်းအိပ်ခြင်းကို ပြုသောဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၇) သတ္တမ

အကြြင် ရဟန်းသည်အား၊ တပါးသော ရဟန်းကို အမျက်ထွက်သည်ဖြစ်၍၊ နှလုံးမသာယာသည်ဖြစ်၍၊ သံဃိက ဖြစ်သော ကျောင်းမှကိုယ်တိုင်လည်း ငင်ထုတ်ငြားအံ့၊ သူတပါးကိုမူလည်း ငင်ထုတ်စေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

သံဃိကကျောင်း၊ပဉ္စင်း၏ဘဏ္ဍနကာရက (ခိုက်ရန်)ဖြစ်ပွါးခြင်း၊ ပြုလုပ်တတ်သော အမှတ်မှကင်းခြင်း၊ အမျက်ထုတ်ခြင်း၊ ထုတ်စေ ခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကိုအကြောင်းပြု၍၊ သံဃိကကျောင်းမှ နှင်ထုတ် သောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၈) အဋ္ဌမ

ဒုကြောင်ရဟန်းသည် အားထုံးကြိုက်ဖြစ်သော ကျောင်း၌ အပေါ်ထပ်တွင် ကြမ်းပျဉ်မခင်း ဟင်းလင်းကောင်းကင် ရှိသောကုဋီ၌ အပေါင်၌ အခြေငွပ်အပ်သော ညောင်စောင်း ကိုရင်း၊ အင်းပျဉ်ကိုရင်း ဘိ၍ သည်းထိုင်ငြားအံ့၊ ဘိ၍လည်း အိပ်ငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

သံဃိကကျောင်း ဦးခေါင်းမထိသော ဝေဟာသကုဋီအောက်၌ သုံးဆောင်သောင်းခြင်း၊ စခွေးဖွန်း၌ ကလန့်မနှက်သော အပေါင်၌ အခြေငွပ်သော ညောင်စောင်း အင်းပျဉ်၌ ထိုင်ခြင်း အိပ်ခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာ၍ဥ္ဈိပြည့်၌ အမှတ်မဲ့သော ရဟန်းကို အကြောင်းပြု၍၊ အထက်ဟင်းလင်းအပြင်ရှိသော ကုဋီ၌၊ အပေါင်၌ အခြေငွပ်သော ညောင်စောင်းကို အသော တလျှင်သွမ်းမို၍ နေခြင်း၊ လွှမ်းမိုး၍ အိပ်ခြင်း ဟူသော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၉) နဝမ

ကြီးစွာသော ကျောင်းကို ပြုလုပ်လိုသော ရဟန်းသည်၊ တံခါးခေါင်၏ ဝန်းကျင်နှစ်တောင်ထွာအိုင်အောင် တံခါး ရွက်နှင့်တကွ၊ တံခါးအိမ်ကို ခိုင်မာစွာထားခြင်းငှါ လေ သောက်ပြုကင်းကို၊ အဖြူအဖြစ်ပြုခြင်းငှါ ဒုထပ်ထက် လိမ်းကျံစေအပ်၏။ အမိုး၏ နှစ်စည် သုံးစည် မိုးခြင်းကို၊

စိမ်းသောကောက်ပဲ မရှိသေးရာ၌ ရပ်သဖြင့် စီရင်အပ်၏။ ထိုနှစ်စဉ် သုံးစဉ်မိုးခြင်းထက်၊ အလွန်စိမ်းသောကောက်ပဲ မရှိသေးရာ၌ ရပ်လျက်အကာယ်၍ စီရင်ငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

ကြီးသောကျောင်း၊ ငိမိစနေရာ၌အဖြစ်၊ အလွန်စီရင်ခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို ကောသမ္ဗီ၌ပြည်၌၊ ဆန္နထေရ်ကို အကြောင်းပြု၍၊ အဖန်တလဲလဲ မိုးစေခြင်း၊ လိမ်းကျံစေခြင်း ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၀) ဒသမ

အကြင်ရဟန်းသည် ကားပိုးရှိခြင်းသိလျက်၊ ပိုးရှိသော ရေဖြင့်စိမ်းသောမြက်ကိုရင်း၊ မြေကိုရင်း၊ ကိုယ်တိုင်လည်း သွန်းလောင်းငြားအံ့။ သူတပါးကိုလည်း သွန်းလောင်းစေငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ရေ၌ပိုးရှိသောအဖြစ်၊ သွန်းလောင်းသဖြင့် ပိုးသေလတ္တံ့ဟုသိခြင်း၊ ထိုပိုးရှိသောရေ၊ ထိုသို့သဘောရှိသောရေကို စေက စေတနာနှင့် ကင်း၍ တစုံတခုပြုဘွယ်ဖြင့် မြက်စသည်ကို သွန်းလောင်းခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို အာဠဝိ၌ပြည်၌၊ အာဠဝိတိုင်းသား ဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ပိုးနှင့်တကွသော ရေကို သွန်းခြင်းဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ဘူတဂါမဝဂ်ပြီး၏။

# ဘိက္ခုနောဝါဒဝဂ်

## (၁) ပဌမ

အကြင်ရဟန်းသည်၊ သမ္မုတိမရသော ရဟန်းမိန်းမတို့ကို ဂရုဓမ် ရှစ်ပါးဖြင့် ဆုံးမပြောအံ့၊ ပါစိတ်အာပတ်သင့်၏။

သမ္မုတိမခြင်း၊ ဘိက္ခုနီမ၏ပြည့်စုံသော ပဉ္စင်း၏အဖြစ်၊ ဆိုဆုံးမခြင်း၏အစွမ်းဖြင့် အဋ္ဌဂရုဓမ်ကိုဟောခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဘိက္ခုနီမတို့ကို ဆုံးမသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။

---

## (၂) ဒုတိယ

သမ္မုတိရသော ရဟန်းသည်လည်း၊ နေသည်ဝင်သည် ရှိသော် ရဟန်းမိန်းမတို့ကို အကယ်၍ဆုံးမပြောအံ့၊ ပါစိတ်အာပတ်သင့်၏။

နေဝင်ခြင်း၊ ပြည့်စုံသော ပဉ္စင်းဖြစ်ခြင်း၊ ဆုံးမခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌ ရှည်သော သက်တော်ရှိသော စူဠပန်ထကထေရ်ကို အကြောင်းပြု၍ နေဝင်ပြီးသော်၊ ဘိက္ခုနီမတို့ကို ဆုံးမသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၃) တတိယ

အကြောင်ရဟန်းသည်၊ အခါကိုကြည့်ထား၍၊ ဘိက္ခုနီမကျောင်းသို့ ကပ်၍၊ ရဟန်းမိန်းမဘို့ကို ဆိုဆုံးမပြောအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။ ဘိက္ခုနီမကျောင်းသို့သွား၍ ဆုံးမရာ၌၊ ဤဆိုသတ္တံ့သည့်အား အခါဘည်း။ ဘိက္ခုနီမ ဘို့သည့် နာဖျားကုန်သည်ဖြစ်ကုန်၏၊ ဤသည့်ကား ထိုဘိက္ခုနီမကျောင်းသို့ သွား၍ ဆုံးမရာ၌ အခါတည်း။

ဘိက္ခုနီမကျောင်းသို့ကပ်ခြင်း၊ ပြည့်စုံသောပဉ္စင်း၏အဖြစ်၊အခါမရှိခြင်း၊ ဂရုဓမ်ဖြင့်ဆုံးမခြင်း။ အင်္ဂါ ၄–ပါး။

(ဤသိက္ခာပုဒ် ကို သဏ္ဍာဘိုင်း၌၊ ဆဗ္ဗဂ္ဂီ ဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ဘိက္ခုနီမတို့၏ ကျောင်းသို့ ကပ်၍၊ ဂရုဓံ ဖြင့်ဆုံးမသော ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စတုတ္ထ

အကြောင်ရဟန်းသည်၊သက်န်းစသော အာမိသဟူသော အကြောင်းကြောင့်၊ ထေရ်ဖြစ်ကုန်သော ရဟန်းတို့သည်၊ ရဟန်းမိန်းမဘို့ကို ဆုံးမကုန်၏။ ဤသို့ဆိုပြောအံ့၊ ပါစိတ်အာပတ်သင့်၏။

ပဉ္စင်း၏အဖြစ်၊ တရားသဖြင့် သမ္မုတိကိုရခြင်း၊ အာမိသကိုငဲ့သော စိတ်မရှိခြင်း၊ ကျေးဇူးမဲ့ကိုလို၍ ဤသို့ဆိုခြင်း။ အင်္ဂါ ၄–ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ သက်န်းစသော အာမိသ ဟူသော အကြောင်းကြောင့်၊ မထေရ်ကြီးတို့သည်၊ရဟန်း မိန်းမကိုဆုံးမ၏ဟု ပြောဆိုသော ဝတ္ထုကြောင့် ပညတ် တော်မူအပ်၏။)

---

## (၅) ပဉ္စမ

အကြွင်ရဟန်းသည်၊ အမျိုးမတော်သော ရဟန်းမိန်းမ အား ဖလှယ်ကြွသည်ကို ထား၍၊ သက်န်းကိုပေးငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ဝိကာပ္ပနာလာက်သော သက်န်း၏အဖြစ်၊ ဖလှယ်ခြင်းမဲ့ခြင်း၊ အမျိုးမတော်သော ဘိက္ခုနီအားပေးခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကိုသာဝတ္ထိပြည်၌၊အမှပေမဲ့သောရဟန်း ကို အကြောင်းပြု၍၊ ရဟန်းမိန်းမအားသက်န်းကိုပေးသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၆) ဆဋ္ဌမ

အကြွင်ရဟန်းသည်၊ အမျိုးမတော်သော ရဟန်းမိန်းမ ၏ သက်န်းကို မိမိမူသည်း ချုပ်အံ့၊သူတပါးကို မူသည်း ချုပ်စေငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

အမျိုးမစပ်သော ဘိက္ခုနီမ၏ဥစ္စာ၏အဖြစ်၊ ဝတ်ရုံလောက်သည်၏ အဖြစ်၊ ချုပ်ခြင်း, ချုပ်စေခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာ ပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယီထေရ်ကို အကြောင်းပြု၍၊ အဆွေ မတော်သော ရဟန်းမိန်းမ၏

သက်ိန်းကို ချုပ်သော ဝတ္ထုကြောင့် ပညတ်တော် မူအပ်၏။)

---

## (၇) သဗ္ဗမ

အကြင် ရဟန်းသည်၊ အခါကို ကြည့်ထား၍၊ ရဟန်းမိန်းမနှင့် အတူတကွ တိုင်ပင်ညှိနှိုင်း၍၊ တကြောင်းတည်းသော အဖွဲ့နှင့်ရှည်သော ခရီးသို့ သွားငြားအံ့၊ အယုတ်သဖြင့် ရွာတပါးသို့လည်း သွားငြားအံ့၊ ပါစိတ်အာပတ်သင့်၏။ ။ ထိုရဟန်းမိန်းမနှင့် တိုင်ပင်၍ ခရီးသွားရာ၌၊ ဤဆိုသတ္တံ့ သည့်ကား အခါဘည်း။ ခရီးသည် ကုန်သည် တို့နှင့် တကွ သွားအပ်သည်၊ ရွံ့ရှာဘွယ်ရှိ၏ ဟု သမုတ် အပ်သည်၊ ဘေးဘျမ်းနှင့်တကွ ဖြစ်၏။ ဤသည်ကား ထိုခရီးသွားရာ၌ အခါတည်း။

နှစ်ဦးတိုင်ပင်၍ ခရီးသွားခြင်း၊ ကာလမချွတ်ယွင်းခြင်း၊ အခါမရှိခြင်း၊ဘေးရန်မရှိခြင်း၊ ရွာတပါးသို့သက်ခြင်း၊ ယူဇနာခွဲကိုလွန်ခြင်း။ အင်္ဂါ ၅–ပါး။

(ဤ သိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကိုအကြောင်းပြု၍၊ရဟန်းမိန်းမနှင့် အတူ–တကွ အဖွဲ့နှင့်ရှည်သော ခရီးသို့ သွားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၈) အဋ္ဌမ

အကြောင်ရဟန်းသည်၊ ဘီ သာကျူးခြင်းကို ကြည့်ထား၍၊ ရဟန်းမိန်းမနှင့် အတူတကွ တိုင်ပင်ညှိညွှတ်၍၊ ဗထက် အညာသို့ ဆန်တက်သည်လည်းဖြစ်သော၊အောက်အကြေ သို့ စုန်ဆင်းသွားသည်လည်းဖြစ်သော၊တစင်းတည်းသော လှေကို စီးငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ရှေ့သိက္ခာပုဒ်ကဲ့သို့။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ဘိက္ခုနီမနှင့် တစင်းတည်းသော လှေကို အတူစီးသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၉) နဝမ

အကြောင်ရဟန်းသည်၊ ရဟန်းမိန်းမစီရင်သည်မှ ရှေး၌၊ လူတို့ စီရင်ခြင်းကို ကြည့်ထား၍၊ ရဟန်းမိန်းမ-စီရင်အပ်သော ဆွမ်းကိုသိလျက်စားငြားအံ့၊ပါစိတ်အာပတ်သင့်၏။

ဘိက္ခုနီမစီရင်ခြင်း၊ စီရင်သည်ကိုသိခြင်း၊ လူတို့ မစီရင်ခြင်း၊ ပဉ္စဘောဇဉ်တို့တွင် တပါးပါးကိုမျိုခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ ဒေဝဒတ်ကို အကြောင်းပြု၍၊ ရဟန်းမိန်းမသည် စီရင်အပ်သော ဆွမ်းကို စားခြင်းဝတ္ထုကြောင့် ပညတ်တော်မူအပ်၏)

## (၁၀) ဒသမ

တယောက်သော ရဟန်းယောကျ်ားသည်၊ တယောက်သော ရဟန်းမိန်းမနှင့်အတူတကွဆိတ်ကွယ်ရာ၌ ထိုင်နေခြင်းကိုပြုငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ဤသိက္ခာပုဒ်ကား၊ ဒုတိယအနိယတနှင့်ရင်း၊ အထက်ဥပနန္ဒ၏စတုတ္ထသိက္ခာပုဒ်နှင့်ရင်း၊ တူသောအပိုင်းအခြားရှိ၏။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥပနန္ဒကို အကြောင်းပြု၍၊ တယောက်ချင်းချင်း၊ ဘိက္ခုနီမနှင့် အတူတကွ ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေခြင်းကို ပြုသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ဘိက္ခုနောဝါဒဝဂ်ပြီး၏။

---

## ဘောဇနဝဂ်

## (၁) ပဌမ

မနာ မဖျားသော ရဟန်းသည်၊ တကြိမ်သွေ့သည်တို့ တည်းခိုရာစရပ်၌ ထားသော ဆွမ်းကို စားအပ်၏။ ထို တကြိမ်ထက်အလွန်စားငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

သွေ့သည်တည်းခိုးရာစရပ်၌ထားသော ဆွမ်းအဖြစ်၊ မနာမဖျားသည်အဖြစ်၊ နေ့တိုင်းနေ၍စားခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီ ဖြစ်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ သွေ့သည်တို့ တည်းခိုရာ

စရစ်၌ ထားသောဆွမ်းကို ကြော်ငြိမ်ထက်အလွန် စားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

(၂) ဒုတိယ

ချနစ်ပါးသော အခါကိုထား၍၊ ဂဏဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ် သင့်၏။ ထို ဂဏဘောဇဉ်ကို စားရာ၌၊ ဤသည်ကား အခါတည်း။ နာသောအခါ၊ သင်္ကန်း လှူသောအခါ၊ သင်္ကန်း ချုပ်သောအခါ၊ အခွန့် ရှည်သော ခရီးသို့ သွားသောအခါ၊ လှေစီးသော အခါ၊ များစွာသောရဟန်းအပေါင်းစည်းဝေးသောအခါ၊ ရဟန်းတို့ ဆွမ်းလှူသောအခါ၊ ဤသည်ကား-ဂဏဘောဇဉ်ကို စားရာ၌အခါတည်း။

လေးပါးထက်အလွန်ဖြစ်သောရဟန်းအား ထမင်းဖြင့်ဘိတ်သော ဂဏဘောဇဉ်၏အဖြစ်၊ အခါမရှိခြင်း၊ မျိုခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာ ပုဒ်ကို ရာဇဂြိုဟ်ပြည်၌ ဒေဝဒတ်ကို အကြောင်းပြု၍၊ တောင်း၍စားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။

---

(၃) တတိယ

အခါကို ကြဉ်ထား၍၊ ရှေးဘိတ်သော ဆွမ်းကိုမစား၊ တပါးသောသူ၏ဆွမ်းကိုစားခြင်းကြောင့်၊ ပါစိတ်အာပတ် သင့်၏။ ထိုပရမ္ပရ-ဘောဇဉ်ကို စားရာ၌၊ ဤဆိုလတ္တံ့

သည့်ကား အခါတည်း။ နာသောအခါ၊ သင်္ကန်း လှူသော အခါ၊ သင်္ကန်းချုပ်သောအခါ၊ ဤသည်ကား ထိုပရဖွရ ဘောဇဉ်ကိုစားရာ၌ အခါတည်း။

ရှေးဘိတ်သောသူ၏ ဆွမ်းကိုမစား၊ တပါးပါးသောသူ၏ ဆွမ်းကို စားသည်၏အဖြစ်၊ အခါမရှိခြင်း၊ မျိုခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကိုဝေသာလီပြည်၌၊ များစွာသောရဟန်း တို့သည်၊ဘိတ်ရာမှ တပါး၌ ဘုဉ်းပေးသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စဘုဏ္ဏ

ဒါယကာအိမ်သို့ ကပ်သော ရဟန်းသည်သာလျှင် လက်ဆောင် အကျိုးငှါ စီရင်အပ်သော မုန့်တို့ဖြင့်ရင်း၊ ခရီးသွားအကျိုးငှါ စီရင်အပ်သော မုန့်ကြွက်ကျစ်တို့ဖြင့်ရင်း၊ ရှေးရှုဆောင်၍ ဘိတ်ငြားအံ့၊ အလိုရှိသော ရဟန်းသည် နှစ်သပိတ် သုံးသပိတ်ပြည့်သောမုန့်တို့ကို ခံယူအပ်၏၊ ထို ထက်အလွန်ခံယူငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

လက်ဆောင်အလို့ငှါ စီရင်အပ်သော မုန့်၏အဖြစ်၊ လက်ဆောင် ခရီးသွားမှ အကြွင်းမဟုတ်ခြင်း၊ သွားခြင်း၏မငြိမ်းခြင်း၊ အမျိုးမစပ်ခြင်း၊ အလွန်ခံခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာ ကုန်သော ရဟန်းတို့သည်၊ အတိုင်းအရှည်ကို မသိမူ၍ ခံသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၅) ပဉ္စမ

ဆွမ်းစားစဉ် တန်ပြီဟု မြစ်မိသော အကြင်ရဟန်းသည် အတိရိတ်ဝိနည်းကံမပြုသော ခဲဘွယ်ကိုရင်း၊ ဘောဇဉ်ကိုရင်း၊ ခဲမှုလည်းခဲငြားအံ့၊ စားမှုလည်းစားငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ပါရိတ်သင့်ခြင်း၊ အာမိသ၏ အတိရိတ်မပြုခြင်း၊ ကာလ၌မျိုခြင်း။ အင်္ဂါ —ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာ ကျန်သော ရဟန်းတို့ကိုအကြောင်းပြု၍၊ ဆွမ်းဘုဉ်းပေးစဉ် တန်ပြီဟု မြစ်မိလျက် တပါးသော အရပ်၌ ဘုဉ်းပေးသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## ဆဋ္ဌမ

ဆွမ်းစားစဉ် တန်ပြီဟု မြစ်မိသော ရဟန်းကိုသိလျက်၊ အရှိန်အစော်မရှိခြင်းကို ငဲ့သည်ဖြစ်၍ ရဟန်း—တိုက်တွန်း၏။ ခဲမှုလည်း ခဲလော့၊ စားမှုလည်း စားလော့၊ ဤသို့ အတိရိတ်ဝိနည်းကံမပြုသော ခဲဘွယ်ကိုရင်း၊ ဘောဇဉ်ကိုရင်း၊ ခံယူခြင်းငှါ တိုက်ငြားအံ့၊ တိုက်အပ်သောရဟန်း စားသည်ရှိသော် ပါစိတ်အာပတ်သင့်၏။

ပါရိတ်သင့်ခြင်း၊ သင့်၏ဟု အမှတ်ရှိခြင်း၊ အရှိန်အစော်ကိုငဲ့ခြင်း၊ အနတိရိတ္တ ဘောဇဉ်ကို ဆောင်၍တိုက်ခြင်း၊ စား၍ ပြီးဆုံးခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ အမှတ် မရှိသော ရဟန်းကို အကြောင်းပြု၍၊ အတိရိက်ဝိနည်းကံ မပြုသော ဘောဇဉ်ဖြင့် ရှေ့ရှုဆောင်၍ ဘိတ်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၇) သတ္တမ

အကြင်ရဟန်းသည်၊ နေလွဲသောအခါ၌၊ခဲဘွယ်ကိုရင်း၊ ဘောဇဉ်ကိုရင်းခဲမူလည်းခဲငြားအံ့၊စားမူလည်းစားငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ဝိကာလ၊ ယာဝကာလိက၊ မျိုးခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာ ပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ သတ္တရသဝဂ္ဂီ-အမည်ရှိကုန်သောရဟန်းတို့ကိုအကြောင်းပြု၍၊နေလွဲသော ကာလ၌ ခဲဘွယ် စားဘွယ်ကို စားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၈) အဋ္ဌမ

အကြင်ရဟန်းသည်၊ သိုမှီးခြင်းကိုပြု၍ ခဲဘွယ်ကိုရင်း၊ ဘောဇဉ်ကိုရင်း၊ခဲမူလည်းခဲငြားအံ့၊စားမူလည်းစားငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

အာမိသ၊ သန္နိဓိ၊ မျိုခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကိုသာဝတ္ထိပြည်၌၊ရှည်သောသက်တော်

ရှိသော ဗေသဋ္ဌသိသကို အကြောင်းပြု၍ ပညတ်တော် မူအပ်၏။)

---

## (၉) နဝမ

အကြင်မွန်မြတ်သော ထောပတ်စသည်နှင့် ရောနှော အပ်သော ဘောဇဉ်တို့သည် ရှိကုန်၏။ ဤသောဇဉ်ဖြင့် ရောနှောအပ်သော မွန်မြတ်သောဝတ္ထုတို့သည်၊ ဓာတုအသို့ သည့်ကို့နည်းဟူမှုကား၊ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျား၊ တင်လဲ၊ ငါး၊ အမဲ၊ နို့ ရည်၊ နို့ မိမ်း၊ ဤကိုးပါးတို့ တည်း။ အကြင် ရဟန်းသည်၊ ထိုသို့ သဘောရှိ ကုန်သော မွန်မြတ်သော ဘောဇဉ်တို့ကို မနာ မဖျားဘဲ မိမိအကျိုးငှါ တောင်း၍ စားငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ပဏီတဘောဇဉ်၊မနာခြင်း၊တောင်း၍ရခြင်း၊ မျိုခြင်း။ အင်္ဂါ ၄-ပါး

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီ ဖြစ်ကုန်သော ရဟန်းတို့ကိုအကြောင်းပြု၍၊ မွန်မြတ်သည်နှင့် ရောသော ဘောဇဉ်ကို တောင်းသော ဝတ္ထုကြောင့် ပညတ်တော် မူအပ်၏။)

---

## (၁၀) ဒသမ

အကြင် ရဟန်းသည်၊ ရေ, ဒန်ပူကိုသား၍၊ အကာပ်မခံ အပ်သော ဆွမ်းစသော အာဟာရကို ခံတွင်းဝသို့ ဆောင် ငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။

အကပ်မခံခြင်း၊ ခွင့်ပြုအပ်သောအဖြစ်၏ မရှိခြင်း၊ အဗ္ဗောဟာရိက၏မရှိခြင်း၊ မျိုခြင်း။ အင်္ဂါ ၄–ပါး။

( ဤသိက္ခာပုဒ်ကို ဝေသာလီပြည်၌၊ အမှတ်မရှိသော ရဟန်းကို အကြောင်းပြု၍၊ အကပ်မခံသော အာဟာရကို ခံတွင်းဝသို့ ဆောင်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ဘောဇနဝဂ် ပြီး၏။

---

## အစေလကဝဂ်

### (၁) ပဌမ

အကြင် ရဟန်းသည်၊ အဝတ်မဝတ်သော တက္ကတွန်းအားရင်း၊ ပရိဗိုဇ်ရဟန်းအားရင်း၊ ပရိဗိုဇ်မအားရင်း၊ မိမိလက်ဖြင့် ခဲဖွယ်ကိုရင်း၊ ဘောဇဉ်ကိုရင်း ပေးငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

အညတိတ္ထိ၏အဖြစ်၊ ခွင့်ပြုခြင်း၏မရှိခြင်း၊ မျိုအပ်သော ဝတ္ထုကို မျိုမိမ့်သော၄ါ မိမိလက်ဖြင့်ပေးခြင်း။ အင်္ဂါ ၃–ပါး။

(ဤသိက္ခာပုဒ်ကို ဝေသာလီပြည်၌၊ ရှည်သော သက်တော်ရှိသော အာနန္ဒာမထေရ်ကို အကြောင်းပြု၍၊ ပရိဗိုဇ်မအား နှစ်ရက်သော မုံ့တို့ကို ပေးသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၂) ဒုတိယ

အကြြင်ရဟန်းသည်၊ တပါးသောရဟန်းကို၊ ငါ့ရှင်– လာလော့၊ ရွာသို့ရင်း၊ နိဂုံးသို့ရင်း ဆွမ်းအလို့ငှါ ဝင်ကုန်အံ့၊ ဤသို့ ခေါ်၍ ထိုရဟန်းအား တစုံတခုသော အာမိသကို ပေး၍ ရင်း၊ မပေးမူ၍ ရင်း လွှတ် လိုက် ပြီးအံ့၊ ငါ့ရှင် သွားလော–ငါ့အား သင်နှင့် အတူတကွ စကားဆိုရခြင်း သည်ရင်း၊ နေရခြင်းသည်ရင်း ချမ်း သာ သည် မဖြစ်၊ တယောက်တည်းတည်း ငါ့အား စကားဆိုရခြင်းသည်ရင်း၊ နေရခြင်းသည်ရင်း ချမ်းသာသည် ဖြစ်၏။ ဤသို့ ဆို ၍၊ ထုံ ယုတ် မာ သော အကျင့်ကို ကျင့်လို ခြင်းကို သာလျှင် အကြောင်းပြု၍၊ အကြောင်းတပါးမရှိဘဲ လွှတ်လိုက်ပြီးအံ့၊ ပါစိတ် အာပတ်သင့်၏။

မတော်မတရားကို ကျင့်လိုခြင်း၊ ထိုအကျိုးငှါ ပဉ္စင်းကို လွှတ်လိုက်ခြင်း၊ ထိုသူ၏ မြင်ခြင်း ကြားခြင်း အရိပ်ဥပစာကို လွန်ခြင်း၊ အင်္ဂါ ၃ ပါး။

( ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥပနန္ဒ သည် ယုတ်မာခြင်းကို အကြောင်း ပြု၍၊ ရဟန်းကို လွှတ်လိုက်သောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။ )

---

## (၃) တတိယ

အကြြင် ရဟန်းသည်၊ ထင်မသားနှစ်ယောက်ရှိသော အိမ်၌ အဘော်ရဟန်းမဲ့ အိမ်တွင်းသို့ ဝင်၍ ထိုင်ခြင်းကို ပြုပြီးအံ့၊ ပါစိတ် အာပတ်သင့်၏။

မကောင်းသော ရောဂါရှိသော လင်မယားနှစ်ယောက်တို့၏ အနီး၌ နေသည်၏အဖြစ်၊ အိပ်ရာတိုက်ခန်း၏အဖြစ်၊ အဘော်ရဟန်းမရှိခြင်း၊ အတွင်းသို့ဝင်၍နေခြင်း။ အင်္ဂါ ၄—ပါး။

( ဤ သိက္ခာပုဒ် ကို သာဝတ္ထိ ပြည်၌၊ ၅၇င် ဥပနန္ဒ ကို အကြောင်းပြု၍၊ လင်မယားနှစ်ယောက်တို့၏အိပ်ရာအနီးသို့ ဝင်၍နေသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စဘုတ္တ

အကြင် ရဟန်း သည်၊ မာတုဂါမ နှင့် အတူ တကွ တယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်နေခြင်းကို ပြုငြားအံ့၊ ပါစိတ် အာပတ် သင့်၏။

ဤသိက္ခာပုဒ်၌ လွန်ကျူးရာကိုအစွဲပြု၍—အနိယတသိက္ခာပုဒ်ကဲ့သို့—ပါစိတ် အင်္ဂါကိုယူအပ်၏။

( ဤသိက္ခာပုဒ်ကို သာ ဝတ္ထိ ပြည် ၌၊ ၅၇င် ဥပနန္ဒ ကို အကြောင်းပြု၍၊ မာတုဂါမနှင့် တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ အတူတကွ ထိုင်နေခြင်း ဝတ္ထုကြောင့် ပညတ်တော်မူ အပ်၏။)

---

## (၅) ပဌမ

အကြင် ရဟန်းသည်၊ မာတုဂါမနှင့် အတူတကွ နံရံစသည်ဖြင့် ဖုံးလွှမ်းသောနေရာ၌ ထိုင်နေခြင်းကို ပြုငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ဤသိက္ခာပုဒ်၌ လွန်ကျူးရာကိုအစွဲပြု၍—အနိယတသိက္ခာပုဒ်ကဲ့သို့—ပါစိတ် အင်္ဂါကိုယူအပ်၏။

(ဤ သိက္ခာ ပုဒ်ကို သာဝတ္ထိ ပြည်၌၊ ရှင် ဥပနန္ဒကို အကြောင်းပြု၍၊ တိုက်နံ့ရံ စသည်ဖြင့် ဖုံးလွှမ်းသောအရပ်၌ ရှင်းချက်စိ,နား,ဆိတ်ကွယ်သောအရပ်၌ရှင်းမာတုဂါမနှင့် ထိုင်နေခြင်းဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (ဖ) ဆဒ္ဒမ

အကြင်ရဟန်းသည်၊ အခါ၌ ကြည်ထား၍ ဘောဇဉ်ဖြင့် ဘိတ်အပ်သော ဆွမ်း ရှိသည်ဖြစ်လျက်၊ ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍၊ ဘိတ်အပ်သော ဆွမ်းကို စား သည်မှ ရှေး၌ရင်း၊ ဘိတ်အပ်သော ဆွမ်းကို စားသည်မှ နောက်၌ရင်း၊ ဘိတ်သော အိမ်မှ တပါးသော အိမ်သို့ လှည့်လည်သွားလာခြင်းသို့ ရောက်ငြားအံ့၊ ပါစိတ် အာပတ် သင့်၏။ ။ ၎င်းအိမ်တပါးကို သွားရာ၌ ဤဆိုလတ္တံ့သည့် ကား အခါတည်း၊ သင်္ကန်းလှူသောအခါ၊ သင်္ကန်းချုပ် သောအခါ၊ ဤသည်ကား ထိုသိက္ခာပုဒ်၌ အခါတည်း။

ဘောဇဉ်ငါးပါးတွင် တပါးပါးဖြင့် ဘိတ်သည်ကို သာယာခြင်း၊ ထင်ရှားရှိသော ရဟန်းကို မပန်ခြင်း၊ ဘိတ်သောအိမ်မှ တပါးသော အိမ်သို့ဝင်ခြင်း၊ မွန်းတည့်သည်ကို မလွန်ခြင်း၊ အခါ၏ရင်း၊ ဘေးရန်၏ရင်း မရှိခြင်း။ အင်္ဂါ ၅-ပါး။

(ဤ သိက္ခာပုဒ်ကို ရာဇဂြိုဟ် ပြည်၌၊ ရှင် ဥပနန္ဒ ကို အကြောင်း ပြု၍၊ ဆွမ်း ဘိတ်သော အိမ်မှ တပါးသော

ဒါယကာဇာတိမြို့သို့ သွားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၇) သဋ္ဌမ

မကျန်းမမာသော ရဟန်းသည်၊လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို သာယာအပ်၏။တဖန် ဖိတ်ခြင်းကို ကြည်တား၍၊ အမြဲဖိတ်ခြင်းကို ကြည်ထား၍၊ ထိုဖိတ်အပ်သော အပိုင်းအခြား၊ ဆေးအပိုင်းအခြားထက် အလွန်အကယ်၍ သာယာငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

သင်္ဃာကိုဖိတ်ခြင်း၊ ထိုမှဆေးကိုတောင်းခြင်း၊ မနာခြင်း၊ အပိုင်းအခြားကိုလွန်ခြင်း။ အင်္ဂါ ၄–ပါး။

(ဉာဏ်ပိက္ကာပုဒ်ကို သက္ကတိုင်းတို့၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ ဆေးတောင်းသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

—o—

## (၈) အဋ္ဌမ

အကြောင်ရဟန်းသည်၊ထိုသို့သဘော ရှိသော အကြောင်းကို ကြည်ထား၍၊ ပြည်မှ ထွက်သော အင်္ဂါလေးပါးရှိသော စစ်သည်ကို ကြည့်ရှုခြင်းငှါ သွားငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

ပြည်မှထွက်သောစစ်သည်ကို ကြည့်ရှုခြင်းငှါ သွားခြင်း။ ခွင့်ပြုရာအရပ်မှ တပါးသောအရပ်၌ကြည့်ခြင်း၊ ထိုသို့သော အကြောင်း၏ ရှင်း၊ ဘေးရန်၏ရှင်း၊ မရှိခြင်း။ အင်္ဂါ ၃–ပါး။

(ဤ သိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊စစ်သည်တို့ကိုကြည့်ရှုသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၉) နဝမ

ထိုရဟန်းအား စစ်သည်ဘောင်သို့ သွားခြင်းငှါ၊ တစုံတခုသော အကြောင်းသည် ရှိငြားအံ့၊ ထိုရဟန်းသည်၊ နှစ်ညဥ့်, သုံးညဥ့် ပတ်လုံး စစ်သည်ဘောင်၌ နေအပ်၏။ ထိုနှစ်ညဥ့်, သုံးညဥ့်ထက် အလွန် အကယ်၍ နေငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

သုံးညဥ့်ကိုလွန်ခြင်း၊ စစ်သည်ဘောင်၌နေဝင်ခြင်း၊ နာခြင်းစသည်၏ မရှိခြင်း။ အင်္ဂါ ၃=ပါး။

(ဤ သိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ သုံးညဥ့်ထက် အလွန် စစ်သည်ဘောင်၌ နေသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၀) ဒသမ

နှစ်ညဥ့်, သုံးညဥ့်ပတ်လုံး စစ်သည်ဘောင်၌နေသော ရဟန်းသည်၊ တက်၍, တက်၍ထိုးပစ်ရာသို့ရင်း၊ ဗိုလ်ပါ ရဲမက်တို့ကိုရေတွက်ရာ၌ရင်း၊ စစ်ဆင်ရာသို့ရင်း၊ဆင်တပ် မြင်းတပ်၊ ရထားတပ်၊လက်နက်စွဲကိုင်သော ရဲမက်တပ်ကို ရှုခြင်းငှါရင်း သွားငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

၄၈=သိက္ခာပုဒ်ကဲ့သို့—အင်္ဂါ ၃—ပါး။

( ဤသိက္ခာပုဒ် သည် စစ် သည် တို့ ကို ကြည့် ရှု သော သိက္ခာပုဒ်နှင့် တူ၏။)

အစေလကဝဂ် ပြီး၏။

---

## သုရာပါနဝဂ်

### (၁) ပဌမ

သေ–အရက်ကို သောက်ခြင်းကြောင့်၊ ပါစိတ်အာပတ် သင့်၏။

သေ–အရက်၏အဖြစ်၊ ထိုကိုသောက်ခြင်း။ အင်္ဂါ ၂–ပါး။

(ဤသိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌၊သာဂတထေရ်ကို အကြောင်းပြု၍၊ ယစ်မျိုးကိုသောက်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

—○—

### (၂) ဒုတိယ

ချိုင်းထိုး၍ ကစားခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။

ရယ်မြူးလိုခြင်း၊ မိမိကိုယ်ဖြင့်ပဉ္စင်းကိုယ်ကိုသုံးသပ်ခြင်း။ အင်္ဂါ ၂–ပါး။

(ဤ သိက္ခာပုဒ်ကို သာဝတ္ထိ၌ နေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊လက်ချောင်းတို့ဖြင့် ချိုင်းထိုး၍မြူးတူးသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၃) တတိယ

ရေ၌ မြူးတူးလိုသဖြင့် ကစားခြင်းကြောင့် ပါစိတ် အာပတ် သင့်၏။

ဖမျက်နစ်လောက်သောရေ၊မြူးတူးလိုသဖြင့်ကစားခြင်း။ အင်္ဂါ ၂-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ သတ္တရသဝဂ္ဂီဖြစ်ကုန်သောရဟန်းတို့ကိုအကြောင်းပြု၍၊ ရေ၌ကစားသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စတုတ္ထ

ပုဂ္ဂလ-ဓမ္မကို မရိုသေသောကြောင့် ပါစိတ် အာပတ် သင့်၏။

ပဉ္စင်း၏ ပညတ်တော်ဖြင့်ဆိုခြင်း။ ဆိုသောပုဂ္ဂိုလ် ထိုတရားကို မရိုမသေပြုခြင်း။ အင်္ဂါ ၂-ပါး။

( ဤသိက္ခာပုဒ် ကို ကောသမ္ဗီပြည် ၌ ဆန္နကိုအကြောင်းပြု၍၊ ပုဂ္ဂိုလ်၌လည်းကောင်း၊ ဝိနည်း၌လည်းကောင်း၊ မရိုသေခြင်းကို ပြုခြင်းဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၅) ပဉ္စမ

အကြွင်ရဟန်းသည်၊ တပါးသော ရဟန်းကို ချောက်ခြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ပဉ္စင်း၏အဖြစ်၊ ထိုသူ၏မြင်ကောင်း ကြားကောင်းရာ၌ ကြောက်စိမ့်သောငှါ လုံ့လပြုခြင်း။ အင်္ဂါ ၂-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်း တို့ကို အကြောင်းပြု၍၊ တပါးသော ရဟန်း ကြောက်စေရန် ချောက်လှန့်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၆) ဆဋ္ဌမ

အကြွင်ရဟန်းသည်၊ ထိုသို့ ဆိမိးထွန်းခြင်း စသော အကြောင်းကို ကြဉ်ထား၍၊ မီးကို-မိမိမူလည်း ညှိငြားအံ့၊ သူတပါးကိုမူလည်း ညှိစေငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

မနာခြင်း ခွင့်ပြုသော အကြောင်းမရှိခြင်း၊ လှုံလိုခြင်း၊ ညှိခြင်း။ အင်္ဂါ ၄=ပါး။

(ဤသိက္ခာပုဒ်ကို ဘဂ္ဂတိုင်း တို့၌၊ များစွာ ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ မီးညှိလှုံသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၇) သတ္တမ

အကြွင်ရဟန်းသည်၊ အခါကိုကြဉ်ထား၍၊ ရေချိုးသော နေ့မှစ၍၊ လခွဲမပြည့်မီ အတွင်း၌ ရေချိုးငြားအံ့၊ ပါစိတ် အာပတ်သင့်၏။ ထိုလခွဲ မပြည့်မီ ရေချိုးရာ၌၊ ဤသည် ကား အခါတည်း။ နွေလတို့၏ ကြွင်းသော တလခွဲ၊ ဤနွေ ရတုအဆုံး တလခွဲသည် ပူသော အခါမည်၏။ ။မိုဃ်း ရတု၏-ရှေးဦးစွာသောလ၊ ဤမိုဃ်းဦးအစ, ထသည်၊ အိုက်သောအခါမည်၏။ ဤပူသောအခါ-အိုက်သော အခါ

တို့သည်၊ နှစ်လခွဲတို့တည်း။ ။ပူသောအခါ၊ ဒိုက်သောအခါ၊ နွာသောအခါ၊ တံမြက်လှည်းခြင်းစသော အမှုလုပ်သောအခါ၊ သူဖနာခွဲခရီးသို့ သွားလတ္တံ့-သွားဆဲ-သွားပြီးအခါ၊ မြူနှင့်တကွ လေပြင်းထ၍၊ မိုးယိုးကျသောအခါ ဤသည့်လျှင် ထိုရေချိုးရာ၌အခါတည်း။

မဇ္ဈိမအရပ်-လခွဲမပြည့်ခြင်း၊ သမယ၏ရှင်း၊ မြစ်တဘက်သို့ သွားခြင်း၏ရှင်း၊ ဘေးရန်၏ရှင်း၊ မရှိခြင်း၊ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ များစွာ ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ ရေချိုးသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၈) အဋ္ဌမ

ရအပ်သော သင်္ကန်းသစ်ရှိသော ရဟန်းသည်အား သုံးပါး ကုန်သော အဆင်းပျက်ခြင်းကို ပြုခြင်းတို့တွင် တပါးပါးသော အဆင်းပျက်ပြုခြင်းကို ယူအပ်၏။ စိမ်းညိုသောအဆင်းကိုရင်း၊ ညွန်ကိုရင်း၊ မည်းသော အဆင်းကိုရင်း ယူအပ်၏။ ရဟန်းသည်သုံးပါးကုန်သော အဆင်းတို့တွင်၊ တပါးပါးသောအဆင်းတို့ကို မယူမူ၍။ သင်္ကန်းသစ်ကို အကယ်၍ သုံးဆောင်ငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

ကပ္ပဗိန္ဒုမထိုးသော သင်္ကန်း၏အဖြစ်။ သင်္ကန်းပျောက်ခြင်းစသည်၏မရှိခြင်း၊ ဝတ်ရုံခြင်း။ အင်္ဂါ ၃-ပါး။

( ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာ ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ မိမိ၏သက်နိုးကို မသိသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၉) နဝမ

အကြင် ရဟန်းသည်၊ ရဟန်းအားရင်း၊ ရဟန်းမိန်းမ အားရင်း၊ သိက္ခမာန်အားရင်း၊ သာမဏေအားရင်း၊ သာမဏေမအားရင်း၊ ကိုယ်တိုင် သက်နိုးကို ဝိကပ္ပနာပြု၍၊ ပစ္စုဒ္ဓိုရ်မပြုဘဲ သုံးဆောင်ငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ကိုယ်တိုင် ဝိကပ္ပနာပြုသော သင်္ကန်းကို၊ ပစ္စုဒ္ဓိုရ်မပြုခြင်း၊ ဝိကပ္ပနာ လောက်သောအဖြစ်၊ သုံးဆောင်ခြင်း။ အင်္ဂါ ၃=ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥပနန္ဒကို အကြောင်းပြု၍၊ ပစ္စုဒ္ဓိုရ်မပြုသော သင်္ကန်းကို သုံးဆောင်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။

---

## (၁၀) ဒသမ

အကြင်ရဟန်းသည်၊ ယုတ်သောအပိုင်းအခြားအားဖြင့် ရယ်မြူးလို၍လည်း တပါးသော ရဟန်း၏ သပိတ်ကိုရင်း၊ သင်္ကန်းကိုရင်း၊ နိသီဒိုင်ကိုရင်း၊ အပ်ကျည်ကိုရင်း၊ ခါးပန်းကိုရင်း ဝှက်ငြားအံ့၊ သူ့ကိုမူလည်း ဝှက်စေငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

ပဉ္စင်း၏ ဥစ္စာဖြစ်သော သပိတ်စသည်ကိုဝှက်ခြင်း၊ ဝှက်စေခြင်း၊ ညှဉ်းဆဲလိုခြင်း၊ ရယ်မြူးလိုခြင်း။ အင်္ဂါ ၂=ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ သူတပါး၏ သင်္ကန်းစသည့်ဘို့ကို ဝှက်ထားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

သုရာပါနဝဂ်ပြီး၏။

---

## သပ္ပါဏကဝဂ်

### (၁) ပဌမ

အကြင်ရဟန်းသည်၊ သတ္တဝါဟူသော အမှတ်နှင့် တကွ သတ်လိုသော စေတနာဖြင့် လုံ့လပြု၍၊ တိရစ္ဆာန် ဖြစ်သော သတ္တဝါကို အသက်မှ-ချွေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

တိရစ္ဆာန်သတ္တဝါ၊ သတ္တဝါဟူသော အမှတ်၊ သေစေလိုသော စိတ်၊ သတ်ခြင်းလုံ့လ၊ ထိုလုံ့လဖြင့်သေခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဥဒါယီမထေရ်ကို အကြောင်းပြု၍၊ တိရစ္ဆာန်သတ္တဝါကို အသက်မှ ချသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

### (၂) ဒုတိယ

အကြင်ရဟန်းသည်၊ သောက်သဖြင့် သေလတ္တံ့ဟု သိလျက်၊ ပိုးရှိသောရေကိုသောက်ငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ရေ၏ပိုးရှိသောအဖြစ်၊ သွန်းသဖြင့် ပိုးသေလတ္တံ့ဟုသိခြင်း၊ ထိုပိုးရှိသောရေ၊ ထိုသို့သဘောရှိသောရေကို သောက်က စေတနာနှင့်ကင်း၍ သုံးဆောင်ခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ ပိုးရှိမှန်းသိလျက်၊ပိုးနှင့်တကွသော ရေကို သုံးဆောင်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၃) ဥက္ကောဋန

အကြင်ရဟန်းသည်၊သိလျက်အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ ဟောတော်မူအပ်သော တရားအားလျော်စွာ ငြိမ်းလေပြီးသော အဓိကရုဏ်းကို၊ တဖန်ကံပြုစေခြင်းငှါ လှုပ်ချောက်ချားပြောအံ့၊ ပါစိတ်အာပတ်သင့်၏။

အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါဟောတော်မူအပ်သော တရားအားလျော်စွာ ငြိမ်းလေပြီးသော အဓိကရုဏ်းအဖြစ်၊ သိခြင်း၊ လှုပ်ချောက်ခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ ကြွေးကြော်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) ဒုဋ္ဌုလ္လ

အကြင်ရဟန်းသည်၊သိလျက် ရဟန်းတပါး၏ ရုန့်ရင်းသော သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းပြောအံ့၊ ပါစိတ်အာပတ်သင့်၏။

ပဏ္ဍင်း၏ ဒုဋ္ဌုလ္လအာပတ်ကိုသိခြင်း၊ ဖုံးလွှမ်းလိုသဖြင့် မကြားအံ့ဟု ဝန်ချခြင်း။ အင်္ဂါ ၂—ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌ အမှတ် မရှိသော ရဟန်းကို အကြောင်းပြု၍၊ သံဃာဒိသိသ် အာပတ်ကို ဖုံးလွှမ်းသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၅) ပဉ္စမ

အကြင်ရဟန်းသည်၊ သိလျက်ပင်သန္ဓေနှ၍ အသက်နှစ်ဆယ်မပြည့်သောပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံငြားအံ့၊ ထိုပဉ္စင်းခံအပ်သော ပုဂ္ဂိုလ်သည်လည်း ပဉ္စင်းမဖြစ်။ ထိုကာရကရဟန်းတို့သည်လည်း ဒုက္ကဋ်အာပတ်သင့်ကုန်၏။ ထိုဥပဇ္ဈာယ်ဆရာ၌ ပါစိတ်အာပတ်သင့်၏။

အသက်နှစ်ဆယ်မပြည့်ခြင်း၊ မပြည့်ဟုအမှတ်ရှိခြင်း၊ ပဉ္စင်းခံခြင်း။ အင်္ဂါ ၃—ပါး။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ များစွာ ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ အနှစ်နှစ်ဆယ် မပြည့်သေးသော ပုဂ္ဂိုလ်ကို ပဉ္စင်းခံသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၆) ဆဋ္ဌမ

အကြင်ရဟန်းသည်၊ သိလျက် ကင်းကို ရှောင်လွှဲလိုသော ခိုးသူ ကုန်သည်နှင့် အတူတကွ တိုင်ပင်ညီညွတ်၍၊ တကြောင်းတည်းသော အဝန်ရှည်သော ခရီးသို့ သွားငြား

အံ့၊ အယုတ်သဖြင့် ရွာတွင်းသို့လည်း သွားငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

ခိုးသူကုန်သည်၏အဖြစ်၊ သိခြင်း၊ တိုင်ပင်ခြင်း၊ မချွတ်ယွင်း သဖြင့် သွားခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌ အမှတ်မရှိသော ရဟန်းကို အကြောင်းပြု၍ ခိုးသူကုန်သည်နှင့် အတူတကွ တိုင်ပင်၍ အခွန့်ရှည်သော တကြောင်းတည်းသော ခရီးသို့ သွားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၇) သံဝိဓာန

အကြင်ရဟန်းသည် မာတုဂါမနှင့်တိုင်ပင်ညီညွတ်၍ အခွန့်ရှည်သော ခရီးသို့သွားငြားအံ့၊ ယုတ်သော အပိုင်းအခြားဖြင့် ရွာတွင်းသို့လည်းသွားငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

မာတုဂါမနှင့်တိုင်ပင်၍ ခရီးသွားခြင်း၊ ကာလမချွတ်ယွင်းခြင်း၊ အခါမရှိခြင်း၊ ဘေးရန်မရှိခြင်း၊ ရွာ တရွာသို့သက်ခြင်း၊ ယူဇနာခွဲကိုလွန်ခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌ အမှတ် မရှိသော ရဟန်းကို အကြောင်းပြု၍ မာတုဂါမနှင့်အတူ အခွန့်ရှည်သော တကြောင်းတည်းသော ခရီးသို့ တိုင်ပင် ညီညွတ်၍ သွားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (ဂ) အဋ္ဌမ

အကြောင်ရဟန်းသည်၊ ဤသို့ဆိုရာ၏၊ အကြောင်သို့သော အပြားအားဖြင့် နတ်ရွာ-နိဗ္ဗာန်ဈာန်မဂ်ဖိုလ်၏ အကျိုးရယ်ကို ပြုတတ်ကုန်သော အကြောင် မေထုန်မှီဝဲသော တရားတို့ကို နတ်ရွာနိဗ္ဗာန်ဈာန်မဂ်ဖိုလ်အကျိုးရယ်ကို ပြုတတ်ကုန်၏ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏၊ ထိုမေထုန်မှီဝဲသော တရားတို့သည်မှီဝဲသောရဟန်းအား နတ်ရွာနိဗ္ဗာန်ဈာန်မဂ်ဖိုလ်၏အကျိုးရယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ကုန်။ ထိုသို့သောအပြားအားဖြင့် မြတ်စွာဘုရားသည်ဟောတော်မူအပ်သော တရားကို ငါသည် သိ၏။ ဤသို့ ဆိုငြားအံ့၊ ထိုရဟန်းကို မြင်ကုန်, ကြားကုန်သောရဟန်းတို့က ဤသို့ ဆိုအပ်သည် ဖြစ်ရာ၏။ အရှင်သည် ဤသို့ မဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းသည်သာတည်း၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာသည်သာတည်း။ ငါ့ရှင်-များစွာသော အကြောင်းဖြင့် နတ်ရွာနိဗ္ဗာန်ဈာန်မဂ်ဖိုလ်၏ အကျိုးရယ်ကို ပြုတတ်ကုန်သော တရားတို့ကို အကျိုးရယ်ပြုတတ်ကုန်၏ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏။ ထိုတရားတို့သည် မှီဝဲသောရဟန်းအား နတ်ရွာနိဗ္ဗာန်ဈာန်မဂ်ဖိုလ်၏ အကျိုးရယ် ပြုခြင်းငှါ စွမ်းနိုင်ကုန်သည်သာတည်း၊ ဤသို့ဆိုအပ်သည်ဖြစ်ရာ၏၊ ဤသို့ ရဟန်းတို့သည် ဆိုဆုံးမသည်ရှိသော် ထိုရဟန်းသည်၊ ထိုအတူ

သာလျှင် မြဲမြဲစွာ ယူပြောအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် ထိုအယူကို စွန့်စေခြင်းငှါ သုံးကြိမ် တိုင်အောင် ဆိုဆုံးမအပ်၏။ သုံးကြိမ်တိုင်အောင် ဆိုဆုံးမသည်ရှိသော်၊ ထိုအယူကိုအကယ်၍စွန့်ပြောအံ့၊ဤသို့စွန့်ခြင်းသည်ကောင်း၏။ အကယ်၍ မစွန့်ပြောအံ့၊ ပါစိတ် အာပတ်သင့်၏။

ဓမ္မကံ၏အဖြစ်၊ ဆုံးမခြင်း၊ မစွန့်ခြင်း။ အင်္ဂါ ၃–ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ အရိဋ္ဌ ရဟန်းကို အကြောင်းပြု၍၊ ယုတ်မာ စွာသော အယူကို မစွန့် သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၉) နဝမ

အကြင် ရဟန်းသည်၊ ဥက္ခိတ္တက ရဟန်း အဖြစ်ကို သိလျက် ထိုသို့သော မိစ္ဆာ အယူရှိသော မပြုအပ်သော ဩသာရဏာ ကံဟု ဆိုအပ်သော တရားရှိသော ထိုမိစ္ဆာ အယူကိုမစွန့်သောရဟန်းနှင့် အတူတကွမူလည်း အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂကိုပြုအံ့၊ တကွမူလည်း ကံပြီး, ကံငယ်ကို ပြုအံ့၊ တကွမူလည်း တမိုးတရံ တည်းသော ကျောင်း၌ အိပ်ခြင်းကိုပြုပြောအံ့၊ ပါစိတ်အာပတ်သင့်၏။

မသွင်းခြင်း၊ သိခြင်း၊ သမ္ဘောဂစသည်ကို ပြုခြင်း။ အင်္ဂါ ၃–ပါး

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊အရိဋ္ဌအမည်ရှိသော ရဟန်းနှင့် အတူတကွ

ပစ္စယသံဘောဂ စသည်ကိုပြုသော ဝဏ္ဏကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၀) ဒသမ

သာမဏေသည်လည်း၊ ဤသို့ အကယ်၍ ဆိုငြားအံ့၊ အကြင်သို့သော အပြားအားဖြင့် နတ်ရွာ နိဗ္ဗာန် ဈာန်မဂ် ဖိုလ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော အကြင် မေထုန် မှီဝဲသော တရားတို့ကို နတ်ရွာနိဗ္ဗာန် ဈာန် မဂ် ဖိုလ် တို့၏ အန္တရာယ် ဟူ၍ မြတ်စွာဘုရားသည် ဟောတော် မူအပ် ကုန်၏။ ထိုမေထုန် မှီဝဲသော တရားတို့သည် မှီဝဲသော ပုဂ္ဂိုလ်အား၊ နတ်ရွာ နိဗ္ဗာန် ဈာန် မဂ် ဖိုလ်၏ အန္တရာယ် ပြု ခြင်း ငှါမစွမ်းနိုင်ကုန်၊ ဤသို့ အပြား အားဖြင့် မြတ်စွာ ဘုရားသည် ဟောတော်မူအပ်သော တရားကို၊ ငါသည် သိ၏။ ဤသို့ အကယ်၍ ဆိုငြားအံ့၊ ထိုသာမဏေကို ရဟန်း တို့သည်၊ ဤသို့ ဆိုအပ်သည်ဖြစ်ရာ၏။ ငါ့ရှင်သာမဏေ— ဤသို့မဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာ ဘုရားကို စွပ်စွဲခြင်းသည် မကောင်းသည် သာတည်း။ မြတ်စွာဘုရားသည် ဤသို့ မဟောသည် သာတည်း။ ငါ့ရှင် သာမဏေများစွာသော အကြောင်းအားဖြင့် နတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ်၏အန္တရာယ်ကိုပြုတတ်ကုန်သောတရားတို့ကို အန္တရာယ် ပြုတတ် ကုန်၏ ဟူ၍ မြတ်စွာ ဘုရား သည် ဟောတော် မူအပ်ကုန်၏။ ထိုတရားတို့သည် မှီဝဲသောသူ

အား အနတ္တ ရယ်ကိုပြုခြင်း၌ စွမ်းနိုင်ကုန်သည်သာတည်း။ ဤသို့ ဆိုအပ်သည် ဖြစ်ရာ၏။ ဤသို့လျှင် ရဟန်းတို့သည် ဆိုဆုံးမအပ်သည်ရှိသော်၊ ထိုသာမဏေသည်၊ ထို့အတူ သာလျှင် မြဲမြံစွာ ယူငြားအံ့။ ထိုသာမဏေကို ရဟန်းတို့က ဤသို့ဆိုသည် ဖြစ်ရာ၏။ ငါ့ရှင် သာမဏေ–ယနေ့ကို အစပြု၍ သင်သည် မြတ်စွာဘုရားကို ဆရာဟူ၍ မပြော မဆိုအပ် သည် သာတည်း။ သင်မှ တပါးကုန်သော သာမဏေ၊ တို့သည်ရဟန်းတို့နှင့် အတူတကွ နှစ်ညဥ့်သုံးညဥ့်ပတ်လုံး တမိုးတရံတည်းသော ကျောင်း၌ အတူတကွ အိပ်ခြင်းကို ရကြကုန်၏။ ထိုတမိုးတရံ တည်းသော ကျောင်း၌ တကွ အိပ်ခြင်းသည် သင့်အားမရှိ မပြတ်နိုးအပ်သော သာမဏေ၊ ပါ၊ ငါတို့မှ တပါးသူစိမ်းဖြစ်သော သာမဏေ–သွားလေ လော့–ပျောက်ပျက် လေလော့၊ ပျောက်ပျက် လေလော့၊ ဤသို့ ဆိုအပ်သည် ဖြစ်ရာ၏။ ။အကြင် ရဟန်းသည် သိ လျက် ထိုဒဏ္ဍကမ္မဖြင့် ဖျက်ဆီးအပ်သော သာမဏေကို တစုံတရာကို ပေးထား၍ ဖြားယောင်းငြားအံ့၊ ဝတ်ကြီး ဝတ်ငယ်ဖြင့်လုပ်ကျွေးစေငြားအံ့၊ ဘကွမှ သည်းသုံးဆောင် ငြားအံ့၊ တမိုးတရံတည်းသော ကျောင်း၌ တကွအိပ်ခြင်းကို မူသည်း ပြုငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

မသွင်းခြင်း၊ သိခြင်း၊ သမ္ဘောဂ စသည်ကို ပြုခြင်း။ အင်္ဂါ ၃–ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ ကဏ္ဋက အမည်ရှိသော သာမဏေကို ဖြားယောင်းသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

သပ္ပါဏကဝဂ် ပြီး၏။

---

## သဟဓမ္မိကဝဂ်

### (၁) ပဌမ

အကြင် ရဟန်းသည်၊ တပါးသောရဟန်းတို့က ဝိနည်း သိက္ခာပုဒ်ဖြင့် ပြောဆိုအပ်သည်ရှိသော် ဤသို့ ဆိုရာ၏။ ငါ့ရှင်တို့—ငါသည် အကြင်မျှလောက် ကာလ ပတ်လုံး သင်တို့မှတပါးသော လိမ္မာသော ဝိနည်းကို ဆောင်သော ရဟန်းကို မမေးရသေး၊ ထိုမေးရသေးသမျှကာလပတ်လုံး ထိုသိက္ခာပုဒ်၌ မကျင့်အံ့၊ ဤသို့ ဆိုငြားအံ့၊ ပါစိတ် အာပတ် သင့်၏။

ရဟန်းတို့—ကျင့်လိုသော ရဟန်းသည်၊ သိအောင် ပြုအပ်၏။ အဘန် တလဲလဲ မေးအပ်၏၊ အဘန် တလဲလဲ စဉ်းစားနှိုင်းချိန်အပ်၏၊ ဤသိအောင်ပြုခြင်း စသည်သည် ထိုသိက္ခာပုဒ်၌ ကျင့်ဝတ်တည်း။

ပဉ္စင်း၏ ပညတ်တော်ဖြင့်ဆိုခြင်း၊ မကျင့်လိုသဖြင့် ဤသို့ဆိုခြင်း၊ အင်္ဂါ ၂-ပါး။

(ဤသိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌၊ ရှင်ဆန္နထေရ်ကို အကြောင်းပြု၍၊ ဤသို့ဆိုရာ၏။ ငါ့ရှင်တို့—ငါသည် အကြင်မျှလောက် ကာလပတ်လုံး သင်တို့မှ တပါးသော လိမ္မာ

သော ဝိနည်းကို ဆောင်သောရဟာန်းကို မမေးရသေး၊ ထို မမေးရသေးသမျှကာလပတ်လုံး၊ထိုသိက္ခာပုဒ်၌ မကျင့်အံ့၊ ဤသို့ဆိုသော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၂) ဒုတိယ

အကြင် ရဟာန်းသည်၊ ပါတိမောက်ကိုမြွက်ဆိုရွတ်အံ့၊ ဖြန့်လှန် သုံးသပ်အပ်သည်ရှိသော်၊ ဤသို့ ဆိုငြားအံ့၊ ငယ် ကုန် အလွန် သေး ငယ် ကုန် သော ဖြဆို အပ်ကုန်သော ဤသိက္ခာပုဒ်တို့ဖြင့် ဘယ်အကျိုးရှိအံ့နည်း။ ရွတ်ဆိုနေသမျှ ကာလပတ်လုံးလျှင်၊ အပ်–မအပ်၌ ယုံမှားခြင်းငှါ ပင်ပန်း ခြင်းငှါ စိတ်နှလုံး၌ အရေးအကြောင်း ဖြစ်ခြင်းငှါ ဖြစ် ကုန်၏။ ဤသို့ ဆိုငြားအံ့၊ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းကြောင့် ပါစိတ် အာပတ်သင့်၏။

ကဲ့ရဲ့လိုခြင်း၊ပဥ္စင်း၏ အထံ၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်း။အင်္ဂါ၂-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟာန်းတို့ကို အကြောင်းပြု၍၊ ဝိနည်းပညတ်ကို ကဲ့ရဲ့သော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။

---

## (၃) တတိယ

အကြင်ရဟာန်းသည်၊လခွဲတိုင်း ပါတိမောက်ကို ဥပုသ် ပြုခြင်း၏အစွမ်းအားဖြင့်ပြအပ်သည်ရှိသော်ဤသို့ဆိုငြားအံ့၊ ယခုအခါ၌ သာလျှင် ငါသည်သိ၏။ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ်၊ပါတိမောက်၌ အကျုံးဝင်

သတတ်၊ ထခွဲတိုင်း ပြခြင်းသို့ ရောက်သတတ်၊ ဤသို့ ဆိုငြားအံ့၊ ထိုမိုက်ယောင်မှုသော ရဟန်းကို တပါးသော ရဟန်းတို့သည် အကယ်၍ သိကုန်ငြားအံ့၊ အသို့သိကုန်သနည်း၊ ပါတိမောက်ကိုပြအပ်သည်ရှိသော် ဤမိုက်ယောင်မှုသော ရဟန်းသည် နှစ်ကြိမ်, သုံးကြိမ်-ရှေးအခါ ပါတိမောက်ပြရာ အချပ်၌ နေဘူးပြီ။ ဤသို့ အကယ်၍ သိကုန်ငြားအံ့၊ ထိုသို့ သုံးကြိမ် သိပြီး ဖြစ်သောကြောင့် သာလျှင် ထိုမိုက်ယောင်မှုသောရဟန်းအား၊ မိုက်ယောင်မှုကာမျှဖြင့် အာပတ်မှ လွတ်ခြင်းသည်မရှိသည် သာတည်း။ သုံးကြိမ်ထက်အလွန် နေဘူးသည်၏ အဖြစ်၌၊ အာပတ်မှ လွတ်၏ ဆိုဘွယ်သည် အဘယ်မှာရှိအံ့နည်း၊ မရှိသည်သာတည်း။ ထိုမကျင့်အပ်သည်ကို ကျင့်ခြင်းကြောင့်၊ အကြင်အာပတ်သို့သည်းရောက်၏။ ထိုအာပတ်ကိုလည်း ဟုတ်မှန်သော သဘော စေဘနာ သာရဏာဝိနည်းတည်တိုင်း ပြုစေအပ်၏။ ထိုထက်အလွန်လည်း ထိုမိုက်ယောင်မှုသော ရဟန်းအား၊ ငါ့ရှင်- ထိုသင်အား၊ လူ၏အဖြစ်ကို အရမတော်၊ ထိုသင်အား၊ ရဟန်း၏အဖြစ်ကို မကောင်းသဖြင့် ရအပ်၏။ အဘယ်ကြောင့်နည်း၊ အကြင်ကြောင့် သင်သည်- ပါတိမောက်ကို ပြသည်ရှိသော် ကောင်းစွာ အလိုရှိသည်ကို ပြု၍ နှလုံးမသွင်း၊ ထိုကြောင့် ဤသို့ကဲ့ရဲ့၍မိုက်ရာသို့ ဉတ္တိဒုတိယကံဖြင့်တင်အပ်၏၊ မောဟာရောပနကံကို ပြုပြီးသည်ရှိသော် ထိုမိုက်ယောင်မှုသော ရဟန်း၌၊ ပါစိတ်အာပတ်သင့်၏။

မောဟာရောဗနက်ပြုခြင်း၊ မိုက်လိုခြင်း၊ သုံးကြိမ်နာဘူးခြင်း၊ မိုက်ခြင်း။ အင်္ဂါ ၄–ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍၊ မိုက်ယောင်မူသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စတုတ္ထ

အကြင်ရဟန်းသည်၊ တပါးသောရဟန်းအား၊ အမျက်ထွက်သည်ဖြစ်၍၊ နှလုံးမသာသည်ဖြစ်၍၊ ပုတ်ခတ်ခြင်းကို ပေးငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

အမျက်ထွက်ခြင်း၊ လွတ်လိုခြင်း၏ မရှိခြင်း၊ ပဉ္စင်းအား ပုတ်ခတ်ခြင်း။ အင်္ဂါ ၃–ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂိရဟန်းတို့ကို အကြောင်းပြု၍၊ တပါးသောရဟန်းအား၊ ပုတ်ခတ်ခြင်းကို ပြုသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၅) ပဉ္စမ

အကြင်ရဟန်းသည်၊ တပါးသော ရဟန်းအား၊ အမျက်ထွက် သည်ဖြစ်၍၊ နှလုံးမသာသည်ဖြစ်၍၊ လက်ဝါးပြင်ကို မိုးငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ရှေးနည်း အင်္ဂါ ၃–ပါး။

(ဤသိက္ခာပုဒ်ကို တပါးသော ရဟန်းအား၊ လက်ဝါး ဖြက်ကို မိုးသော ဝဂ္ဂုကြောင့် ပညတ်တော် မူအပ်၏။ စတုတ္ထ သိက္ခာပုဒ်နှင့် အလားတူ၏။)

---

## (၆) ဆဋ္ဌမ

အကြင်ရဟန်းသည်၊ တပါးသောရဟန်းအား၊ မြင်ခြင်း ကြားခြင်း- ရွံ့ရှာခြင်း အရင်းမရှိသော သံဃာဒိသိသ် အာပတ်ဖြင့် စွပ်စွဲနှိပ်စက်ဖျက်ဆီး စောဒနာပြုအံ့၊ ပါစိတ် အာပတ်သင့်၏။

ပဋ္ဌင်း၏အဖြစ်၊ သံဃာဒိသိသ် အမူလကအဖြစ်၊ စောဒနာခြင်း၊ ထို ခဏာ၌သိခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဋ္ဌဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ မြင်ခြင်း ကြားခြင်း၊ ရွံ့ရှာခြင်း အရင်းမရှိ သော သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲသော ဝဂ္ဂုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၇) သတ္တမ

အကြင်ရဟန်းသည်၊ တပါးသော ရဟန်းအား၊ မချမ်း သာ စေလိုသောစေတနာရှိသည်ဖြစ်၍၊ အလို့ထို့ကိုဖြစ်စေ ပြုအံ့၊ ဤသို့ ဖြစ်စေခြင်းဖြင့်၊ ထိုရဟန်းအား၊ တခဏမျှ လည်း မချမ်းသာသည် ဖြစ်လတ္တံ့။ ဤသို့သော အလိုဖြင့် ထို မချမ်းသာစေလိုခြင်းကို သာလျှင် အကြောင်းပြု၍

အကြောင်းတပါးမရှိဘဲ အလိုလိုကိုဖြစ်စေငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

ပဉ္စင်း၏အဖြစ်၊ မချမ်းသာစေလိုခြင်း၊ ကုက္ကုစ္စကို ဖြစ်စေခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ ယုံမှားခြင်းကို ဖြစ်စေသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၈) အဋ္ဌမ

အကြင်ရဟန်းသည်၊ ဖြစ်သော တိုးတိုးတိုင်ပင်ခြင်း ရှိကုန်သော၊ ဖြစ်သော ခိုက်ရန်ရှိကုန်သော၊ ငြင်းခုံခြင်းသို့ ရောက်ကုန်သော ရဟန်းတို့၏ ထိုသူတို့ စကားကို ကြား ကောင်းသော အရပ်၌ ရပ်ငြားအံ့၊ အကြင်စကားကို ဤ ရဟန်းတို့သည် ဆိုကုန်လတ္တံ့၊ ထိုစကားကို နားထောင်အံ့၊ ဤသို့နှလုံးသွင်း၍ ထိုရဟန်းတို့ တိုင်ပင်သော စကားကို ကြားလိုခြင်းကို သာလျှင် အကြောင်းပြု၍၊ အကြောင်း တပါးမရှိဘဲ ရပ်တည်ငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ပဉ္စင်း၏အဖြစ်၊ စောဒနာလိုခြင်း၊ နားထောင်ခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ ငြင်းခုံဘက် ဖြစ်သော ရဟန်း၏ တိုးတိုး တိုင်ပင်သော စကား အသံ၏ အနီး၌ တည်သော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

## (၉) နဝမ

အကြင်ရဟန်းသည်၊ ဟုတ်မှန်သော သဘော စေတနာ သာရဏာဝိနည်း ဉတ်ကမ္မဝါစာဖြင့် ပြုအပ် ကုန်သော အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံတို့အား ဆန္ဒကိုပေးပြီး၍၊ နောက်မှ ရှုတ်ချခြင်းသဘောသို့ ရောက်ငြားအံ့။ ပါစိတ်အာပတ်သင့်၏။

ဓမ္မကံ၊ ဓမ္မကံဟု အမှတ်ရှိခြင်း၊ ဆန္ဒပေးပြီးလျက် ရှုတ်ချခြင်း၊ အင်္ဂါ ၃—ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်း တို့ကို အကြောင်းပြု၍၊ ကဲ့ရဲ့ခြင်းသို့ ရောက်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၀) ဒသမ

အကြင်ရဟန်းသည်၊ သံဃာ၌ အဆုံးအဖြတ် စကား သည် ဖြစ်ဆဲဖြစ်လတ်သော်၊ ဆန္ဒကိုမပေးမူ၍ နေရာမှထ၍ ဖဲငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

အဆုံးအဖြတ်ဖြစ်ဆဲ၊ ဓမ္မကံ၊ ဓမ္မကံဟုအမှတ်ရှိခြင်း၊ သမာနသံဝါသက သိမ်၌တည်ခြင်း၊ သမာနသံဝါသကအဖြစ်၊ ပျက်စေ လိုသဖြင့် ဟတ္ထပါသ်ကိုစွန့်ခြင်း၊ အင်္ဂါ ၆—ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ အမှတ် မရှိသော ရဟန်းကို အကြောင်းပြု၍၊ ဆန္ဒကိုမပေးဘဲ၊ ဖဲသွားသော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၁၁) ဧကာဒသမ

အကြင်ရဟန်းသည်၊ ညီညွတ်သော သံဃာနှင့် တကွ သင်္ကန်းပေးပြီး၍နောက်၌ ရဟန်းတို့သည် အကြင်အကြင် ချစ်ကျွမ်းဝင်သဖြင့် ချီးမွမ်းအပ်သော သူအား သံဃာ၏ ဥစ္စာဖြစ်သော လာဘ်ကိုညွတ်စေကုန်၏။ ဤသို့ရှုတ်ချခြင်း သဘောသို့ ရောက်ငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

ပဋ္ဌင်း၏အဖြစ်၊ မမွက်ဖြင့်ရအပ်သော သမ္မုတိရှိခြင်း၊ သံဃာနှင့် တကွ ဝိကပ္ပနာလောက်သော သင်္ကန်းကိုပေးခြင်း၊ ရှုတ်ချခြင်း။ အင်္ဂါ ၄-ပါး။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ သင်္ကန်းကို ပေးပြီး၍၊ နောက်မှကဲ့ရဲ့သော ဝတ္ထုကြောင့်ပညတ်တော်မူအပ်၏။)

---

## (၁၂) ဒွါဒသမ

အကြင်ရဟန်းသည်၊ သိလျက်ကိုယ်နှုတ်ဖြင့် သံဃာသို့ ညွတ်လေပြီးသော သံဃာ၏ ဥစ္စာဖြစ်သော လာဘ်ကို ပုဂ္ဂိုလ်အား ညွတ်စေငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

သံဃာ၌ညွတ်ပြီးသည်၏အဖြစ်၊ ထိုလာဘ်ကိုသိလျက် ပုဂ္ဂိုလ်သို့ ညွတ်စေခြင်း၊ ရခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သံဃာသို့ ညွတ်လေပြီးသော လာဘ်ကို ပုဂ္ဂိုလ်သို့ ညွတ်စေသောကြောင့် ပညတ်တော်မူအပ်၏။)

သဟဓမ္မိကဝဂ်ပြီး၏။

## ရတနဝဂ်

### (၁) ပဌမ

အကြင်ရဟန်းသည်၊ မင်းမျိုးဖြစ်သော ထိပ်၌သွန်းအပ်သော အဘိသိက် ရှိသောမင်း၏ မထွက်သေးသောမင်း ရှိသော မထွက်သော မိဖုရားရတနာ ရှိသော အိပ်ရာ တိုက်ခန်း၌ ရှေး၌ မိမိလာသော အဖြစ်ကို မပန်ကြားဘဲ တံခါးခုံကို လွန်ငြားအံ့၊ ပါစိတ်အာပတ်သင့်၏။

မင်း၏အဖြစ်၊ အဘိသိက်သွန်းခြင်း၊ မင်းမိဖုရားတိုက်ခန်းမှ မထွက်ခြင်း၊ မပန်ကြားခြင်း၊ တံခါးခုံကိုလွန်ခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ နည်းသော သက်တော်ရှိသော ရှင်အာနန္ဒာ ထေရ်ကို အကြောင်း ပြု၍၊ ပသေနဒီကောသလ မင်း၏ အိမ်တော်တွင်းသို့ ဝင်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

### (၂) ဒုတိယ

အကြင်ရဟန်းသည်၊ ရတနာဆယ်ပါးကိုရင်း၊ ရတနာဟု သမုတ်အပ်သော အသုံးအဆောင်ကိုရင်း၊ အရံတွင်းကိုရင်း၊ တည်းခိုရာ အိမ်,စရပ်တွင်းကိုရင်း ကြည့်ထား၍၊ မိမိ မူလည်း ကောက်ယူငြားအံ့၊ သူတပါး ကိုမူလည်း ကောက်ယူစေငြားအံ့၊ ပါစိတ်အာပတ် သင့်၏။

ခွင့်ပြုခြင်း၏မရှိခြင်း၊ သူတပါး ဥစ္စာ၏အဖြစ်၊ ဝိဿာသ ဂါဟ မဲ့သုကူဟူသော အမှတ်၏မရှိခြင်း၊ ကောက်ခြင်း၊ကောက်စေခြင်း။ အင်္ဂါ ၄-ပါး။

( ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ အဓုတ် မရှိသော ရဟန်းကို အကြောင်းပြု၍၊ ရတနာကို သိမ်းသော ဝတ္ထု ကြောင့် ပညတ်တော်မူအပ်၏။)

---

## (၃) တတိယ

အကြင် ရဟန်းသည်၊ ထိုသို့သဘောရှိသော အသော တလျှင်ရှောင်တခင်ပြုအပ်သောပြုဘွယ်ကိစ္စကိုကြည့်ထား၍ ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍၊ ဝါ၊ (ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ) ဟု မပန်ကြားမူ၍၊ နေလွဲသော အခါ၌ ရွာသို့ဝင်ငြားအံ့၊ ပါစိတ် အာပတ်သင့်၏။

ထင်ရှားရှိသော ရဟန်းကို မပန်ကြားခြင်း၊ ခွင့်ပြုခြင်း၏ အကြောင်း မရှိခြင်း၊ နေလွဲသောအခါရွာဝင်ခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ နေလွဲသောကာလ၌ ရွာတွင်းသို့ဝင်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စတုတ္ထ

အကြင် ရဟန်း သည်၊ အရိုးဖြင့် ပြီး သည် လည်း ဖြစ်သော ဆင်စွယ်ဖြင့်ပြီးသည်လည်းဖြစ်သော၊သားချိုဖြင့် ပြီးသည်လည်းဖြစ်သော အပ်ကျည်ကို ပြုစေငြားအံ့၊ပါစိတ် အာပတ်သင့်၏။

အပ်ကျည်၏အဖြစ်၊ အရိုးစသည်အဖြစ်၊ မိမိအကျိုးငှါပြု၍ရင်း၊ပြုစေ၍ရင်း ရခြင်း။ အင်္ဂါ ၃-ပါး။

(ဤသိက္ခာပုဒ်ကို သက္ကတိုင်းတို့၌၊ များစွာကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ များစွာကုန်သော အပ်ကျည်တို့ကို တောင်းသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၅) ပဉ္စမ

သစ်သားဖြစ်သော ညောင်စောင်းကိုရင်း၊ အင်း ပျဉ်ကိုရင်း ပြုလုပ်လိုသော ရဟန်းသည်၊ အပေါင်၏ အထက် အရင်ကို ကြည့်ထား၍၊ မြတ်စွာဘုရား လက်သစ်တော်ဖြင့် လက်ရှစ်သစ် အခြေရှိသော ညောင်စောင်း အင်းပျဉ်ကို ပြုအပ်၏။ ထိုအခြေ တတောင့်ထွာ ပမာဏကို လွန်သော ရဟန်းအား၊ အခြေကို ဖြတ်ခြင်း ဝိနည်းကံ ရှေးရှိသော ပါစိတ် အာပတ်သင့်၏။

ပမာဏကိုလွန်သော ညောင်စောင်း၊ အင်းပျဉ်၊ မိမိအကျိုးငှါပြု၍၊ ပြုစေ၍ရခြင်း။ အင်္ဂါ ၂-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ရှင်ဥပနန္ဒကို အကြောင်း ပြု၍၊ မြင့်သော ညောင်စောင်း၌ အိပ်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၆) ဆဋ္ဌမ

အကြင် ရဟန်းသည်၊ လဲကို အောက်အထက် ပုဆိုး ကြွက်၍ ဖွဲ့ရှက်ခြေ့ရစ်ရာဖြစ်သော ညောင်စောင်းကိုရင်း၊ အင်းပျဉ်ကိုရင်း ပြုစေ ငြားအံ့၊ ထိုရဟန်း အား၊ လဲကို ထုတ်ခြင်း ဝိနည်းကံ ရှေးရှိသောပါစိတ်အာပတ် သင့်၏။

လဲဖြင့်ဖွဲ့အပ်သောအဖြစ်၊ မိမိအကျိုးငှါပြု၍, ပြုစေ၍ရခြင်း။ အင်္ဂါ ၂-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍၊ လဲမွှေးရှက်သော ညောင်စောင်း အင်းပျဉ်ကို ပြုသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၇) သတ္တမ

နိသီဒိုင်အခင်းကို ပြုလိုသော ရဟန်းသည်၊ ပမာဏနှင့် ယှဉ်သော နိသီဒိုင် အခင်း ကို ပြုအပ်၏။ ထိုနိသီဒိုင်၌ ဤသို့လက္ခဏာသည်ကား၊ အတိုင်းအရှည်တည်း၊ အလျားမှ မြတ်စွာဘုရားလက်သန်းအထွာတော်ဖြင့်နှစ်ထွာတို့တည်း၊ အနံကား — တထွာခွဲတည်း၊ အဆာကား တထွာတည်း။ ထိုပမာဏကို လွန်သော ရဟန်းအား၊ ဖြတ်ခြင်း ဝိနည်းကံ ရှေးရှိသော ပါစိတ် အာပတ်သင့်၏။

နိသီဒိုင်ပမာဏကိုလွန်ခြင်း၊ မိမိအကျိုးငှါပြု၍, ပြုစေ၍ရခြင်း။ အင်္ဂါ ၂-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်း ပြု၍၊ ပမာဏ မရှိကုန်သော နိသီဒိုင် တို့ကို ဆောင်သောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၈) အဋ္ဌမ

အမာလွှမ်း သင်္ကန်းကို ပြုလုပ်လိုသော ရဟန်းသည်၊ ပမာဏနှင့်ယှဉ်သော အမာလွှမ်းသင်္ကန်းကိုပြုလုပ်အပ်၏။

ထိုအမာလွှမ်း သက်နှ်း၌ ဤသည်ကား ပမာဏတည်း။ အလျားမှ မြတ်စွာဘုရား လက်သန်း အထွာ တော် ဖြင့် လေးထွာတို့ဘည်း။ အနံကား-နှစ်ထွာတို့တည်း။ ထိုပမာဏ ထက် လွန်သော ရဟန်းအား၊ ဖြတ်ခြင်း ဝိနည်းကံရှေး ရှိသော ပါစိတ် အာပတ် သင့်၏။ အမာလွှမ်း သက်နှ်းကို ပြုလုပ်လိုသော ရဟန်းသည်၊ ပမာဏနှင့်ယှဉ်သော အမာ လွှမ်းသက်နှ်းကို ပြုလုပ်အပ်၏။ ထိုအမာလွှမ်း သက်နှ်း၌ ဤသည်ကား ပမာဏတည်း။ အလျားမှ မြတ်စွာဘုရား လက်သန်း အထွာတော်ဖြင့် လေးထွာတို့တည်း။ အနံကား နှစ်ထွာတို့တည်း။ ထိုပမာဏထက် လွန်သော ရဟန်းအား ဖြတ်ခြင်း ဝိနည်းကံ ရှေးရှိသော ပါစိတ် အာပတ်သင့်၏။

အမာလွှမ်း သက်နှ်းပမာဏကိုလွန်ခြင်း၊ မိမိအကျိုးငှါပြု၍, ပြုစေ၍ ရခြင်း။ အင်္ဂါ ၂—ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို ပမာဏ မရှိကုန်သော အမာလွှမ်း သက်နှ်းတို့ကို ဆောင်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၉) နဝမ

မိုးရေခံသက်နှ်းကို ပြုလိုသောရဟန်းသည်၊ပမာဏ နှင့် ယှဉ်သော မိုးရေခံ သက်နှ်းကို ပြုလုပ်အပ်၏။ ထို မိုးရေခံ သက်နှ်း၌ ဤ သည် ကား ပမာဏတည်း။ အလျားမှ မြတ်စွာဘုရား လက်သန်း အထွာ တော် ဖြင့် ခြောက်ထွာတို့ ဘည်း၊အနံကား နှစ်ထွာခွဲတည်း၊ထိုပမာဏ

ကိုလွန်သော ရဟန်းအား၊ ဖြတ်ခြင်း ဝိနည်းကံ ရှေး၌ရှိသော ပါစိတ် အာပတ်သင့်၏။

အင်္ဂါ ၂–ပါး၊ ရှေးနည်း။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ဆဗ္ဗဂ္ဂီရဟန်းတို့သည်၊ ပမာဏ မရှိကုန်သော မိုယ်းရေခံ သက်နုးတို့ကို ဆောင် သောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၁၀) နန္ဒ

အကြင် ရဟန်းသည်၊ မြတ်စွာဘုရား သင်္ကန်းတော်မျှ လောက် ပမာဏရှိသော သင်္ကန်းတော်ကိုဂင်း၊ မြတ်စွာ ဘုရား သင်္ကန်းတော် ပမာဏထက် လွန်သော သင်္ကန်း တော်ကိုဂင်း ပြုစေငြားအံ့၊ ထို ရဟန်း အား ဖြတ်ခြင်း ဝိနည်းကံ ရှေး၌ရှိသော ပါစိတ် အာပတ်သင့်၏။

ထိုစကား၌ ဤဆိုလတ္တံ့သည်ကား၊ မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏတည်း။ အလျား၌ မြတ်စွာဘုရား လက်သန်း အထွာတော်ဖြင့် ကိုးထွာတို့တည်း။ အနံကား ခြောက်ထွာတို့တည်း။ ဤအလျား အတောင် နှစ်ဆယ်– သက် ခြောက် သစ်၊ အနံ တဆဲ့ သုံးတောင်ထွာ အတိုင်း အရှည်သည်၊မြတ်စွာဘုရား၏သင်္ကန်းတော်ပမာဏတည်း။

အင်္ဂါ ၂–ပါး၊ ရှေးနည်း။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ရှည်သောသက်တော် ရှိသောရှင်ဥပနန္ဒကို အကြောင်းပြု၍၊ မြတ်စွာဘုရားသင်္ကန်း

တော် အတိုင်းအရှည်ရှိသော သက်န်းကို ဆောင်သော ဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

ရတနဝဂ် ပြီး၏။

သုဒ္ဓပါစိတ် ၉၂-ပြီး၏။

---

ပါဋိဒေသနီယလေးပါးပြခြင်း

(၁) ပဌမ

အကြင်ရဟန်းသည်၊ ရွာတွင်းသို့ဝင်သော အမျိုးမတော်သော ရဟန်းမိန်းမ၏လက်မှ ခဲဘွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ မိမိလက်ဖြင့် ခံ၍ ခဲမူသည်း ခဲငြားအံ့၊ စားမူသည်း စားငြားအံ့၊ ထို ရဟန်း သည်၊ ငါ့ရှင်တို့-ကဲ့ရဲ့အပ်သော မလျောက်ပတ်သော ပါဋိဒေသနီအမည်ရှိသောအာပတ်သို့ ငါရောက်ပြီ၊ ထိုပါဋိဒေသနီအာပတ်ကို ကြားပါ၏။ ဤသို့ ကြားအပ်၏။

ပြည့်စုံသော ပဉ္စင်းအဖြစ်ရှိခြင်း၊ အမျိုးမစပ်ခြင်း၊ ရွာတွင်း၌တည်သော ဘိက္ခုနီမ၏-လက်မှ-မိမိလက်ဖြင့်ခံခြင်း၊ ယာဝကာလိက အဖြစ်ရှိခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ အမှတ် မရှိသော ရဟန်းကို အကြောင်းပြု၍၊ ရွာတွင်းသို့ဝင်သော အမျိုး မတော်သော ရဟန်း မိန်းမ၏ လက်မှ အာမိသ (ခဲဘွယ် စားဘွယ်) ခံသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၂) ဒုတိယ

ရဟန်းဘို့သည်သာလျှင်၊ဓမ္မတို့၌ တိတ်အပ်ကုန်သည်ဖြစ်၍ ဆွမ်းစား ကုန်၏။ ထို ဆွမ်း စား ရာ၌ ဤရဟန်းမိန်းမသည်၊ ဤရဟန်း၏ သပိတ်၌ ဟင်းကို လှူကုန်လော့၊ ဆွမ်းကို လှူကုန်လော့၊ ဤသို့ စီရင်သော သဘောရှိသည် အကြယ်၍ ဖြစ်ငြားအံ့၊ ထိုရဟန်းဘို့သည်ထိုရဟန်းမိန်းမကို နှိမ-အကြင်မျှလောက် ကာလပတ်လုံး ရဟန်းတို့သည် ဆွမ်းစားကုန်၏။ ထိုမျှလောက် ကာလပတ်လုံး ဘဲခွါ ဆုတ်ရှားသွားလေဦး၊ ဤသို့မောင်းမဲအပ်၏။ တယောက်သော ရဟန်းမျှသည်လည်း ထိုရဟန်းမိန်းမကို မောင်းမဲခြင်းငှါ၊ နှိမ-အကြင်မျှလောက် ကာလပတ်လုံး၊ ရဟန်းတို့သည် ဆွမ်းစားကုန်၏။ ထိုမျှလောက် ကာလပတ်လုံး ဘဲခွါဆုတ်ရှားသွားလေဦး။ ဤသို့အကယ်၍ မဆိုငြားအံ့၊ ထိုရဟန်းတို့သည်၊ ငါ့ရှင်တို့-ကဲ့ရဲ့အပ်သော, မလျောက်ပတ်သော ပါဋိဒေသနီမည်သောအာပတ်သို့ ငါတို့ရောက်ချေကုန်ပြီ။ ထိုပါဋိဒေသနီအာပတ်ကို ငါတို့ ကြားကုန်၏။ ဤသို့ကြားအပ်၏။

ပြည့်စုံသော ပဋ္ဌင်း၏အဖြစ်၊ ဘောဇဉ် ငါးပါးအဖြစ်၊ ရွာတွင်း၌ခွင့်ပြုအပ်သော အပြားမှ တပါးသော အပြားဖြင့်စီရင်ခြင်း၊ မမြစ်ခြင်း၊ မျိုခြင်း။ အင်္ဂါ ၅-ပါး။

(ဤသိက္ခာပုဒ်ကို ရာဇဂြိုဟ်ပြည်၌၊ဆဗ္ဗဂ္ဂီ ရဟန်းဘို့ကို အကြောင်းပြု၍၊ ရဟန်းမိန်းမသည် စီရင်သည်ကို မတားမြစ်သောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

## (၃) တတိယ

ဉတ္တိဒုတိယ-ကံဖြင့်၊ သေက္ခဟုသမုတ်အပ်ကုန်သော၊ အကြင်သဒ္ဓါပွါး၍ ဥစ္စာနဲ့ပါးသော အမျိုးတို့သည်ရှိကုန်၏။ အကြင်ရဟန်းသည်၊ ထိုသို့သဘောရှိကုန်သော သေက္ခဟု သမုတ်အပ်ကုန်သော အမျိုးတို့၌ အိမ်၏ ဥပစာသို့ မသက်မီ ရှေးအတို့၌ မဘိတ်ဘဲ မနာဘဲ ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ မိမိလက်ဖြင့်ခံ၍၊ ခဲမူလည်းခဲငြားအံ့၊ စားမူလည်းစားငြားအံ့၊ ထိုရဟန်းသည် ငါ့ရှင်တို့-ကဲ့ရဲ့အပ်သော မလျောက်ပတ်သော ပါဋိဒေသနီ အမည်ရှိသော အာပတ်သို့ ရောက်ပြီ၊ ထိုပါဋိဒေသနီအာပတ်ကို ငါကြားပါ၏။ ဤသို့ကြားအပ်၏။

သေက္ခဟုသမုတ်ခြင်း၊ ရှေး၌မဘိတ်ခြင်း၊ မနာခြင်း၊ အိမ်၏ဥပစာသို့သက်ခြင်း၊ နိစ္စဘတ်စသည်ကိုထား၍တပါးသော အာမိသကိုစားခြင်း။ အင်္ဂါ ၅=ပါး။

(ဤသိက္ခာပုဒ်ကို သာဝတ္ထိပြည်၌၊ များစွာကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ အတိုင်းအရှည်ကို မသိမှု၌ ခံသောဝတ္ထုကြောင့် ပညတ်တော်မူအပ်၏။)

---

## (၄) စတုတ္ထ

တော၌ဖြစ်ကုန်သော၊ ဘေးတောဘွယ်ရှိ၏ဟူ၍သမုတ် အပ်ကုန်သော၊ ဘေးဘျမ်းနှင့်တကွဖြစ်ကုန်သော အကြင် ကျောင်းတို့သည် ရှိကုန်၏။ အကြင်ရဟန်းသည်၊ ထိုသို့ သဘောရှိကုန်သောကျောင်းတို့၌၊ မခံမီရှေး၌၊ ရွံရှာဘွယ်

ဘေးရှိသည်ကိုမကြားဘဲ၊ခဲတွယ်ကိုရင်း၊ ဘောဇဉ်ကိုရင်း၊ အရံတွင်း၌ မိမိလက်ဖြင့် ခံယူ၍၊ မနာဘဲ-ခဲမှုထည်း ခဲငြားအံ့၊ စားမှုထည်းစားငြားအံ့၊ထိုရဟန်းသည်၊ငါ့ရှင်တို့ ကဲ့ရဲ့အပ်သော မလျောက်ပတ်သော ပါဋိဒေသနီအမည် ရှိသော အာပတ်သို့ ငါတို့ရောက်ပြီ။ ထိုပါဋိ ဒေသနီ အာပတ်ကိုကြားပါ၏။ ဤသို့ကြားအပ်၏။

တောကျောင်း၏အဖြစ်၊ ယာဝကာလိက၏ ထိုအရံ၌မရောက်ခြင်း၊ သူနာ၏အကြွင်းမဟုတ်ခြင်း၊ ဘေးရှိသည်ကိုမကြားခြင်း၊ အရံတွင်း၌ ခံခြင်း၊ မျိုခြင်း၊ အင်္ဂါ ၄-ပါး။

ဤသိက္ခာပုဒ်ကို သက္ကတိုင်းတို့၌၊ များစွာကုန်သော ရဟန်းတို့ကို အကြောင်းပြု၍၊ အရံတွင်း၌ နေကုန်သော ခိုးသူတို့ကို မကြားသော ဝတ္ထုကြောင့် ပညတ်တော် မူအပ်၏။)

ပါဋိဒေသနီလေးပါးပြီး၏။

---

ဆေခိယ ၇၅-ပါးပြခြင်း

ပရိမဏ္ဍလဝဂ်

(၁) ထက်ဝန်းကျင်မှ ညီညွတ်စွာ၊သင်းပိုင်ကိုဝတ်အံ့။ ။ဤသို့ သင်ခြင်း- ကျင့်ခြင်း- အားထုတ်ခြင်းကို ပြုအပ်၏။

(၂) ထက်ဝန်းကျင်မှ ညီညွတ်စွာ၊ကိုယ်ဝတ်သင်္ကန်းကို ငါရုံအံ့။

(၃) လည်,လက်ကောက်ဝတ် တို့ကို၊ ကောင်းစွာ ဖုံး လွှမ်းလျက်၊ ရွာတွင်း၌ သွားအံ့။
(၄) လည်,လက်ကောက်ဝတ်တို့ကို၊ ကောင်းစွာ ဖုံး လွှမ်းလျက်၊ ရွာတွင်း၌နေထိုင်အံ့။
(၅) လက်ခြေကို မကစားဘဲ ကောင်းစွာ ကိုယ်နှုတ်ကို စောင့်စည်းလျက်-ရွာတွင်း၌ သွားအံ့။
(၆) လက်ခြေကို မကစားဘဲ ကောင်းစွာ ကိုယ်နှုတ်ကို စောင့်စည်းလျက်-ရွာတွင်း၌ နေထိုင်အံ့။
(၇) လေးတောင်ခန့်မျှ ကြည့်သဖြင့်၊ ချအပ်သော မျက်လွှာရှိသည်ဖြစ်၍၊ ရွာတွင်း၌ သွားအံ့။
(၈) လေးတောင်ခန့်မျှ ကြည့်သဖြင့်၊ ချအပ်သော မျက်လွှာရှိသည်ဖြစ်၍၊ ရွာတွင်း၌နေထိုင်အံ့။
(၉) သင်္ကန်းကိုပင့်လျက်၊ ရွာတွင်း၌ မသွားအံ့။
(၁၀) သင်္ကန်းကိုပင့်လျက်၊ ရွာတွင်း၌နေထိုင်အံ့။ ဤသို့ သင်ခြင်း-ကျင့်ခြင်း-အားထုတ်ခြင်းကို ပြုအပ်၏။

မရိုသေခြင်း၊ အာပတ်မသင့်ခြင်း၏အကြောင်း၊ မရှိခြင်း၊ မညီမညွတ် ဝတ်ခြင်း။ အင်္ဂါ ၃-ပါး။

ပရိမဏ္ဍလဝဂ်ပြီး၏။

---

## ဥဇ္ဇဂ္ဃိကဝဂ်

(၁) ပြင်းစွာရယ်လျက်၊ရွာတွင်း၌ မသွားအံ့။ ။ဤသို့ သင်ခြင်း-ကျင့်ခြင်း-အားထုတ်ခြင်းကိုပြုအပ်၏။

(၂) ဖြင်းစွာရယ်လျက်၊ ရွာတွင်း၌ မနေထိုင်အံ့။
(၃) ငယ်သောအသံရှိ သည်ဖြစ်၍၊ရွာတွင်း၌သွားအံ့။
(၄) ငယ်သော အသံရှိ သည်ဖြစ်၍၊ ရွာတွင်း၌နေထိုင်အံ့၊
(၅) ကိုယ်ကို လှုပ်၍လှုပ်၍ ရွာတွင်း၌ မသွားအံ့။
(၆) ကိုယ်ကို လှုပ်၍-လှုပ်၍ ရွာတွင်း၌မနေထိုင်အံ့။
(၇) လက်ရုံးကို လှုပ်၍လှုပ်၍၊ ရွာတွင်း၌ မသွားအံ့။
(၈) လက်ရုံးကို လှုပ်၍လှုပ်၍၊ ရွာတွင်း၌မနေထိုင်အံ့။
(၉) ဦးခေါင်းကို လှုပ်၍လှုပ်၍၊ ရွာတွင်း၌မသွားအံ့။
(၁၀) ဦးခေါင်းကို လှုပ်၍လှုပ်၍၊ ရွာတွင်း၌ မနေထိုင်အံ့။ ။ဤသို့ သင်ခြင်း- ကျင့်ခြင်း- အားထုတ်ခြင်းကိုပြုအပ်၏။

ဉဇ္ဇဂ္ဃိ ဘဏဝါရပြီး၏။

---

## ခမ္ဘကတဝဂ်

(၁) ခါးကိုထောက်လျက်၊ရွာတွင်း၌မသွားအံ့၊ ဤသို့ သင်ခြင်း-ကျင့်ခြင်း-အားထုတ်ခြင်းကိုပြုအပ်၏။
(၂) ခါးကို ထောက်လျက်၊ ရွာတွင်း၌ မနေထိုင်အံ့။
(၃) ဦးခေါင်းကိုခြုံလျက်၊ ရွာတွင်း၌မသွားအံ့
(၄) ဦးခေါင်းကို ခြုံလျက်၊ ရွာတွင်း၌ မနေထိုင်အံ့။
(၅) ဘဝါး စွန်နင်းလျက်၊ ရွာတွင်း၌ မသွားအံ့။

(၆) လက်အားသယော ဂပတ် အ:ဝတ်အာသယော ဂပတ် ဖွဲ့လျက်၊ ရွာတွင်း၌မနေထိုင်အံ့။
(၇) ရိုသေစွာဆွမ်းကိုခံအံ့။
(၈) သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကိုခံအံ့။
(၉) ဆွမ်း၏လေးဘို့တဘို့ ပဲနောက်ဟင်း စသည်နှင့် အမျှ ဆွမ်းကိုခံအံ့။
(၁၀) သပိတ်အတွင်း အနားရေးနှင့်အမျှ ဆွမ်းကိုခံအံ့။ ဤသို့ သင်ခြင်း- ကျင့်ခြင်း- အားထုတ်ခြင်းကို ပြုအပ်၏။

ခဏ္ဍကတဝဂ်ပြီး၏။

---

## သတ္တဗ္ဗဝဂ်

(၁) ရိုသေစွာ ဆွမ်းကိုစားအံ့။ ။ဤသို့ သင်ခြင်း- ကျင့်ခြင်း-အားထုတ်ခြင်းကို ပြုအပ်၏။
(၂) သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကို စားအံ့။
(၃) အစဉ်အတိုင်း ဆွမ်းကိုစားအံ့။
(၄) ဆွမ်း၏ လေးဘို့တဘို့ ပဲနောက်ဟင်းစသည်နှင့် အမျှ ဆွမ်းကိုစားအံ့။
(၅) ဆွမ်းဦး၌ နှိပ်၍ ဆွမ်းကိုမစားအံ့။
(၆) ဟင်းကိုလည်း၊ စားမဲဟင်းလျာကိုလည်း၊ များသည်ကို အလိုရှိသည်၏ အဖြစ်ကိုစွဲ၍ ဆွမ်းဖြင့် မဖုံးလွှမ်းအံ့။

(၇) ဟင်းကိုရင်း၊ ဆွမ်းကိုရင်း မနှာမဖျားဘဲ၊ မိမိ အကျိုးငှါ တောင်း၍မစားအံ့။
(၈) ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍၊ သူတပါး၏ သပိတ်ကို မကြည့်အံ့။
(၉) အလွန်ကြီးသော ဆွမ်းလုပ်ကို မပြုအံ့။
(၁၀) အဝန်းညီစွာဆွမ်းလုပ်ကိုပြုအံ့။ ။ဤသို့-သင်ခြင်း ကျင့်ခြင်း-အားထုတ်ခြင်းကို ပြုအပ်၏။

သဏ္ဍာဝဂ် ပြီး၏။

---

## ကဗဠဝဂ်

(၁) ဆွမ်းလုပ်သည် ခံတွင်းဝသို့မရောက်မီ ခံတွင်း ကို မဖွင့်အံ့။ ။ဤသို့- သင်ခြင်း- ကျင့်ခြင်း- အားထုတ်ခြင်းကို ပြုအပ်၏။
(၂) ဆွမ်းစားသော ငါသည်၊ အလုံးစုံသော လက်ကို ခံတွင်း၌ မထည့်အံ့။
(၃) ဆွမ်းလုပ်နှင့် တကွသော ခံတွင်းဖြင့် စကား မဆိုအံ့။
(၄) ဆွမ်းလုပ်ကို မြှောက်၍မစားအံ့။
(၅) ဆွမ်းလုပ်ကို ကိုက်ဖြတ်၍ မစားအံ့။
(၆) ပျောက်ကဲ့သို့ ပါးစောင်၌ထား၍ မစားအံ့။
(၇) လက်ကိုခါ၍ မစားအံ့။
(၈) ဆွမ်းလုံးကိုကျဲ၍ မစားအံ့။

(၉) လျှာကိုထုတ်၍ မစားအံ့။

(၁၀) စပ်စပ်အသံကိုပြု၍ မစားအံ့။ ။ဤသို့ သင်ခြင်း၊ ကျင့်ခြင်း-အားထုတ်ခြင်းကို ပြုအပ်၏။

ကဗဠဝဂ်ပြီး၏။

---

## သုရုသုရုဝဂ်

(၁) ရှုပ်ရှုပ် အသံကိုပြု၍ မစားအံ့။ ။ဤသို့သင်ခြင်း ကျင့်ခြင်း-အားထုတ်ခြင်းကို ပြုအပ်၏။

(၂) လက်ကိုလျက်၍ မစားအံ့။

(၃) သပိတ်ကိုခြစ်၍ မစားအံ့။

(၄) နှုတ်ခမ်းကိုလျက်၍ မစားအံ့။

(၅) ဆွမ်းစသော အာမိသနှင့်တကွသော လက်ဖြင့် သောက်ရေခွက်ကို မကိုင်အံ့။

(၆) ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို ရွာတွင်း၌မစွန့်အံ့။

(၇) ထီး-လက်၌ရှိသော မနာမဖျားသော သူအား တရားကိုမဟောအံ့။

(၈) တုတ်တောင်ဝှေးလက်၌ရှိသော မနာမဖျားသော သူအား တရားကို မဟောအံ့။

(၉) ဓားလက်၌ ရှိသော မနာမဖျားသော သူအား တရားကိုမဟောအံ့။

(၁၀) လေး-လက်၌ရှိသော မနာ မဖျားသော သူအား တရားကိုမဟောအပ်။ ။ဤသို့သင်ခြင်း-ကျင့်ခြင်း-အားထုတ်ခြင်းကို ပြုအပ်၏။

(ဤ-၇၅-ပါးသော၊ သေခိယ-သိက္ခာပုဒ်တို့ကို၊ ပညတ်ရာ၌။ ။ သုရုသုရုကာရက၊ ရှပ်ရှပ်အသံကိုပြု၍၊ ဆွမ်းစားသောသိက္ခာပုဒ်ကို၊ ကောသမ္ဗီပြည်၌။ ဆွမ်း စသော အာမိသနှင့်တကွသော-လက်ဖြင့်၊ သောက်ရေခွက်ကိုကိုင်သော သိက္ခာပုဒ်ရင်း၊ ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို၊ ရွာတွင်း၌သွန်သော သိက္ခာပုဒ်၊ ဤနှစ်ပါးရုံသောသိက္ခာပုဒ်ကို၊ဘဂ္ဂတိုင်းတို့၌များ စွာကုန်သောရဟန်းတို့ကိုအကြောင်းပြု၍ ပညတ်တော်မူ၏။ ထို-သိက္ခာပုဒ်သုံးပါးမှ- ကြွင်းကုန်သော၊ သိက္ခာပုဒ်-၇၂-ပါး တို့ကို၊ သာဝတ္ထိပြည်၌၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို၊ အကြောင်းပြု၍၊တွဲလဲချ၍-ဝတ်ခြင်းစသော ဝတ္ထုကြောင့် ပညတ်အပ်ကုန်၏။)

သုရုသုရုဝဂ်ပြီး၏။

---

## ပါဒုကဝဂ်

(၁) ခြေနင်း စီးသော မနာ မဖျားသော သူအား၊ တရားကိုမဟောအပ်။ ။ဤသို့သင်ခြင်း-ကျင့်ခြင်း အားထုတ်ခြင်းကို ပြုအပ်၏။

(၂) ဖိနပ်စီးသော မနာ မဖျားသောသူအား၊တရားကို မဟောအပ်။

(၃) ယာဉ်စီးသော မနာ မဖျားသောသူအား၊တရားကို မဟောအပ်။

(၄) အိပ်ရာ၌နေသော မနာမဖျားသောသူအား၊တရား ကို မဟောအပ်။

(၅) လက်အာယောဂပတ်၊ အဝတ်အာယောဂပတ် ဘွဲလျက်ထိုင်နေသော မနာ မဖျားသော သူအား၊ တရားကို မဟောအပ်။

(၆) ဦးရစ်ပေါင်းသော ဦးခေါင်းရှိသောမနာမဖျား သောသူအား၊ တရားကို မဟောအပ်။

(၇) ခြုံသော ဦးခေါင်း ရှိသော မနာ မဖျားသော သူအား၊ တရားကို မဟောအပ်။

(၈) မြေ၌နေ၍ နေရာ၌နေသော မနာ မဖျားသော သူအား၊တရားကို မဟောအပ်။

(၉) နိမ့်သောနေရာ၌နေ၍ မြင့်သောနေရာ၌ နေသော မနာ မဖျားသောသူအား၊ တရားကိုမဟောအပ်။

(၁၀) ရပ်သောငါသည်၊ ထိုင်သော မနာ မဖျားသော သူအား၊ တရားကို မဟောအပ်။

(၁၁) နောက်မှ သွားသော ငါသည်၊ ရှေ့မှ သွားသော မနာ မဖျားသောသူအား၊ တရားကို မဟောအပ်။

(၁၂) ခရီးမဟုတ်သဖြင့် သွားသော ငါသည်၊ ခရီးဖြင့် သွားသော မနာ မဖျားသော သူအား၊ တရားကို မဟောအပ်။

(၁၃) ရပ်လျက် ကျင်ကြီးကိုရင်း၊ ကျင်ငယ်ကိုရင်း မစွန့်အံ့။
(၁၄) စိမ်းသော မြက်သစ်ပင်ရှိရာအရပ်၌၊ကျင်ကြီးကိုရင်း၊ ကျင်ငယ်ကိုရင်း၊ တံတွေးကိုရင်း မစွန့်အံ့။
(၁၅) သုံးဆောင်ကောင်းသောရေ၌၊ ကျင်ကြီးကိုရင်း၊ ကျင်ငယ်ကိုရင်း၊တံတွေးကိုရင်း မစွန့်အံ့ ။ဤသို့ သင်ခြင်း-ကျင့်ခြင်း-အားထုတ်ခြင်းကို ပြုအပ်၏။

ပါဒုကဝဂ်ပြီး၏။

ဤသိက္ခာပုဒ်၌ အင်္ဂါ ၃–ပါးဖြစ်သကဲ့သို့၊ ခပ်သိမ်းသောသေခိယ သိက္ခာပုဒ်တို့၌၊ အနာဒရ-မရှိသေခြင်း၊ပြုခြင်း၊ အာပတ် မသင့်ခြင်း၏ အကြောင်းမရှိခြင်း။ အင်္ဂါ ၂-ပါး။

(ထိုထိုသိက္ခာပုဒ်၌ ဟောတော်မူအပ်သော သိက္ခာပုဒ်၏ ဆန့်ကျင် ဘက်ကိုပြုခြ်ားအားဖြင့်၊ အင်္ဂါ ၃–ပါးစီချည်းဖြစ်ကုန်၏)

**သေခိယသိက္ခာပုဒ်ပြီး၏။**

---

## သိက္ခာပုဒ်ကိုရေတွက်ပြခြင်း

ပါရာဇိက ၄–ပါး။ သံဃာဒိသိသ် ၁၃–ပါး။ အနိယတ ၂–ပါး။ နိဿဂ္ဂိပါစိတ် ၃၀-ပါး။ သုဒ္ဓပါစိတ် ၉၂–ပါး။ ပါဋိဒေသနီ ၄-ပါး။ သေခိယ ၇၅–ပါး။အဓိကရဏ သမထ ၇-ပါး။ အစုစုပေါင်း ၂၂၇-ပါး ဖြစ်၏။

# ဒေသနာကြားပုံပြချက်

## ရဟန်းငယ်က၊ဒေသနာကြားပုံ၊ရဟန်းကြီးကဒေသနာခံပုံ

ငယ်—အဟံဘန္တေ သဗ္ဗာပတ္တိယော အာရောစေမိ။
ကြီး—သာဓု-သာဓု။
ငယ်—အဟံဘန္တေ သမ္ဗဟုလာ နာနာ ဝတ္ထုကာ
သဗ္ဗာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ
ပဋိဒေသေမိ။
ကြီး—ပဿသိ အာဝုသော တာပတ္တိယော။
ငယ်—အာမ ဘန္တေ ပဿာမိ။
ကြီး—အာယတိံ အာဝုသော သံဝရေယျာသိ။
ငယ်—သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
ကြီး—သာဓု-သာဓု။

---

အနက်ကား

ငယ်—ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။
သဗ္ဗာပတ္တိယော၊ အလုံးစုံသော အာပတ်တို့ကို။
အာရောစေမိ၊ ကြားပါ၏။

ငယ်—ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။
သမ္ဗဟုလာ၊ များစွာကုန်သော။ နာနာဝဏ္ဏကာ၊
အထူးထူးသော ဝဏ္ဏရှိကုန်သော။ သဗ္ဗာပတ္တိ
ယော၊ အလုံးစုံသော အာပတ်တို့သို့။ အာပဇ္ဇိ၊
ရောက်ပြီ။ တာ၊ ထိုအလုံးစုံသောအာပတ်တို့ကို။
တုမှမူလေ၊ အရှင်ဘုရား၏အထံ၌။ ပဋိဒေသေမိ၊
ရှေ့ရှု ကြားပါ၏။

ငယ်—ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။
အာမပဿာမိ၊ ဪ-ရှုပါ၏။

ငယ်—ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါ၏။
သုဋ္ဌု၊ လွန်စွာ။ ဝါ၊ သာဓုသုဋ္ဌု၊ မြဲမြံစွာ။
သံဝရိဿာမိ၊ စောင့်ရှောက်ပါအံ့။

ကြီး—သာဓု, သာဓု၊ ကောင်း၏-ကောင်း၏။

ကြီး—အာဝုသော၊ ငါ့ရှင်။ တာပတ္တိယော၊ ထိုအာပတ်
တို့ကို။ ပဿသိ၊ ရှုလော့။

ကြီး—အာဝုသော၊ ငါ့ရှင်။ အာယတိံ၊ နောင်အခါ၌။
သံဝရေယျာသိ၊ စောင့်ရှောက်ပါလော့။

ကြီး—သာဓု,သာဓု၊ ကောင်း၏-ကောင်း၏။

ဒေသနာကြား၊ ဒေသနာခံ ပါဠိအနက် ပြီး၏။

## ရဟန်းကြီးကစ၍ ဒေသနာကြားပုံ၊ ရဟန်းငယ်အား ဒေသနာခံပုံ

ကြီး—အဟံ အာဝုသော သဗ္ဗာပတ္တိယော အာရောစေမိ။

ငယ်—သာဓု, သာဓု။

ကြီး—အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

ငယ်—ပဿထ ဘန္တေ တာ အာပတ္တိယော။

ကြီး—အာမ အာဝုသော ပဿာမိ။

ငယ်—အာယတိံ ဘန္တေ သံဝရေယျာထ။

ကြီး—သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။

ငယ်—သာဓု, သာဓု။

ငယ်က ပြန်ကြား—အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

ကြီး—ပဿသိ အာဝုသော တာ အာပတ္တိယော။

ငယ်—အာမ ဘန္တေ ပဿာမိ။

ကြီး—အာယတိံ အာဝုသော သံဝရေယျာသိ။

ငယ်––သာဝ သုမ္ဘ ဘင်္ဂေ သံဝရိသာမိ။

ကြီး––သာဝ,သာဝ။

ဒေသနာကြားပုံ ပြီး၏။

---

## မြန်မာပြန် ပုတီးစိတ် လေးပုဒ်

### ၁––သက်နှင်း၌ ဆင်ခြင်ရန်

ချမ်းအေးခြင်း ဘေးရန်ကို၊ ပယ်ဖျောက်ရုံ၄ါ သာလျှင်၊ ဤသင်္ကန်းကို၊ ဝတ်ရုံ သုံးဆောင်မှီဝဲပါ၏။ ။အပူကိုပယ်ဖျောက်ရုံ၄ါ သာလျှင် ဤသင်္ကန်းကို၊ ဝတ်ရုံ သုံးဆောင်မှီဝဲပါ၏။ ။မှက်, ခြင်, ယင်တို့၏ ကိုက်ခဲ နှိပ်စက်ခြင်းကို၊ ပယ်ဖျောက်ရုံ၄ါသာလျှင် ဤသင်္ကန်းကို ဝတ်ရုံ သုံးဆောင်မှီဝဲပါ၏။ ။နေပူတံလျှပ်တို့၏ အတွေ့အထိကို၊ပယ်ဖျောက်ရုံ၄ါသာလျှင်၊ဤသင်္ကန်းကို၊ဝတ်ရုံသုံးဆောင်မှီဝဲပါ၏။ ။အရှက်အကြောက်ကို ဖြစ်စေတတ်သော၊အင်္ဂါကြီးငယ်ကို၊ ဖုံးလွှမ်းခြင်း၄ါ သာလျှင်၊ဤသင်္ကန်းကို၊ ဝတ်ရုံ သုံးဆောင်မှီဝဲပါ၏။ လှပစေခြင်း, ယဉ်ကျေးစေခြင်းတို့ကို နှလုံးသွင်း၍၊ ဤသင်္ကန်းကို၊ မဝတ်ရုံ မသုံးဆောင် မမှီဝဲပါ။

## ၂–ဆွမ်း၌ ဆင်ခြင်ရန်

ရွာသူသားငယ်တို့ကဲ့သို့မြူးတူး ပျော်ပါးကစားခြင်းငှါ ဤဆွမ်းကိုမမှီဝဲပါ။ ။ထက်ဇွဲ လက်ပန်းသည်တို့ကဲ့သို့ အားဟူသော မာန်ရစ်ခြင်းငှါ ဤဆွမ်းကို မမှီဝဲပါ။ ။ နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အရေအဆင်း လှပ တင့်တယ်စေခြင်းငှါ ဤဆွမ်းကို မမှီဝဲပါ။ ။ကျွမ်းသမား ကခြေသည် တို့ကဲ့သို့ အသားအရေ ပြည့်ဖြိုး ခြင်း ငှါ ဤဆွမ်းကိုမမှီဝဲပါ။ ။ဤရူပကာယ၏ တည်ရုံငှါသာလျှင် မျှတရုံငှါသာလျှင်၊ပင်ပန်းခြင်း ငြိမ်းရုံငှါသာလျှင်၊သာသန ဗြဟ္မစရိယ–မဂ္ဂဗြဟ္မစရိယ နှစ်ပါးကို ချီးမြှောက် ရုံငှါ သာလျှင်၊ ဆွမ်းစသော အာဟာရကို မှီဝဲပါ၏။ ။ဤသို့ ဆွမ်းကို သုံးဆောင်မှီဝဲသဖြင့်၊အဟောင်းဖြစ်သော ဆင်းရဲ ဝေဒနာကို ပယ်ဖျောက်အံ့၊အသစ်ဖြစ်သော ဆင်းရဲဝေဒနာ ကိုလည်း မဖြစ်စေအံ့။ ။ငါ့အား မျှတခြင်း–အပြစ်မရှိခြင်း ချမ်းသာစွာ နေရခြင်းဖြစ်လတ္တံ့ ။ဤသို့နှလုံးပြု၍ ဆွမ်းအစ ရှိသော အာဟာရကို သုံးဆောင် မှီဝဲပါသတည်း။

---

## ၃–ကျောင်းအိပ်ရာနေရာ၌ ဆင်ခြင်ရန်

ချမ်းအေးခြင်းကို၊ ပယ်ဖျောက်ရုံငှါသာလျှင်၊ အပူကို ပယ်ဖျောက်ရုံငှါသာလျှင်၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေကင်းတို့၏ အတွေ့တို့ကို ပယ်ဖျောက်ရုံငှါ သာလျှင်၊

ဇိမ်ရာနေရာကျောင်းကို မှီဝဲပါ၏။ ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း၊ ကိန်းအောင်း နေထိုင်ပျော်ပါးခြင်း အကျိုးငှါ သာလျှင်၊ ဇိမ်ရာနေရာကျောင်းကို မှီဝဲပါသတည်း။

## ၄—ဆေး၌ ဆင်ခြင်ရန်

အနာ၏ဆန့်ကျင်ဘက်အသက်၏ အရံအကာ၊ တန်းဆာအဆောက်အဦဖြစ်သော ဆေးကိုမှီဝဲပါ၏။ ဖြစ်ပြီး, ဖြစ်ဆဲဖြစ်ကုန်သော၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲ ဝေဒနာတို့ကို ပယ်ဖျောက်ရုံငှါ သာလျှင်၊ အနာကြောင့်ဖြစ်သော ဆင်းရဲခြင်း၏မရှိခြင်းအကျိုးငှါသာလျှင် အနာ၏ ဆန့်ကျင်ဘက်၊ အသက်၏ အရံအကာ တန်းဆာအဆောက်အဦဖြစ်သော ဆေးကို မှီဝဲပါသတည်း။

## ဒုလ္လဘရဟန်းသစ်များ ဖွတ်သားဘွယ်

ဒုလ္လဘ ရဟန်းသစ်များသည် မိမိနေရင်း ကျောင်းမှတပါး၊ အခြား ကျောင်း အရံတွင်းသို့ မဝင်မီ မိမိစီးထားသောဘိနပ်ကို ချွတ်ခြင်း၊ ဆောင်းထားသောထီးကိုရုပ်ခြင်း၊ ဦးခေါင်း ခြုံကို ဖွင့်ခြင်း၊ ဦးခေါင်းပေါ်၌ တင် သော သင်္ကန်းကို ပခုံးသို့ ချခြင်းပြု၍ အရံအတွင်းသို့ ဝင်သွားရမည်။ မိမိဝင်သော ကျောင်း၌ မထေရ်ကြီးရှိရာ အရပ်သို့ သွား၍ ရိုသေစွာရှိခိုးရမည်။ ။ဘိနပ်စီးလျက်၊ ထီးဆောင်းလျက်၊ ဦးခေါင်းခြုံလျက်၊ဘယ်အခါမှ မဝင်ပါနှင့်၊မထေရ်

အနီးသို့ သွားလျှင် ဘိနပ်စီး မသွားပါနှင့်၊ အလွန် ရိုင်းရာ ကျ၍ ကဲ့ရဲ့ခြင်း ခံရဘတ်သည် သတိပြုပါလေ။

---

## ဆွမ်းစားသောအခါ ကျင့်ဝတ်

ရဟန်းသစ်များသည် လူဘဝက စားပုံ, နေပုံ, ထိုင်ပုံ မျိုးတို့ဖြစ်သော ဒူးနှစ်ဘက်ထောင်ခြင်း၊ ဒူးတဘက်ထောင်ခြင်းမျိုးတို့ကို ပြုလုပ်၍ ဘယ်အခါမျှ ဆွမ်းစားခြင်းမပြုဘဲ တင်ပြင်ခွေထိုင်၍ စားရမည်။ ဆွမ်းစားပုံ စည်းကမ်းကို သေခိယ သိက္ခာပုဒ် သက္ကစ္စဝဂ် ကဗဠဝဂ်၊ သုရုသုရုဝဂ် တို့တွင် ပါရှိသည်အတိုင်း ဆွမ်းစားရမည်။

---

## သင်္ကန်းအရောင်အဆင်း

ဇှက်ပျောမျှင်ဖြင့်ရင်း၊ ပြိတ်မျှင်ဖြင့်ရင်း၊ သင်ပန်းမျှင်ဖြင့်ရင်း၊ ပေမျှင်ဖြင့်ရင်း ယက်သောသင်္ကန်းကိုမရုံမဝတ်ရခြင်း၊ အလုံးစုံ ညိုသော သင်္ကန်းကို မရုံမဝတ်ရခြင်း၊ အလုံးစုံ ရွှေသော သင်္ကန်းကို မရုံမဝတ်ရခြင်း၊ အလုံးစုံ နီသော သင်္ကန်းကို မရုံမဝတ်ရခြင်း၊ အလုံးစုံဖြူသော သင်္ကန်းကို မရုံမဝတ်ရခြင်း၊ အလုံးစုံမောင်းသော သင်္ကန်းကို မရုံမဝတ် ရခြင်း၊ အလုံးစုံမည်းသော သင်္ကန်းကို မရုံမဝတ်ရခြင်း၊ (အပ်သော ဆိုးရည်ဖြင့် ဆိုးသော ပိန္နဲ သိုး သင်္ကန်းရောင်သည်၊ ဝတ်ရုံ ထိုက်၏။)

---

## ဒုလ္လဘ ရဟန်းသစ်များ

## ကျင်ကြီးအိမ်တက်ခြင်း ကျင့်ဝတ်

**အကြင်**ရဟန်းသည်၊ ကျင်ကြီးအိမ်သို့ သွားအံ့။ ထိုရဟန်းသည်၊ ကျင်ကြီးအိမ်ပြင်ပ၌ ရပ်၍ အတွင်း၌ လူရှိ၊ မရှိသိရန် ချောင်းဟန့်ရာ၏။ အတွင်း၌ ရှိသော ရဟန်းကလည်း ချောင်းပြန်ဟန့်ရမည်၊ ကုဋိသို့ မဝင်မီအပြင်၌ ရှိသော သင်္ကန်းတန်းဝါး၌ဖြင်း၊ ကြိုးတန်း၌ဖြင်း၊ အပေါ်ရုံ ဧကစ္စိသင်္ကန်းကိုချွတ်ခွါ၍ တင်ထားခဲ့ရမည်။ ကောင်းစွာ မသောမလျင် ကုဋိသို့ဝင်ရမည်။ အလွန် အဆောတလျင် မဝင်အပ်၊ ကျင်ကြီးအိမ် ခြေနင်း၌ရပ်သဖြင့် သင်းပိုင်ကို ပင့်ရမည်။ ညည်းတွားသဖြင့် ကျင်ကြီးကိုမစွန့်အပ်၊ ဒန်ပူကို ကိုက်ခဲသဖြင့် ကျင်ကြီးကို မစွန့်အပ်၊ ကျင်ကြီးတွင်း၏ အပြင်အပ၌ ကျင်ကြီးကို မစွန့်အပ်။ ကျင်ငယ်မြောင်း ပြင်ပ၌ ကျင်ငယ်မစွန့်အပ်၊ ကျင်ငယ်မြောင်း၌ တံတွေး မထွေးအပ်။ ကြမ်းတမ်းသော ကနုတ်ဖြင့် မသုတ်အပ်။ သုတ်ပြီးသော ကနုတ်ကို ကျင်ကြီးတွင်း၌မချအပ်၊ ကျင်ကြီးအိမ်ခြေနင်း၌ ရပ်လျက် သင်းပိုင်ကိုဖုံးလွှမ်းအပ်၏၊ အလွန် အဆောတလျင်မထွက်ရ၊ သင်းပိုင်ကို ပင့်၍ မထွက်ရ၊ သန့်သက်ရေ သုံးသပ်သော ခြေနင်း၌ ရပ်တည်သဖြင့် သင်းပိုင်ကိုပင့်ရာ၏။ စပ်စပ်-စပ်စပ် အသံကိုပြု၍၊ သန့်သက်ရေကိုမဆေးရာ။ သန့်သက်ခွက်၌ရေ ကြွင်းအကျန် မထားရ။ ကျင်ကြီးအိမ်သည် ကျင်ကြီး ပေလူးနေသည်

အကယ်၍ဖြစ်ငြားအံ့။ ရေဖြင့်ဆေးဆပ်၍၊ သုတ်ပြီးသော ကနုတ်ဆည့်ရာခြင်းသည်ပြည့်နေသည်ဖြစ်အံ့၊ ထိုအဟောင်း ကနုတ်ကို စွန့်အပ်၍။ သန့်သက်ရေအိုး၌၊ ရေမရှိလျှင် ရေထည့်ထောင်းခဲ့ရမည်။

ကုဋိ၌ ကျင့်ဝတ်ပြီး၏။

---

## သင်္ကန်းအဓိဋ္ဌာန်တင်နည်းဝိကပ္ပနာပြုနည်းအကျဉ်း

### သင်္ကန်း ၉-ထည်

(၁) သံဃာဋိ-ဒုကုဋ်သင်္ကန်း၊
(၂) ဥတ္တရာသင်္ဂေါ-ကိုယ်ဝတ်ဧကသီ သင်္ကန်း။
(၃) အန္တရဝါသကော-ခါးဝတ်သင်းပိုင်သင်္ကန်း။
(၄) ပစ္စတ္ထရဏံ-အိပ်ရာခင်း။
(၅) မုခပုဉ္ဆနစောဠံ-မျက်နှာသုတ်ပုဝါ။
(၆) ပရိက္ခာရစောဠံ-ပရိက္ခာရအဝတ်အမျိုးမျိုး။
(၇) နိသီဒနံ-နိသီဒိုင်သင်္ကန်း။
(၈) ဝဿိကသာဋိကံ-မိုးရေခံသင်္ကန်း။
(၉) ကဏ္ဍုပ္ပဋိစ္ဆာဒိ-အနာသွမ်းသင်္ကန်း။

(ဤသင်္ကန်း ၉-ထည်တို့တွင် အမှတ် ၇-၈-၉-သုံးသည်မှာ သုံးစွဲခြင်း မရှိတော့ပြီ။ ကျန်ခြောက်ထည်သာ ယခုရှိတော့သည်။ ထိုကြောင့် သုံးစွဲလျက်ရှိနေသော ခြောက်ထည်ကိုသာ အဓိဋ္ဌာန်တင်နည်းရေးသားမည်။)

### သင်းပိုင်အဓိဋ္ဌာန်တင်ပုံ

ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။ ။ဣမံ အန္တရဝါသကံ ဤခါးပတ်သင်းပိုင်ကို။ အဓိဋ္ဌာမိ၊အဓိဋ္ဌာန်တင်ပါ၏။

### ကိုယ်ခံတ်အဓိဋ္ဌာန်တင်ပုံ

ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။ ။ဣမံဥတ္တရာသင်္ဂံ၊ ဤကိုယ်ရုံသင်္ကန်းကို။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန် တင်ပါ၏။

### ဒုကုဋ် ၂-ထပ်သင်္ကန်းအဓိဋ္ဌာန်တင်ပုံ

ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။ ။ဣမံ သံဃာဋိံ၊ ဤဒုကုဋ်သင်္ကန်းကို။အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

ဤကား အနီးအဓိဋ္ဌာန် တင်ပုံတည်း။ နှစ်တောင်တထွာ အတွင်းဆိုလိုသည်။

### *နှစ်တောင်ထွာဖဲ့ ကျော်လွန်၍ လှမ်းသော သင်္ကန်းကို အဓိဋ္ဌာန်တင်ပုံ

#### သင်းပိုင်

ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ။ ။ဧတံအန္တရဝါသကံ၊ ထိုသင်းပိုင်ကို။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန် တင်ပါ၏။

#### ကိုယ်ရုံ

ဧတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။ ။ဧတံ ဥတ္တရာသင်္ဂံ၊ ထိုကိုယ်ရုံကို။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန် တင်ပါ၏။

## ဒုကုဋ်

ဧတံ သံဃာဋိံ အဓိဋ္ဌာမိ။ ။ဧတံ သံဃာဋိံ၊ ထိုဒုကုဋ်ကို။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

ဤကား၊ သင်္ကန်းသုံးထည်ကို မိမိအမည်ဖြင့် တိစီဝရိက် အဓိဋ္ဌာန်တင်နည်းဖြစ်၏။ တိစီဝရိက် အဓိဋ္ဌာန် တင်ပြီးသော သင်္ကန်းနှင့် ညဉ့်မကင်းရ၊ ညဉ့်ကင်းလျှင် ဝိနည်းဓိုရ်ထံမှာစွန့်ရမည်။

## စွန့်ပုံကား

ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဣဒံ စီဝရံ၊ ဤသင်္ကန်းသည်။ ဘိက္ခုသမ္မုတိယာ၊ ရဟန်းတို့၏ သမုတ်ခြင်းကို။ အညတြ၊ ထား၍။ ရတ္တိ ဝိပ္ပဝုတ္ထံ၊ ညဉ့်ကင်းအပ်သည်ဖြစ်၍။ နိဿဂ္ဂိယံ၊ စွန့်ထိုက် စွန့်သင့်၏။ အဟံ ဘုရားတပည့်တော်သည်၊ ဣမံ၊ ဤသင်္ကန်းကို။ အာယသ္မတော၊ အရှင်အား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။

## *သင်္ကန်းအများအတွက်စွန့်ပုံ

ဣမာနိ မေ ဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္ထာနိ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့သည်။ ဘိက္ခုသမ္မုတိယာ၊ ရဟန်း

တို့၏ သမုတ်ခြင်းကို။ အညတြ ထား၍။ ရတ္တိဝိပ္ပဝုတ္ထာနိ၊ ညဉ့် ကင်းအပ်ကုန်သည်ဖြစ်၍၊ နိဿဂ္ဂိယာနိ၊ စွန့်ထိုက် စွန့်သင့်ကုန်၏။ အဟံ၊ ဘုရားတပည့်တော်သည်။ ဣမာနိ၊ ဤသင်္ကန်းတို့ကို။ အာယသ္မတော၊ အရှင်ဘုရား အား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။

## *နှစ်တောင်ထွာမာဤပါသိမှထွန်သော အဝေးသင်္ကန်းကိုစွန့်ပုံ

ဧတံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဧတာဟံ အာယသ္မတော နိဿဇ္ဇာမိ။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဧတံ စီဝရံ ၊ထိုသင်္ကန်းသည်။ ဘိက္ခုသမ္မုတိယာ၊ ရဟန်းတို့၏ သမုတ်ခြင်းကို။ အညတြ၊ ထား၍။ ရတ္တိဝိပ္ပဝုတ္ထံ၊ ညဉ့်ကင်း အပ်ကုန်သည်ဖြစ်၍။ နိဿဂ္ဂိယံ၊ စွန့်သင့်စွန့်ထိုက် ကုန်၏။ အဟံ၊ ဘုရား တပည့်တော်သည်။ ဧတံ၊ ထိုသင်္ကန်းကို။ အာယသ္မတော၊ အရှင်ဘုရားအား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။

## *သင်္ကန်းအများဖြစ်လျှင်စွန့်ပုံ

ဧတာနိ မေ ဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္ထာနိ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဧတာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ ဘုရားတပည့်တော်၏။ ဧတာနိ စီဝရာနိ၊ ထိုသင်္ကန်းတို့သည်။ ဘိက္ခုသမ္မုတိယာ၊ ရဟန်း

ထို့၏ သမုတ်ခြင်းကို။ အညတြ' ထား၍၊ ရတ္တိဝိပ္ပဝုတ္တာနံ၊ ညဉ့်ကင်းအပ်ကုန်သည် ဖြစ်၍၊ နိဿယဂ္ဂါဟာနံ၊ စွန့် သင့် စွန့်လိုက်ကုန်၏။အဟံ၊ ထုရားတပည့်တော် သည်။ ဧတာနိ၊ ထိုသက်န်းတို့ကို။ အာယသ္မတော၊ အ ရှင် ဘု ရား အား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏။

ဤသို့ အနီး,အဝေး၊အနည်း,အများ အားလျော်စွာဆို၍ သိနားလည်သောဝိနည်းရှိ၏ပုဂ္ဂိုလ်ထံမှာစွန့်ပြီးမှဒေသနာ ကြားအပ်၏။ ဝိနည်းရှိ၏ထံက ပြန်ပေး၍ ရသောအခါ အဓိဋ္ဌာန် တဘန်မတင်ရတော့ပြီ။

တိစီဝရိက်အဓိဋ္ဌာန်တင်နည်းပြီး၏။

---

## ဒေိပ်ရာခင်း အဓိဋ္ဌာန်တင်မှု

ဣမံ ပစ္စတ္ထရဏံ အဓိဋ္ဌာမိ။ ။ဣမံ ပစ္စတ္ထရဏံ၊ ဤ ဒေိပ်ရာခင်းကို။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

## ဒေိပ်ရာခင်း အများ အဓိဋ္ဌာန်တင်မှု

ဣမာနိ ပစ္စတ္ထရဏာနိ အဓိဋ္ဌာမိ၊ ။ဣမာနိ ပစ္စတ္ထရဏာနိ၊ ဤဒေိပ်ရာခင်းတို့ကို။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

## *အဝေးဒေိပ်ရာခင်းကို အဓိဋ္ဌာန်တင်မှု

ဧတံ ပစ္စတ္ထရဏံ အဓိဋ္ဌာမိ။ ။ဧတံ ပစ္စတ္ထရဏံ၊ ထိုဒေိပ်ရာခင်းကို။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

### *အဝေးအိပ်ရာခင်းအများကို အဓိဋ္ဌာန်တင်ပုံ

တာနိ ပစ္စတ္ထရဏာနိ အဓိဋ္ဌာမိ။ ။တာနိ ပစ္စတ္ထရဏာနိ၊ ထိုအိပ်ရာခင်းတို့ကို၊ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

အိပ်ရာခင်းအနည်းအများ အဝေး၊အနီး
အဓိဋ္ဌာန်တင်ပုံ ပြီး၏။

---

### မျက်နှာသုတ်ပုဝါ အဓိဋ္ဌာန်တင်ပုံ

ဣမံ မုခပုဉ္ဆနစောဠံ အဓိဋ္ဌာမိ။ ။ဣမံ မုခပုဉ္ဆနစောဠံ၊ ဤမျက်နှာသုတ်ပုဝါကို၊ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

### မျက်နှာသုတ်ပုဝါအများ အဓိဋ္ဌာန်တင်ပုံ

ဣမာနိ မုခပုဉ္ဆနစောဠာနိ အဓိဋ္ဌာမိ။ ။ဣမာနိ မုခပုဉ္ဆနစောဠာနိ၊ ဤမျက်နှာသုတ်ပုဝါတို့ကို၊ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

### *အဝေးရှိ မျက်နှာသုတ်ပုဝါ အဓိဋ္ဌာန်တင်ပုံ

တံ မုခပုဉ္ဆနစောဠံ အဓိဋ္ဌာမိ။ ။တံ မုခပုဉ္ဆနစောဠံ၊ ထိုမျက်နှာသုတ်ပုဝါကို၊ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

### *အဝေးရှိမျက်နှာသုတ်ပုဝါအများကို အဓိဋ္ဌာန်တင်ပုံ

တာနိ မုခပုဉ္ဆနစောဠာနိ အဓိဋ္ဌာမိ။ ။တာနိ မုခပုဉ္ဆနစောဠာနိ၊ ထိုမျက်နှာသုတ်ပုဝါတို့ကို၊ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

မျက်နှာသုတ်ပုဝါ အဓိဋ္ဌာန်တင်ပုံ ပြီး၏။

## ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပုံ

ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။ ။ဣမံ စီဝရံ၊ ဤသင်္ကန်းကို။ပရိက္ခာရစောဠံ၊ပရိက္ခာရ အဝတ်ပုဆိုးဟူ၍။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

## အများအဓိဋ္ဌာန်တင်ပုံ

ဣမာနိစီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။ ။ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့ကို။ ပရိက္ခာရစောဠာနိ၊ ပရိက္ခာရ အဝတ်ပုဆိုးတို့ဟူ၍။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

## *အဝေး၌ရှိသော သင်္ကန်းအဓိဋ္ဌာန်တင်ပုံ

ဧတံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။ ။ဧတံ စီဝရံ၊ ထိုသင်္ကန်းကို။ ပရိက္ခာရစောဠံ၊ ပရိက္ခာရ အဝတ်ပုဆိုးဟူ၍။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

## *အဝေးရှိသော သင်္ကန်းအများ အဓိဋ္ဌာန်တင်ပုံ

ဧတာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။ ။ဧတာနိ စီဝရာနိ၊ ထိုသင်္ကန်းတို့ကို။ ပရိက္ခာရစောဠာနိ၊ ပရိက္ခာရ အဝတ် ပုဆိုးတို့ ဟူ၍။ အဓိဋ္ဌာမိ၊ အဓိဋ္ဌာန်တင်ပါ၏။

ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပုံ ပြီး၏။

ဤ ပရိက္ခာရစောဠ အဓိဋ္ဌာန်ကို မိမိသက် အတောင် အထွာဖြင့် အလျား တ တောင် ထွာ အနံတထွာခွဲ ရှိ၍၊ ဝိကပ္ပနာလောက်သော သပိတ်အိတ်, ဘိနပ်အိတ်, သင်္ကန်း ထိုင်ပုဝါ, လက်သုတ်ပုဝါစသော ပရိက္ခာရ အဝတ်ပုဆိုး အမျိုးမျိုးကို တင်အပ်၏။ ထိုမှတပါး သင်္ကန်း ကိုးထည်လုံး ကိုပင် ပရိက္ခာရစောဠတင်၍ သုံးဆောင်လိုမူကား တင်အပ် သုံးဆောင်အပ်၏။

ဤကား သင်္ကန်းအဓိဋ္ဌာန် တင်ပုံအကျဉ်း ပြီး၏။

ဒုလ္လဘရဟန်း မြန်မာပြန် ဝိနည်းကျမ်း

ပြီး၏။